# လူမှုသိပ္ပံဘာသာရပ်မိတ်ဆက်

## ဆရာလမ်းညွှန်











အရွယ်ရောက်သူပညာရေးစာစဉ် လူမှုရေးသိပ္ပံ

# လူမှုရေးသိပ္ပံဘာသာရပ်များမိတ်ဆက်

ဤသင်ခန်းစာသည်ကျောင်းသူ၊ ကျောင်းသားများအား *လူမှုရေးသိပ္ပံဘာသာရပ်များမိတ်ဆက်သင်ရိုးညွှန်းတမ်း*၏ အဓိကဘာသာရပ်များဖြစ်သော ဖွံ့ဖြိုးတိုးတက်မှု၊ သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒနှင့်နိုင်ငံရေးဘာသာရပ်များနှင့် မိတ်ဆက်ပေးသည်။ မိတ်ဆက်သင်ခန်းစာဖြစ်သည့်အလျောက် ကျောင်းသူ၊ ကျောင်းသားများသည် ဤသင်ခန်းစာတွင်ပါဝင်သည့်ဘာသာရပ်များအား နက်နက်နဲနဲလေ့လာရလိမ့်မည်မဟုတ်ပေ။ ဤသင်ခန်းစာသည် ဘာသာရပ်များကိုဆက်လက်၍လေ့လာသင်ယူနိုင်ရန် ကျောင်းသူ၊ ကျောင်းသားများလိုအပ်သော အခြေခံနည်းလမ်းများ၊ ကျွမ်းမှုများနှင့်အယူအဆအတွေးအခေါ်များအပေါ်တွင်သာအလေးပြုထားသည်။

ဤသင်ခန်းစာတွင်အောက်ပါအင်္ဂါရပ်များပါဝင်သည်။

– သင်ခန်းစာတွင်ပါဝင်သော လေ့ကျင့်ခန်းများ၏အဖြေများပါဝင်သော **ဆရာ့လမ်းညွှန်**ဖြစ်၍ ဤလမ်းညွှန်ကို အတွေ့အကြုံအဆင့်အမျိုးမျိုးရှိသောဆရာ၊ ဆရာမများ နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုနိုင်ပါသည်။ ကျောင်းသူ၊ ကျောင်းသားများ၏ အဆင့်အတန်းနှင့်ရရှိသော အချိန်အတိုင်း အတာပေါ်တွင်မူတည်၍ လေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် မတူကွဲပြားသော ရွေးစရာနည်းလမ်းများကိုလည်း ဤမော်ဂျူး (Module)တွင် အကြံပြုထားပါသည်။

– သင်ခန်းစာတွင်သင်ကြားပို့ချသော သဘောတရားများနှင့်လေ့ကျင့်မှုများအပေါ်ကျောင်းသူ၊ ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကိုဆန်းစစ်သော စာမေးပွဲများနှင့် အဖြေများကိုလည်း ဤဆရာလမ်းညွှန်၏ နောက်ဘက်စာမျက်နှာများတွင် ထည့်သွင်းပေးထားသည်။

– **skills boxes** များသည် လေ့ကျင့်ခန်းခေါင်းစဉ်များ၏ နံဘေးတွင်ရှိသောအထူးအညွှန်းများဖြစ်၍ လေ့ကျင့်ခန်းတစ်ခုချင်းစီ၏ပစ်မှတ်ဖြစ်သော *ဝေဖန်ဆန်းစစ်ခြင်း လေ့ကျင့်မှုနှင့်သတင်းအချက်အလက်များ အစီအစဉ်တကျ ရွေးချယ်စီစစ်အသုံးပြုခြင်း လေ့ကျင့်မှု*များ၏ အကျဉ်းချုပ်ဖော်ပြခြင်းဖြစ်သည်။

**အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေမှု**

**ဤသင်ရိုးညွှန်းတမ်းအား အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေခဲ့ပြီး intermediate level English ဖြင့်ရေးသားထားသည်။ ဤသင်ရိုးတွင်ပါဝင်သောအချို့သောသဘောတရားအတွေးအခေါ်များကို သာမန်ရိုးရိုးအင်္ဂလိပ်စာစကားဖြင့်ရှင်းပြရန်ခက်ခဲလိမ့်မည်။ အများစုသောစာပိုဒ်များ၊ အယူအဆအတွေးအခေါ်များနှင့်လေ့ကျင့်ခန်းများကိုကျောင်းသားသုံးဘာသာစကားသို့ပြန်ဆိုရန်လိုအပ်ကောင်းလိုအပ်လိမ့်မည်။**

# လူမှုရေးသိပ္ပံဘာသာရပ်များမှာမည်သည်တို့နည်း။

လူမှုရေးသိပ္ပံဘာသာရပ်များမှာမည်သည်တို့ဟုကျောင်းသူ၊ ကျောင်းသားများထင်မြင်ယူဆကြသနည်း။ 'လူမှုရေးသိပ္ပံဘာသာရပ်များ' ဆိုသောဝေါဟာရသည် အလွန်ယေဘုယျဆန်သည်။ ထိုဘာသာရပ်သည် *လူ့အဖွဲ့အစည်း*နှင့်ပတ်သက်ဆက်နွယ်သော ဘာသာရပ်များအားလုံးကိုပေါင်းရုံးထားသည့် 'စုပေါင်းဘာသာရပ်' တစ်ခုဖြစ်သည်။ မိတ်ဆက်နိဒါန်းကိုဖတ်ပါ။

**ဖြည့်စွက်လေ့ကျင့်ခန်း**

'လူမှုရေးသိပ္ပံဘာသာရပ်များ' တွင်မည်သည့်ဘာသာရပ်များအကြောင်းကိုလေ့လာရမည်နှင့်ပတ်သက်၍ ကျောင်းသူ၊ ကျောင်းသားများ၏အမြင်ကိုမေးမြန်းပါ။

**ဖြစ်နိုင်ခြေအဖြေများ။** ။ သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒ၊ နိုင်ငံရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဘာသာရေး၊ သဘာဝပတ်ဝန်းကျင်၊ လိင်၊ လူ့အသိုင်းအဝိုင်း၊ မနုဿဗေဒ စသည်ဖြင့်၊ စိတ်ပညာနှင့်ဒဿနိကဗေဒများကိုလည်းလူမှုရေးသိပ္ပံဘာသာရပ်များအဖြစ်အချို့ကယုံကြည်ကြသည်။

**လေ့ကျင့်ခန်း**

**အဖြေများ –**

| | |
|---|---|
| **သမိုင်း** | – လူသားတို့ပြုလုပ်ခဲ့သမျှအရာခပ်သိမ်းနှင့်ထိုအရာများ၏ဖြစ်စဉ်ကိုလေ့လာခြင်း။ |
| **ပထဝီဝင်** | – ကမ္ဘာ့ကုန်းမြေ၊ ရေထုနှင့်လေထု။ အပင်များနှင့်သတ္တဝါများမည်သည့်နေရာတွင်မည်ကဲ့သို့ပေါက်ရောက်ရှင်သန်ပုံ၊ နေထိုင်ပုံနှင့် လူများ၄င်းတို့အားလုံးနှင့်မည်ကဲ့သို့အပြန်အလှန်ဆက်စပ်အကျိုးပြုပုံတို့ကိုလေ့လာခြင်း။ |
| **ဘောဂဗေဒ** | – ကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်ကဲ့သို့ထုတ်လုပ်ပုံ၊ မည်ကဲ့သို့ဖြန့်ဝေပုံ နှင့် အသုံးပြုပုံ တို့ကိုလေ့လာခြင်း။ |
| **နိုင်ငံရေး** | – ဒေသအဆင့်၊ နိုင်ငံနှင့်နိုင်ငံတကာအဆင့်တွင် နိုင်ငံရေးအာဏာဆက်နွယ်ပုံများ မည်ကဲ့သို့အလုပ်လုပ်ပုံကိုလေ့လာခြင်း။ |
| **ဖွံ့ဖြိုးတိုးတက်မှု** | – နိုင်ငံများ၊ လူ့အဖွဲ့အစည်းများထဲရှိ တိုးတက်မှုများနှင့် ပြောင်းလဲမှုများကို လေ့လာခြင်း |

**လေ့ကျင့်ခန်း**

**အဖြေများ –**

| | |
|---|---|
| **သဘာဝပတ်ဝန်းကျင်** | – သဘာဝကိုလေ့လာခြင်း။ လူများမည်ကဲ့သို့သဘာဝနှင့်အပြန်အလှန် အကျိုးပြုနေထိုင်သည်၊ လူများမည်ကဲ့သို့သဘာဝကိုလွှမ်းမိုးသည်နှင့် မည်ကဲ့သို့ သဘာဝက လူကိုပြန်၍လွှမ်းမိုးသည်တို့ကို လေ့လာခြင်း၊ |
| **လူမှုရေးဘာသာရပ်** | –လူ့အဖွဲ့အစည်းကိုလေ့လာခြင်း။ လူများ မည်ကဲ့သို့အုပ်စုဖွဲ့၍ အတူတကွနေထိုင်ကြသည်၊ မည်ကဲ့သို့ အပြန်အလှန်ပြုမူဆက်ဆံကြသည်၊ မည်သည့်ဥပဒေကို သူတို့လိုက်နာကျင့်သုံးကြသည်ကို လေ့လာခြင်း။ |
| **လူအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်မှု** | – သင့်အသိုင်းအဝိုင်းနှင့်အသိုင်းအဝိုင်းထဲရှိ လူများအကျိုး ဖြစ်ထွန်းစေမည့် စီမံကိန်းများရေးဆွဲအကောင်အထည် ဖော်ခြင်း။ |

# အခန်း(၁) ပွံ့ဖြိုးတိုးတက်မှု

ဤအခန်းတွင်ပွံ့ဖြိုးတိုးတက်မှုကိုလေ့လာသည် – ပွံ့ဖြိုးတိုးတက်မှုသည်အဘယ်နည်း၊ ပွံ့ဖြိုးတိုးတက်မှုသည်မည်သည်တို့ကို ဖြစ်ပေါ်စေသနည်း၊ လူတို့၏ဘဝများအပေါ် ပွံ့ဖြိုးတိုးတက်မှုသည်မည်ကဲ့သို့ အကျိုးသက်ရောက်မှုစသည်ဖြင့်ဖြစ်သည်။ ပွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်သောဝေါဟာရများ – အချို့သောအဓိကဝေါဟာရများနှင့်စကားစုများ၊ ပွံ့ဖြိုးတိုးတက်မှုပြည့်ွန်ကိန်းများ(ပွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာသောနည်းလမ်းများ)ကိုလည်းဤအခန်းတွင်အလေးပြုဖော်ပြထားသည်။ ပွံ့ဖြိုးတိုးတက်မှုသည်မည်ကဲ့သို့ကျောင်းသူ၊ ကျောင်းသားတို့၏ဘဝများ၊ အသိုင်းအဝိုင်းများနှင့်နေထိုင်ရာ နယ်မြေဒေသတို့အပေါ် သက်ရောက်မှုရှိသည်တို့ကို စဉ်းစားတွေးခေါ်ရန် အားပေးသောအလေးအနက်တွေးတောရသော လေ့ကျင့်ခန်းများလည်းပါဝင်သည်။

# ၁/၁။ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာအဘယ်နည်း။

**ဆွေးနွေးခြင်း** ကျောင်းသူ၊ ကျောင်းသားများအား လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က သူတို့၏လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းထဲရှိလူတို့၏ဘဝစဉ်းစားစေမည်။ ကျောင်းသူ၊ ကျောင်းသားတစ်ဦးချင်းစီကို မေးခွန်းတစ်ခုစီစဉ်းစားစေ၍ မေးခွန်းများကိုဆွေးနွေးပါ။ သင့်အနေဖြင့်မေးခွန်းများကိုသင်ပုန်းကြီးတွင်ရေးသားနိုင်သည်။ ထိုနောက်အဖြေအချို့ကိုမေးခွန်းများ၏ဘေးတွင်ရေးသားပါ။ ကျောင်းသူ၊ ကျောင်းသားများအားထိုထွင်းဖန်တီးစဉ်းစားရန်အားပေးပါ။ သူတို့အဘိုးအဘွားတို့၏ဘဝနေပုံထိုင်ပုံများမည်ကဲ့သို့ဖြစ်သည်ကို ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်အတိအကျသိရန်မလိုအပ်ပေ။ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် သူတို့၏အဘိုးအဘွားအရွယ်တူအခြားလူများသူတို့၏ယဉ်ကျေးမှုတွင် မည်ကဲ့သို့နေထိုင်ခဲ့သည်ကို စိတ်ကူးယဉ်တွေးတောရန် သို့မဟုတ် စဉ်းစားကြည့်ရန်သာဖြစ်သည်။

ထိုနောက်၎င်းတစ်ကြိမ်တွင်ကျောင်းသူ၊ ကျောင်းသားတို့၏အဖြေများကိုသူတို့၏ယခုလက်ရှိဘဝအနေအထားနှင့်နှိုင်းယှဉ်ကြည့်ခိုင်းစေမည်။ အောက်တွင်ဥပမာပေးထားသကဲ့သို့ သင်ပုန်းကြီးပေါ်တွင်ဇယားရေးဆွဲ၍ အချက်အလက် အဖြေများကိုဇယားတွင်ထည့်သွင်းရေးသားနိုင်သည်။ အဖြေမှန်၊ အဖြေမှားဟူ၍မရှိပေ။ ၎င်းလေ့ကျင့်ခန်း၏အဓိကရည်ရွယ်ချက်မှာ တိကျသောပြောင်းလဲမှုများကိုရှာဖွေဖော်ထုတ်သိရှိရန်အတွက် အတိတ်နှင့်လက်ရှိအခြေအနေကိုနှိုင်းယှဉ်စဉ်းစားရန်အတွက် ကျောင်းသူ၊ ကျောင်းသားများအား တိုက်တွန်းအားပေးရန်ဖြစ်သည်။

ဥပမာ –

| | အဘိုးအဘွား | သင် |
|---|---|---|
| **နေ့စဉ်နေ့တိုင်း** | လယ်ကွက်ကလေးတွင်အလုပ်လုပ်သည် | ဆိုင်တစ်ဆိုင်တွင်အလုပ်လုပ်၍ညနေဘက်တွင်ကျောင်းစာကိုလေ့လာသည် |
| **အဝတ်အထည်** | လုံချည်နှင့်ရက်လုပ်ထားသောအပေါ်ထည် | တခါတရံလုံချည်၊ တခါတရံဂျင်းနှင့်တီရှပ်အင်္ကျီ |
| **အစားအစာ** | လယ်မှထွက်သောဆန်နှင့်ဟင်းသီးဟင်းရွက် | ဆန်နှင့်ဆိုင်မှဝယ်ယူထားသောဟင်း |
| **အလုပ်** | လယ်ထဲတွင် | ဆိုင်တစ်ဆိုင်ဆိုင်တွင် |
| **အနားယူချိန်** | အလာပသလာပပြောသည်၊ ပုံပြောသည်၊ သီချင်းဆိုသည် | သီချင်းနားထောင်သည်၊ အင်္ဂလိပ်စာလေ့လာသည် |
| **အိမ်** | ဝါးဖြင့်ဆောက်လုပ်သည် | ကွန်ကရစ်တိုက်ခန်းငယ် |
| **နိုင်ငံ** | ဒုတိယကမ္ဘာစစ်အချိန်၊ လွတ်လပ်ရေးအတွက်အားထုတ်ကြိုးပမ်းနေချိန် | |

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**

ကျောင်းသူ၊ ကျောင်းသားများ လေးယောက်သို့မဟုတ် ငါးယောက်အုပ်စုများခွဲ၍ စုပေါင်းဆောင်ရွက်စေပါ။ ပြောင်းလဲမှုများအား ပြုစုထားသောစာရင်းကို ကျောင်းသူ၊ ကျောင်းသားများကြည့်ရှုပြီးနောက် ပြောင်းလဲမှုတစ်ခုတိုင်းသည် လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းအတွက်ကောင်းသည်၊ ဆိုးသည်သို့မဟုတ်ကောင်းသောအချက်များလည်းရှိသကဲ့သို့ ဆိုးသောအချက်များလည်းရှိသည် စသည်ဖြင့် ကျောင်းသူ၊ ကျောင်းသားများအားဆုံးဖြတ်စေပါ။ အုပ်စုတစ်ခု၏အဖြေများကို အခြားအုပ်စုအများစုမှလက်ခံပါသလား၊ သို့မဟုတ် အခြားအုပ်စုများတွင်ကွဲပြားသောအမြင်များရှိပါသလား စသည်တို့ကိုလည်းဆွေးနွေးပါ။

**ဖြည့်စွက်လေ့ကျင့်ခန်း**

အုပ်စုတစ်စုချင်းထဲတွင်သူတို့၏အဘိုးအဘွားများငယ်စဉ်ကတည်းကယခုအချိန်အထိကြီးမားသောပြောင်းလဲမှုတစ်ခုကိုရွေးချယ်ခိုင်းပါ။ ၎င်းနောက် ၎င်းပြောင်းလဲမှု၏ကောင်းသောအချက်များနှင့် ဆိုးသောအချက်များကိုစဉ်းစား၍စာရင်းပြုစုစေမည်။ ၎င်းစာရင်းအားအတန်းထဲတွင်ကျောင်းသူ၊ ကျောင်းသားများမှရှင်းလင်းတင်ပြရမည်။ ရှင်းလင်းတင်ပြစဉ်တွင်တစ်ခုချင်းစီမှအဖွဲ့ဝင်အားလုံးပါဝင်နိုင်စေရန်ပြုလုပ်ပါ။

**ဆွေးနွေးခြင်း** ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်သူတို့၏လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းထဲတွင်ဖြစ်ပေါ်စေလိုသော ပြောင်းလဲတိုးတက်မှုများစာရင်းကိုဝိုင်းဝန်းစုပေါင်း၍ပြုစုပါစေ။ **(brainstorm)**

၎င်းနောက် ထိုပြောင်းလဲတိုးတက်မှုများကို လူမှုရေးပြောင်းလဲမှု သို့မဟုတ် စီးပွားရေးပြောင်းလဲမှုများဖြစ်သည် ဟူ၍ ဆုံးဖြတ်စေပါ။

**ဥပမာ** – မိသားစုတိုင်းစပါးထွန်ယက်စိုက်ပျိုးရန်လယ်ယာမြေတစ်ခုပိုင်ဆိုင်သင့်သည် **(စီးပွားရေး)**

ခေါင်းဆောင်မှုအခန်းကဏ္ဍတွင်အမျိုးသမီးများပိုမိုပါဝင်သင့်၊လူတိုင်းအတွက်အခမဲ့ပညာရေး **(လူမှုရေး)**

## အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း

ဤလေ့ကျင့်ခန်းတွင်အဆင့်လေးဆင့်ရှိသည်။ ရည်ရွယ်ချက်မှာ ကျောင်းသူ၊ ကျောင်းသားများအားတစ်ဦးနှင့်တစ်ဦး မည်ကဲ့သို့စေ့စပ်ဆွေးနွေးရမည်ကိုပြသရန်ဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများကိုယ်တိုင် သူတို့၏ကိုယ်ပိုင်အမြင်များနှင့်စတင်၍ လေ့ကျင့်ခန်းပြုလုပ်နေစဉ်ကာလအတွင်း သူတို့တစ်ဦးစီ၏အမြင်များကိုအခြားအတန်းဖော်ကျောင်းသူ၊ ကျောင်းသားများနှင့်အမြင်များနှင့် နှိုင်းယှဉ်စေမည်။ အရေးပါသောအချက်အလက်များကို ရွေးချယ်ရန်နှင့်ဦးစားပေးရန်များကိုသင်ကြားတတ်မြောက်လာလိမ့်မည်။

၁။ ကျောင်းသူ၊ ကျောင်းသားများနှစ်ယောက်တစ်တွဲစီတွဲ၍လုပ်ဆောင်စေမည်။ တစ်တွဲစီသည်အရေးပါဆုံးသော ပြောင်းလဲတိုးတက်မှုငါးခုကိုရွေးချယ်ဆုံးဖြတ်ရန်ဖြစ်သည်။

၂။ နောက်တစ်တွဲစီသည် အခြားတစ်တွဲနှင့်ပူးပေါင်း၍ ဤလေးယောက်တစ်တွဲစီသည် သူတို့၏အရေးပါဆုံးသော ပြောင်းလဲတိုးတက်မှုငါးခုကို ရွေးချယ်ဆုံးဖြတ်ရန်ဖြစ်သည်။

၃။ ထို့နောက် လေးယောက်တစ်အုပ်စုစီသည် အခြားလေးယောက်တစ်အုပ်စုနှင့်ပူးပေါင်း၍ ထိုရှစ်ယောက်တစ်အုပ်စုစီသည် ၎င်းတို့၏အရေးဆုံးပါသောပြောင်းလဲတိုးတက်မှုငါးခုအားရွေးချယ်ဆုံးဖြတ်ရန်ဖြစ်သည်။

၄။ ယခုအကြိမ်တွင် အတန်းတစ်ခုလုံးတွင် အရေးပါဆုံးသောပြောင်းလဲတိုးတက်မှုငါးခုကိုဆုံးဖြတ်ရန်ဖြစ်သည်။ ဤပြောင်းလဲတိုးတက်မှုများသည် အများအားဖြင့် လူမှုရေးပြောင်းလဲတိုးတက်မှုများသို့မဟုတ်စီးပွားရေးပြောင်းလဲ တိုးတက်မှုများဖြစ်ပါသလား။

## အကြောင်းအရာလေ့လာခြင်း

ဤအကြောင်းအရာလေ့လာခြင်းသည် အီသီယိုးပီးယားတွင်ဖြစ်ပျက်ခဲ့သောအကြောင်းအရာဖြစ်သည်။ သို့ရာတွင် အလားတူအဖြစ်အပျက်များသည် တစ်ကမ္ဘာလုံးတွင်ဖြစ်ပျက်နေသည် – နိုင်ငံမျိုးစုံတွင်အခြေစိုက်သော စိုက်ပျိုးရေးကုမ္ပဏီကြီးများသည် တောင်သူလယ်သမားများအား အထွက်နှုန်းပိုကောင်းသော မျိုးစေ့အသစ်များ ကိုဝယ်ယူရန်တိုက်တွန်းသည်။ သို့သော်ထိုမျိုးစေ့များမှာသန်မာခြင်းမရှိပေ။ ထို့အပြင် မျိုးပွားခြင်းလည်းမရှိပေ။ သို့ရာတွင် ထိုကုမ္ပဏီများအတွက် အကျိုးကျေးဇူးရှိသည်မှာ တောင်သူလယ်သမားများသည် လွန်ခဲ့သောနှစ်များမှစိုက်ပျိုးထားသော သီးနှံများမှမျိုးစေ့များကို အသုံးပြု၍မရသည့်အတွက် မျိုးစေ့သစ်များကို နှစ်စဉ်ဝယ်ယူနေရခြင်းဖြစ်သည်။

**လေ့ကျင့်ခန်း** ကျောင်းသူ၊ ကျောင်းသားများအား စာမျက်နှာ(၈၀)ရှိ ကမ္ဘာ့မြေပုံပေါ်တွင်အီသီယိုးပီးယားနိုင်ငံကို ရှာဖွေစေပါ။ (အာဖရိကအရှေ့ပိုင်းတွင်တည်ရှိသည်)။ ကျောင်းသူ၊ ကျောင်းသားများကိုယ်တိုင် စာပိုဒ်အားဖတ်ကြာ ၍ သူတို့နားမလည်သည်များကိုရှင်းလင်းပြောကြားပါ။ ကျောင်းသူ၊ ကျောင်းသားများမေးခွန်းများကိုဖြေဆိုပါစေ။

**အဖြေများ –**

၁။ ပြောင်းလဲမှုသည် တောင်သူလယ်သမားများ မျိုးစေ့သစ်များကိုအသုံးပြုခြင်းဖြစ်သည်။

၂။ စီးပွားရေး။ တောင်သူလယ်သမားများသည်သီးနှံအတွက်တိုးလိုသည့်အတွက်အချိန်တိုအတွင်းသီးနှံ အထွက်နှုန်းကောင်းသောထိုမျိုးစေ့သစ်များကိုဝယ်ယူကြသည်။

အဓိကအားဖြင့် ဤပြောင်းလဲမှုသည် စီးပွားရေးပြောင်းလဲမှုဖြစ်သော်လည်း မျိုးစေ့များသိုလှောင်ခြင်းသည် တောင်သူလယ်သမားများ၏ ရိုးရာအစဉ်အလာဖြစ်သည့်အလျောက် လူမှုရေးပြောင်းလဲမှုကိုလည်း ဖြစ်ပွားစေ သည်ကို သင့်အနေဖြင့်ထုတ်ဖော်ရှင်းပြသင့်သည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

ပထမဦးစွာ ဤပြောင်းလဲမှုအနေအထားသည် မည်သည့်ပြဿနာများကို ဖြစ်ပွားစေနိုင်သည်ကို ကျောင်းသူကျောင်းသားများအားမေးမြန်းပါ။ ထို့နောက်အုပ်စုများဖွဲ့၍ သူတို့စဉ်းစား၍ရသမျှ ပြဿနာများကို စာရင်းပြုစုပြီး ထိုပြဿနာများအတွက် အဖြေအချို့ကိုလည်း စဉ်းစားစေမည်။ အုပ်စုတစ်စုစီသည် သူတို့၏အတွေး အမြင်များကိုအတန်းထဲတွင် တင်ပြဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသောအချို့အဖြေများ –**

- နှစ်စဉ်နှစ်တိုင်း တောင်သူလယ်သမားများသည် သူတို့၏ဝင်ငွေများကို မျိုးစေ့သစ်များအပေါ်တွင်သာ အသုံးပြုနေရသည်။
- မျိုးစေ့သစ်များသည် မြေဆီလွှာအတွက်မသင့်လျော်ပေ။
- ပိုမိုလွယ်ကူစွာမျိုးပွားနိုင်၍ သန်စွမ်းသောမျိုးစေ့ဟောင်းများ ပျောက်ကွယ်သွားမည်။
- တောင်သူလယ်သမားများသည် နိုင်ငံတကာအခြေစိုက် စိုက်ပျိုးရေးကုမ္ပဏီကြီးများအပေါ်တွင်သာ မှီခိုနေရမည် စသည်ဖြင့်ဖြစ်သည်။

## အဖြစ်အပျက်လေ့လာခြင်း

ဤဖြည့်စွက်အဖြစ်အပျက်လေ့လာခြင်းသည် လူ့အသိုင်းအဝိုင်းအခြေခံငွေချေးငှားမှုစီမံကိန်းဖြစ်သောအသေးစားချေးငွေစီမံကိန်း၏ သဘောတရားဖြစ်၍ အတိုးကြီးစားငွေချေးငှားသူများနှင့် ဘဏ်ကြီးများထံမှ ချေးငှားရန်မလိုသော အခြားရွေးစရာနည်းလမ်းတစ်ခုဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားများစာပိုဒ်အားဖတ်ကြားပါစေ။ သူတို့နားမလည်သည်များကိုရှင်းလင်းပြောကြားပါ။

## လေ့ကျင့်ခန်း

ဖြစ်နိုင်လျှင် ကျောင်းသူ၊ ကျောင်းသားများအားဘင်္ဂလားဒေ့ရှ်နိုင်ငံကိုမြေပုံပေါ်ရှာဖွေစေခြင်းဖြင့်စတင်ပါ။ ကျောင်းသူ၊ ကျောင်းသားများဘင်္ဂလားဒေ့ရှ်နိုင်ငံအကြောင်းနှင်စပ်လျဉ်း၍ မည်သည်တို့ကိုသိရှိသည်ကို နားလည်နိုင်ရန် သင့်အနေဖြင့် ဆွေးနွေးမှုအကျဉ်းပြုလုပ်နိုင်သည်။ ကျောင်းသူ၊ ကျောင်းသားများမေးခွန်းများကိုဖြေကြားပါစေ။

**အဖြေများ –**

၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အာရှတိုက်တွင်တည်ရှိ၍ အဓိကအားဖြင့် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသည်။ မြန်မာနိုင်ငံနှင့်လည်းနယ်စပ်ချင်းထိစပ်နေသည်။

၂။ ပြောင်းလဲမှုမှာ ဖာရီးဒါး (သူမ၏အသိုင်းအဝိုင်းထဲရှိအခြားလူများလည်းဖြစ်နိုင်သည်) သည် အတိုးနှုန်းများသောဘဏ်ချေးငွေအစား အသေးစားချေးငွေလုပ်ငန်းမှသာ ချေးငှားခြင်းဖြစ်သည်။

၃။ ‘မျိုးစေ့သစ်’လေ့လာခြင်းကဲ့သို့ အဓိကအားဖြင့် စီးပွားရေးပြောင်းလဲမှုသာဖြစ်သည်။ ဖာရီးဒါးအနေဖြင့် အသေးစားချေးငွေစီမံကိန်းများမှသာ ချေးငှားလျှင် အတိုးနှုန်းသက်သာသည့်အတွက် သူမ၏ ဖျာရောင်းချခြင်းမှရရှိသောငွေများကို ပိုမိုစုဆောင်းနိုင်မည်ဖြစ်သည်။ သို့ရာတွင် အသိုင်းအဝိုင်းထဲရှိလူများ တစ်ယောက်နှင့်တစ်ယောက် ကူညီလုပ်ဆောင်ကြသည့်အတွက် လူမှုရေးပြောင်းလဲမှုလည်းရှိနိုင်သည်။ ဤကဲ့သို့ကူညီလုပ်ဆောင်ခြင်းသည် လူ့အသိုင်းအဝိုင်းကို ပို၍အားကောင်းလာစေရန် အထောက်အကူပြုသည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများအထက်ပါလေ့လာမှုနှစ်ခုကိုနှိုင်းယှဉ်ပါမည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ လေ့လာမှုနှစ်ခုလုံးတွင် လူ့ဘဝများကို ပြောင်းလဲစေသော စီးပွားရေးပြောင်းလဲမှုများကို ဖေါ်ပြသည်။ သို့သော် ရံဖန်ရံခါ ပြောင်းလဲမှုတစ်ခုသည် နောက်ထပ်ပြောင်းလဲမှုတစ်ခုကို ဖြစ်ပွားစေသည်။ ထို့ကြောင့် ပြောင်းလဲမှုနှစ်ခုလုံးသည် ပတ်သက်ဆက်နွယ်သော လူ့အသိုင်းအဝိုင်းပတ်ဝန်းကျင်ရှိ လူတို့၏ဘဝများကို စီးပွားရေးရှုထောင့်တစ်ခုတည်းမှသာ သက်ရောက်သည်ဟု့ရန် အလားအလာမရှိပေ။

ဥပမာ – များစွာသောလူမှု့အသိုင်းအဝိုင်းများတွင် မျိုးစေ့များရွေးထုတ်ခြင်းနှင့်သိုလှောင်ခြင်းများသည် ယဉ်ကျေးမှု၏အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အကယ်၍ လူများမျိုးစေ့များ သိုလှောင်ခြင်းကိုရပ်တန့်လိုက်လျှင် သူတို့၏ယဉ်ကျေးမှုကိုလည်း ထိခိုက်နိုင်သည်။ ၄င်းသည်လူမှုရေးပြောင်းလဲမှုဖြစ်လာလိမ့်မည်။

'ထွက်နှုန်းအားကောင်းသောမျိုးစေ့သစ်များ' လေ့လာမှုတွင် အပျက်သဘောဆောင်သောပြောင်းလဲမှုကို ရှင်းလင်းဖော်ပြထားသည်။ အကယ်၍လူများသူတို့၏မျိုးစေ့ဟောင်းများကိုဆုံးရှုံးသွားလျှင် နိုင်ငံတကာကုမ္ပဏီများအပေါ်တွင် မှီခိုလာရလိမ့်မည်။ 'အသေးစားချေးငွေစီမံကိန်း' လေ့လာမှုတွင်မူ အကောင်းလက္ခဏာဆောင်သောပြောင်းလဲမှုကို ဖော်ပြထားသည်။ လူများသည် သူတို့၏အသိုင်းအဝိုင်းပတ်ဝန်းကျင်တွင် တစ်ဦးကိုတစ်ဦးငွေကြေးချေးငှားနိုင်ရန် သူတို့ကိုယ်တိုင်စတင်၍ စုစည်းခဲ့သည်။ ဤစီမံကိန်းသည် ဖျာယက်လုပ်ရောင်းချသောလုပ်ငန်းမှ ဝင်ငွေရရှိသော ဖာရီးဒါးအား ငွေကြေးပိုမိုစုဆောင်းနိုင်ရန်၊ နောက်သူမနှင့် သူမမိသားစုတို့၏ ဘဝများတိုးတက်လာစေရန် လမ်းဖွင့် ပေးနိုင်သကဲ့သို့ အခြားလူများ၏ဘဝအတွက်လည်းလမ်းဖွင့်ပေးနိုင်သည်။

၂။ ပထမလေ့လာမှုတွင် ပြောင်းလဲမှုသည် နိုင်ငံတကာကုမ္ပဏီများကိုသာ အကျိုးအမြတ်ရှိစေ၍ဒုတိယ လေ့လာမှုတွင်ပြောင်းလဲမှုသည် လူ့အသိုင်းအဝိုင်းအတွင်းရှိ ဖာရီးဒါးကဲ့သို့ လူများကို အကျိုးအမြတ်ရှိစေသည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုတစ်စုစီသည် သူတို့ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိပြောင်းလဲမှုတစ်ခုကိုစဉ်းစား၍ ဆွေးနွေးတင်ပြမှုတစ်ခုပြုလုပ်စေမည်။ အောက်ပါမေးခွန်းများကိုကျောင်းသူ၊ ကျောင်းသားဖြေဆိုကြောင်းသေချာအောင်ပြုပါစေ။
*မည်သူတို့က ဤပြောင်းလဲမှုကို စတင်ယူဆောင်လာခဲ့သနည်း။ မည်သူတို့ကိုအကျိုးအမြတ်ဖြစ်ထွန်းစေသနည်း။ ပြဿနာများကမည်သည်တို့နည်း။ ထိုပြဿနာများအတွက်အဖြေများမှာမည်သည်တို့နည်း စသည်ဖြင့်။*

**ဥပမာအချို့ –**

၁။ လေယဉ်ကွင်းအသစ်တစ်ခုဆောက်လုပ်နေ၍ လေယဉ်ကွင်းဆောက်လုပ်နေရာဒေသရှိ ဒေသခံအာဏာပိုင်များက ပြည်သူလူထုအား သူတို့တည်ဆောက်ထားသောဒေသသစ်တစ်ခုသို့ပြောင်းရွှေ့ရန်အမိန့်ပေးသည်။ ဤအပြောင်းအလဲသည် ထိုလူ့အသိုင်းအဝိုင်းအတွက်အကျိုးအမြတ်ရှိကောင်းလည်းရှိနိုင်သည်၊ သို့မဟုတ်အကျိုးမရှိကောင်းလည်းမရှိနိုင်ပေ – ထိုဒေသတွင်နေထိုင်သောလူများအတွက်မူ နယ်မြေဒေသသစ်နှင့်ပတ်သက်၍ရွေးချယ်စရာလမ်းမရှိပေ။ ထိုနယ်မြေဒေသစ်သည် ဒေသဟောင်းထက်ကောင်းလျှင်လည်းကောင်းနိုင်သည်၊သို့မဟုတ်ဆိုးလျှင်လည်းဆိုးနိုင်သည်။ နယ်မြေဟောင်းတွင် သူတို့ဘဝတစ်လျှောက်လုံး နေထိုင်လာပြီးဖြစ်သည့်အတွက် လူများအနေဖြင့်ထိုနယ်မြေဟောင်းတွင်ပင် နေထိုင်လိုသည်။ ထို့အပြင်နေရာဟောင်းရှိသူတို့၏ဝင်ငွေရရှိနေမှုအခွင့်အရေးများ၊ နေအိမ်များနှင့် ဥယျာဉ်ခြံမြေများဆုံးရှုံးသွားနိုင်သည်။ ဤသည်မှာစီးပွားရေးပြောင်းလဲမှုဖြစ်သည်။ ၄င်းအပြင်ဒေသခံများသည် သူတို့၏နေရာသစ်တွင်သူတို့နှင့် အကျွမ်းမဝင်သောအိမ်နီးနားချင်းများနှင့်အတူနေထိုင်ရခြင်းနှင့်နေရာသစ်သို့ရွှေ့ပြောင်းနေစဉ်ကာလအတွင်း အလုပ်ခွင့်သို့မသွားရောက်နိုင်ခြင်း၊ ကျောင်းမတက်ရောက်နိုင်ခြင်းဖြစ်နိုင်သည်။ ဤသည်မှာလူမှု့ရေးပြောင်းလဲမှုဖြစ်သည်။

၂။ ပြောင်းလဲမှု၏အခြားဥပမာတစ်ခုမှာ ရွာတွင်ကျောင်းတစ်ကျောင်းဖွင့်လှစ်ခြင်းလည်းဖြစ်နိုင်သည်။ ကလေးများအတွက် ပညာရေးအခွင့်အလမ်းများပိုမိုပွင့်လန်းလာမည်ဖြစ်၍ ဤသည်မှာလူမှု့ရေးပြောင်း

လဲမှုဖြစ်သည်။ ကလေးများကိုဝေးလံသောဒေသရှိကျောင်းများထက် အနီးရှိဤကျောင်းသို့ပို့နိုင်ခြင်းကြောင့် ထိုကျောင်းဖွင့်လှစ်မှုသည် မိသားစုများအပေါ်တွင် များစွာရိုက်ခတ်မှုရှိလိမ့်မည်။ ရွာရှိကလေးအများစုစာတတ်မြောက်လာမည်၊ ရေရှည်တွင်သူတို့၏ ရပ်ရွာတိုးတက်ရေးများ လုပ်ဆောင်ရန်အတွက်အရည်အချင်းများပို၍ရရှိလာမည်။ ဖြစ်နိုင်သောပြဿနာတစ်ခုမှာ ရွာအနေဖြင့်ဆရာ၊ ဆရာမများအားလစာပေးရန်လိုအပ်လိမ့်မည်။ နောက်ထပ်ဖြစ်နိုင်ခြေတစ်ခုမှာ အချို့သောမိသားစုများမှာစားဝတ်နေရေးအတွက်သူတို့၏ကလေးများပေါ် မှီခိုနေရခြင်းဖြစ်သည်။ ဤသည်မှာ စီးပွားရေးပြောင်းလဲမှုဖြစ်သည်။ ဤပြဿနာများအတွက်အဖြေတစ်ခုမှာ ရွာရှိကလေးများအားလုံးအတွက် ပညာသင်ခွင့်ရရှိရန်နှင့်ဆရာ၊ဆရာမများအားရပ်ရွာမှမည်ကဲ့သို့ထောက်ပံ့ပေးမည်တို့ကို ဆုံးဖြတ်ရာတွင် ကျောင်းမှရပ်ရွာမိသားစုများအားပါဝင်ခွင့်ပေးခြင်းဖြစ်သည်။

# ၁/၂။ ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်ဝေါဟာရများ

**အဖွင့်မိတ်ဆက်**

ကျောင်းသူ၊ ကျောင်းသားများ မည်သည့်ဝေါဟာရစကားများကိုသိရှိသည်၊ ထိုဝေါဟာရများကမည်သည်တို့ကိုဆိုလိုသည်ကို ဆွေးနွေးစေမည်။ ဤဝေါဟာရတစ်လုံးချင်းစီနှင့်ပတ်သက်သောပြဿနာများကို သင့်အနေဖြင့်ရှင်းပြသင့်သည်။

ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်တွင် သီးသန့်ဝေါဟာရများနှင့်စကားစုများရှိသည်။ ထိုဝေါဟာရများကို ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်ကျွမ်းကျင်သူပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများ၊ ပညာရှင်များနှင့်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင်လုပ်ဆောင်နေသူများအသုံးပြုကြသည်။ ဤဝေါဟာရစကားလုံးအများစုမှာ ပြောင်းလဲနေ၍အချို့ကိုမူအဓိပ္ပါယ်တစ်ခုတည်းကိုဖော်ပြရန်အတွက်အသုံးပြုသည်။ အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်အခက်ခဲဆုံးသောအကြောင်းအရာတစ်ခုမှာချမ်းသာသောနိုင်ငံ များနှင့်ဆင်းရဲသောနိုင်ငံများအကြားခွဲခြားဖော်ပြခြင်းဖြစ်သည်။ အများအားဖြင့် ပထဝီမြေမျက်နှာပြင်ခြားနားမှုကိုလူများကအသုံးပြုကြသည်၊ ဥပမာ – အရှေ့နိုင်ငံများနှင့်အနောက်နိုင်ငံများသို့မဟုတ်တောင်ပိုင်းကမ္ဘာနှင့်မြောက်ကမ္ဘာ။ သို့ရာတွင် ဤဖော်ပြမှုများသည်တိကျရှင်းလင်းခြင်းမရှိပေ။ ဥပမာ – ဩစတြေးလျနိုင်ငံသည် မြောက်ကမ္ဘာခြမ်းနှင့်အရှေ့နိုင်ငံများထဲတွင်ပါဝင်သည်။ သို့သော် ဩစတြေးလျနိုင်ငံသည်အလွန်ချမ်းသာသောနိုင်ငံဖြစ်သည်။ ‘ဖွံ့ဖြိုးတိုးတက်ဆဲ’နှင့် ‘ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ’ဝေါဟာရများသည် အချို့နိုင်ငံများကဖွံ့ဖြိုးတိုးတက်မှုကိုအောင်မြင်စွာစွမ်းဆောင်နိုင်ပြီးအချို့မှာမစွမ်းဆောင်နိုင်ဟု အထက်မှတင်စီးသောအဓိပ္ပါယ်သဘောသက်ရောက်သည်။ ကျောင်းသူ၊ ကျောင်းသားများဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာသောအခါဤဝေါဟာရစကားများနှင့်တွေ့ဆုံရမည်။ ထို့ကြောင့်အချိန်အနည်းငယ်အကုန်ခံ၍ ဤဝေါဟာရများနှင့်၎င်းတို့၏အဓိပ္ပါယ်များကိုလေ့လာခြင်းသည်အကျိုးရှိနိုင်သည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ မည်သည့်နိုင်ငံများကချမ်းသာပြီး၊ မည်သည့်နိုင်ငံများကဆင်းရဲ၍မည်သည့်နိုင်ငံများကအသင့်အတင့် ချမ်းသာသည်ကို ကျောင်းသူ၊ ကျောင်းသားများအားစဉ်းစားစေမည်။ ထို့နောက်အချက်အလက်အဖြေများအားဇယားတွင်ထည့်သွင်းစေမည်။ ရရှိသောအဖြေများကိုသင်ပုန်းကြီးပေါ်တွင်စာရင်းပြုစုစေမည်။

ကျောင်းသားသုံးပြဌာန်းစာအုပ်ရှိမြေပုံသည် ဆင်းရဲ၊ ချမ်းသာ၊ အသင့်အတင့်အဆင့်ဆင့်ကို အကြမ်းခွဲပြထားသောမြေပုံဖြစ်သည်။ တစ်နှစ်အတွင်းလူတစ်ဦးစီ၏ဂျီဒီပီသည်အမေရိကန်ဒေါ်လာ(၁၀၀၀၀)အထက်ရှိသောနိုင်ငံများကိုချမ်းသာသောနိုင်ငံများ၊ ဂျီဒီပီအမေရိကန်ဒေါ်လာ(၂၅၀၀)နှင့်(၁၀၀၀၀)အကြားရှိသောနိုင်ငံများကို အသင့်အတင့်ချမ်းသာနိုင်ငံများနှင့် ဂျီဒီပီအမေရိကန်ဒေါ်လာ(၂၅၀၀)အောက်ရှိသော နိုင်ငံများကို ဆင်းရဲသောနိုင်ငံများဟူ၍ အမျိုးအစားအဆင့်ဆင့် သတ်မှတ်သည်။

## ဂျီဒီပီ (gross domestic product)

ဂျီဒီပီ(GDP)ဆိုသည်မှာ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(gross domestic product)ကိုဆိုလိုသည်။ ဤသည်မှာ အစိုးရနှင့်ပုဂ္ဂလစီးပွားရေးများအပါအဝင်တစ်နိုင်ငံလုံး၏တစ်နှစ်အတွင်းဝင်ငွေအားလုံးဖြစ်သည်။ သတိပြုရန်မှာ ဂျီဒီပီသည်နိုင်ငံတစ်နိုင်ငံ၏ပြည်သူပြည်သားများ မည်မျှချမ်းသာသည်ကိုဖော်ပြခြင်းမဟုတ်ဘဲတိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံမည်မျှချမ်းသာသည်ကိုဖော်ပြသောညွှန်ကိန်းတစ်ခုဖြစ်သည်။ ၎င်းသည်ပျမ်းမျှဝင်ငွေနှင့်မတူညီပေ။

နိုင်ငံတစ်နိုင်ငံရှိ လူတစ်ဦးချင်းစီထုတ်လုပ်သောကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ပျမ်းမျှတန်ဖိုး (GDP per capita or GDP per person)သည် နိုင်ငံတစ်နိုင်ငံရှိနိုင်ငံသားတစ်ယောက်စီ၏ပျမ်းမျှဝင်ငွေဖြစ်သည်။ ၎င်းအား နိုင်ငံတစ်နိုင်ငံ၏ဂျီဒီပီကိုထိုနိုင်ငံ၏လူဦးရေစုစုပေါင်းနှင့်စားခြင်းဖြင့်ရရှိသည်။

ဂျီဒီပီ(GDP)နှင့်ဂျီဒီပီပါကပ်ပီတာ(GDP per capita)တို့ကိုနိုင်ငံတစ်နိုင်ငံ၏လူနေမှုအဆင့်အတန်းကိုတိုင်းတာသောညွှန်ကိန်းများအသုံးပြုရာတွင်ပြဿနာများစွာရှိသည်။ ဥပမာ – ၎င်းတို့ကိုစဉ်းစားသောအခါဝင်ငွေဖြန့်ဖြူးစီးဆင်းပုံမပါဝင်ပေ။ ဆိုလိုသည်မှာ – ငွေကြေးပမာဏအတူတူနီးပါဝင်ငွေရှိသူများရှိသကဲ့သို့ ချမ်းသာသောသူ များ၊ ဆင်းရဲသောသူများလည်းရှိသည်။ ဂျီဒီပီတွင် ၎င်းတို့ကိုမဖော်ပြပေ။ ၎င်းအပြင်ဂျီဒီပီသည် နိုင်ငံတစ်နိုင်ငံတွင် တစ်နှစ်အတွင်း ရရှိသောငွေကြေးဝင်ငွေပမာဏနှင့်သုံးစွဲသောငွေကြေးပမာဏတို့ကိုသာထည့်သွင်းရေတွက်သည် ငွေကြေးများကို ကျန်းမာရေးနှင့်ပညာရေးတို့အတွက်အသုံးပြုသလော၊ သို့မဟုတ်ထိုထက်အရေးမပါသောနေရာများတွင်အသုံးပြုသလောစသည့်ဖြင့် ငွေကြေးကိုမည်ကဲ့သို့အသုံးပြုသည်တို့ ဂျီဒီပီတွင်မပါဝင်ပေ။

ကျောင်းသားသုံးပြဌာန်းစာအုပ်တွင် စာမျက်နှာ (၁၁)တွင် ဂျီဒီပီအကြောင်းပိုမိုရေးသားဖော်ပြထားသည်။

### အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

လေးယောက်သို့မဟုတ်ငါးယောက်တစ်အုပ်စုစီခွဲ၍မေးခွန်းများကိုဖြေဆိုစေမည်။

**အဖြေများ –**

၁။ အထက်တွင်ပြုလုပ်ခဲ့သောလေ့ကျင့်ခန်းမှ ကျောင်းသူ၊ ကျောင်းသားတို့၏ အဖြေများကို မြေပုံပေါ်တွင်ဖော်ပြထားသည့် ဂျီဒီပီအချက်အလက်များနှင့် နှိုင်းယှဉ်ပါစေ။ သူတို့၏ခန့်မှန်းမှုများ မှန်ကန်ပါသလား။

၂။ မြောက်ကမ္ဘာခြမ်းရှိဆင်းရဲသောနိုင်ငံအချို့မှာ မွန်ဂိုးလီးယား(Mongolia)၊ အာဖဂန်နစ်စတန်(Afghanistan)၊ မောင်(လ်)ဒိုဘာ(Moldova)၊ အုဇဘက်ကစ်စတန်(Uzbekistan)၊ ပါကီစ္စတန်(Pakistan) ၃။ ဩစတြေးလျ၊ တောင်အာဖရိက၊ နယူးဇီလန်၊ အာဂျီတီးနား၊ ချီလီ

### လေ့ကျင့်ခန်း

ဤလေ့ကျင့်ခန်းအားကျောင်းသူ၊ ကျောင်းသားအနေဖြင့်အိမ်စာအဖြစ်သော်လည်းကောင်း၊ အတန်းထဲတွင်သော်လည်းကောင်း ပြုလုပ်နိုင်သည်။ သူတို့ကြိုက်နှစ်သက်သောဘာသာစကားဖြင့်သာ ရေးသားရန်တိုက်တွန်းပါ။ အကယ်၍ အင်္ဂလိပ်ဘာသာဖြင့်ရေးသားလိုလျှင် သဒ္ဒါနှင့်စာလုံးပေါင်းသတ်ပုံတို့အား ကျောင်းသူ၊ ကျောင်းသားများစိုးရိမ်စရာမလိုပေ။ ခေါင်းစဉ်နှင့်ပက်သတ်၍ကျောင်းသူ၊ ကျောင်းသားများကြိုက်နှစ်သက်သည်များကိုရေးသားနိုင်သည်။ သူတို့၏လက်တွေ့ဘဝမှဥပမာများကိုဆွေးနွေးနိုင်သကဲ့သို့ခေါင်းစဉ်အကြောင်းအရာနှင့်စပ်လျဉ်း၍ သူတို့လက်ခံနိုင်သည်၊ လက်မခံနိုင်သည်များကိုလည်း ဆွေးနွေးနိုင်သည်။ ထို့နည်းတူသူတို့မြင်တွေ့လိုသောဖွံ့ဖြိုးတိုးတက်မှုအကြောင်းကိုလည်းရေးသားနိုင်သည်။ ဤလေ့ကျင့်ခန်းမှာ ကျောင်းသူ၊ ကျောင်းသားများသူတို့၏အတွေးအခေါ်များကိုဖော်ပြနိုင်ရန်လေ့ကျင့်သော (brainstorming)လေ့ကျင့်ခန်းတစ်ခုသာဖြစ်သည်။

# ၁/၃။ ဖွံ့ဖြိုးတိုးတက်မှုပြည့်ကိန်းများ

ဖွံ့ဖြိုးတိုးတက်မှုပြည့်ကိန်းများသည် တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံမည်မျှဖွံ့ဖြိုးနေသည်ကိုဖော်ပြရန်အသုံးပြုသောအတိုင်းအတာများဖြစ်သည်။ ဇယားတွင်နိုင်ငံ(၁၁)နိုင်ငံတို့၏ (၂၀၀၁ – ၂၀၀၃)ဖွံ့ဖြိုးတိုးတက်မှုပြည့်ကိန်းများကိုဖော်ပြထားသည်။ ကွဲပြားသောအရင်းအမြစ်များမှလာသောအချက်အလက်ကိန်းဂဏန်းများသည် တူညီမှုမရှိသကဲ့သို့၊ ဤဇယားရှိအချက်အလက်ကိန်းဂဏန်းများသည်လည်းတိကျမှန်ကန်မှုမရှိကောင်းမရှိနိုင်ပေ။ အချို့ကိန်းဂဏန်းများမှာ(၂၀၀၁)ခုနှစ်မတိုင်မီကဖြစ်သည်။ အချို့နိုင်ငံများမှတိကျသောအချက်အလက်များရရှိရန် အလွန်ခက်ခဲသည်။ ဤစာအုပ်၏နောက်ဆုံးစာမျက်နှာတွင် နိုင်ငံအတော်များများနှင့်၄င်းတို့၏အခြားသောဖွံ့ဖြိုးတိုးတက်မှုပြည့်ကိန်းများဇယားကို ဖော်ပြထားသည့်အပြင် ထိုပြည့်ကိန်းများ၏ ဆိုလိုရင်းများကိုလည်း ဖော်ပြထားသည်။

**လေ့ကျင့်ခန်း**

ကျောင်းသူ၊ ကျောင်းသားများပုံ(၁)ကိုလေ့လာ၍မေးခွန်းများကိုဖြေဆိုစေမည်။

**အဖြေများ –**

၂။ က) ၃ ခ) ၃၁ ဂ) ၅၁.၅% ဃ) ၉၇% င) ၆၉.၁ စ) ရုရှား

၃။ အမေရိကန်၊ စင်ကာပူ၊ ရုရှား၊ ဘရာဇီး၊ ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ ပါကီစ္စတန်၊ မြန်မာ၊ အီရတ်၊ မော်ဇန်ဘစ်

၄။ ရုရှာ၊ အမေရိကန်၊ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဘရာဇီး၊ မြန်မာ၊ ပါကီစ္စတန်၊ မော်ဇန်ဘစ်၊ အီရတ်

၅။ မော်ဇန်ဘစ်

၆။ ပါကီစ္စတန်၊ မော်ဇန်ဘစ်၊ အီရတ်။ ဤနိုင်ငံများဆင်းရဲသောနိုင်ငံများထဲတွင်ပါဝင်သည်။ အီရတ်နှင့် ပါကီစ္စတန်တို့သည်မြောက်ကမ္ဘာခြမ်းတွင်တည်ရှိ၍မော်ဇန်ဘစ်သည် တောင်ကမ္ဘာခြမ်းတွင်တည်ရှိသည်။

၇။ ပျမ်းမျှလူ့သက်တမ်းနှင့်ကျန်းမာရေးအသုံးစရိတ်တို့အကြားဆက်စပ်ပုံများရှိသည်မယူဆပေ။ ၄င်းမှာ ပြည်သူ့ကျန်းမာရေးအသုံးစရိတ်အား သီးသန့်ကုန်ကျစရိတ်အဖြစ်မဖော်ပြဘဲ ဂျီဒီပီ၏ရာခိုင်းနှုန်းတစ်ခုအဖြစ်ဖော်ပြသောကြောင့်ဖြစ်နိုင်သည်။

**လေ့ကျင့်ခန်း**

ဤမေးခွန်းများကိုဖြေဆိုနေစဉ်အတွင်း ကျောင်းသူ၊ ကျောင်းသားများအားစာမျက်နှာ(၁၁)ရှိဇယားကို အသုံးမပြုပါစေနှင့်။

**အဖြေများ –**

၁။ စင်ကာပူ

၂။ မော်ဇန်ဘစ်

၃။ (၅၇)နှစ်ခန့်

**လေ့ကျင့်ခန်း**

ထပ်မံ၍ဤမေးခွန်းများကိုဖြေဆိုနေစဉ်အတွင်း ကျောင်းသူကျောင်းသားများ စာမျက်နှာ(၁၁)ရှိဇယားကိုပြန်လှန်မကြည့်ရှုပါစေနှင့်။

**အဖြေများ –**

၁။ စင်ကာပူနှင့်အမေရိကန်

၂။ သောက်သုံးရေရရှိမှုအဆိုးရွားဆုံးနိုင်ငံမှာ အီရတ်၊ ဒုတိယအဆိုးရွားဆုံးမှာ မော်ဇန်ဘစ်

၃။ မည်သည့်နိုင်ငံမှမရှိပေ။ အနီးစပ်ဆုံးမှာ ရုရှား(၉၉%)၊ စင်ကာပူ(၉၆%)တို့ဖြစ်သည်။
၄။ မော်ဇန်ဘစ်(၆၀%)နှင့်ပါကီစ္စတန်(၃၅%)တို့ဖြစ်သည်။
၅။ အီရတ်

**ဆွေးနွေးခြင်း**

ကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ ဂျီဒီပီနိမ့်ကျသောနိုင်ငံများတွင် ကျန်းမာရေးအတွက် အသုံးစရိတ်အနည်းငယ်သာရှိလိမ့်မည်။ အစိုးရအနေဖြင့် ဆေးရုံများတည်ဆောက်ခြင်းနှင့်ဆေးဝါးဝယ်ယူခြင်းအပေါ်အသုံးပြုရန် ဘဏ္ဍာငွေအနည်းငယ်ရှိလိမ့်မည်။ ထိုနည်းတူစွာ ပြည်သူများအနေဖြင့်လည်း ပုဂ္ဂလိကဆေးရုံများတွင်သွားရောက်၍ ဆေးဝါးကုသမှုခံယူရန်ငွေကြေးအနည်းသာတတ်နိုင်သည်။ ထို့ကြောင့်ဤနိုင်ငံများရှိကလေးငယ်များသည် ချမ်းသာသောနိုင်ငံများရှိကလေးငယ်များထက် ကျန်းမာရေးစောက်ရှောက်ခံရမှုနည်းပါးလိမ့်မည် ထိုအတူပင် ဤဂျီဒီပီနိမ့်ကျသောနိုင်ငံများတွင် မိမိတို့၏ကလေးငယ်များကိုပုံမှန်လုံလောက်မျှတာစွာမကျွေးမွေးနိုင်သော ဆင်းရဲသားထုကလည်းပိုများသည်။ ကလေးများအာဟာရချို့တဲ့လာပြီးမကျန်းမမာဖြစ်လာသည်။ ဆင်းရဲသောနိုင်ငံများတွင် အချို့သောလူများမှာ သန့်ရှင်းသောသောက်သုံးရေမရရှိကြပေ။ ဤသည်ကြောင့်လည်း အချို့သောကလေးငယ်များအားနာမကျန်းဖြစ်ပွားစေသည်။ အခြားတိုက်ရိုက်မဟုတ်သောအကြောင်းအရာများလည်းရှိသေးသည်။ ဥပမာ များစွာသောဂျီဒီပီနိမ့်ကျသောနိုင်ငံများတွင် စစ်ပွားများဖြစ်ပွားလျက်ရှိသည်(ပြည်တွင်းစစ်သို့မဟုတ်အခြားနိုင်ငံများကကျူးကျော်မှုများ)။ ထို့ကြောင့်ထိုနိုင်ငံများဆင်းရဲသည်ထက်ဆင်းရဲလာသည်။ စစ်ပွဲကာလများအတွင်း အမျိုးသမီးများနှင့်ကလေးငယ်များမှာ တိုက်ပွဲများ၊ အိမ်ယာစွန့်ခွာရမှုများ၊ အစားအစာနှင့်ဆေးဝါးမလုံလောက်မှုတို့ကြောင့်ခုခံနိုင်မှုမရှိဘဲပို၍ဒုက္ခရောက်ကြသည်။ ကျောင်းသူ၊ ကျောင်းသားများသည် ဤကဲ့သို့သောအကျိုးအကြောင်းများသို့မဟုတ်အခြားပုံစံသော်လည်းကောင်းတင်ပြကြလိမ့်မည်။ သင့်အနေဖြင့် ကျောင်းသူ၊ ကျောင်းသားများ ဤအဖြေများအားလုံးကိုပေးမည်ဟုမမျှော်လင့်ပါနှင့်။ သို့ရာတွင် သူတို့၏အမြင်များကို ကျောင်းသူ၊ ကျောင်းသားများတင်ပြဆွေးနွေးပြီးသောအခါမှသာ ဤအခန်းကဏ္ဍများကို သင်ရှင်းလင်းပြောဆိုသင့်သည်။

၂။ ဇယားထဲတွင် နိုင်ငံများ၏ပျမ်းမျှလူ့သက်တမ်းသည် သန့်ရှင်းသောသောက်သုံးရေရရှိမှုလူဦးရေရာခိုင်နှုန်းနှင့်အနီးစပ်ဆက်စပ်မှုရှိသည်။ နောက်ထပ်စံနမူနာတစ်ခုမှာ အရွယ်ရောက်သူစာတတ်မြောက်မှုနှုန်းနှင့်ဂျီဒီပီတို့အကြားအနည်းငယ်ဆက်စပ်မှုရှိသည်။ သို့ရာတွင်(၁၀၀)ရာခိုင်နှုန်းဆက်စပ်မှုများမဟုတ်ပေ။ ဥပမာ – စာရင်းထဲရှိအခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ရုရှားနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည်(၉၉)ရာခိုင်နှုန်းရှိသော်လည်း ထိုနိုင်ငံ၏ဂျီဒီပီမှာအလယ်အလတ်တွင်သာရှိသည်။

**လေ့ကျင့်ခန်း**

ဤလေ့ကျင့်ခန်းသည် အများအားဖြင့် အလွတ်ရေးသားခြင်းလေ့ကျင့်ခန်းဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများသည် မြန်မာနိုင်ငံစီးပွားရေးညွှန်ကိန်းများနှင့်ပတ်သက်၍ သူတို့၏အမြင်များကိုကိုယ်တိုင်ရေးသား၍ ထိုညွှန်ကိန်းများအကြားဆက်စပ်မှုများကိုကောက်ချက်ချစေမည်။ ယေဘူယျအားဖြင့် ညွှန်ကိန်းများဖော်ပြသောကိန်းဂဏန်းများ (ပျမ်းမျှလူ့သက်တမ်း၊ ကလေးအသေအပျောက်နှုန်း၊ မူလတန်းကလေးများ ကျောင်းပညာသင်ကြားမှု) အရမော်ဇန်ဘစ်တို့ကဲ့သို့ အာဖရိကရှိနိုင်ငံများ၊ ပါကီစ္စတန်ကဲ့သို့အာရှရှိနိုင်ငံများသည် မြန်မာနိုင်ငံ၏အခြေအနေထက် ပိုမိုဆိုးရွားသည်။

**လေ့ကျင့်ခန်း**

အုပ်စုများခွဲ၍သို့မဟုတ်အားလုံးစုပေါင်း၍ မေးခွန်းများကို ကျောင်းသူ၊ ကျောင်းသားကိုယ်တိုင်ဖြေဆိုစေမည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ တတိယနိုင်ငံများ၏အကြွေးသည် တောင်ကမ္ဘာခြမ်းရှိနိုင်ငံများ(ဆင်းရဲသောနိုင်ငံများကိုရည်ညွှန်းသည်) မြောက်ကမ္ဘာခြမ်းရှိနိုင်ငံများ (ချမ်းသာသောနိုင်ငံများကို ရည်ညွှန်းသည်) မှ ချေးယူထားသောငွေကြေးဖြစ်ပြီး ထိုငွေကြေးကိုပြန်လည်ပေးဆပ်ရန်လိုအပ်သည်။

၂။ အတိုးနှုန်းကြောင့် ကြွေးမြီးများတိုး၍တိုး၍လာသည်။ ဘဏ်တစ်ဘဏ်မှာငွေကြေးချေးယူသောအခါသင်သည် ထိုငွေကြေးကိုပြန်လည်ပေးဆပ်ရသကဲ့သို့ သင်ချေးယူသောငွေကြေးရာခိုင်နှုန်း၏သေချာသောပမာဏတစ်ခုကိုလည်းပြန်လည်ပေးဆပ်ရသည်။(ထိုသည်မှာအတိုးနှုန်းဖြစ်သည်)

၃။ အကြွေးသည် ကြွေးမြီးအတင်ခံနေရသောနိုင်ငံများရှိစီးပွားရေးကဏ္ဍများအားများစွာရိုက်ခတ်သည် နိုင်ငံ၏ဂျီဒီပီအများစုကို အကြွေးနှင့်ကြီးမားသောအတိုးနှုန်းများအတွက်ပေးဆပ်နေရ၍ ထိုနိုင်ငံများမှာ ဆင်းရဲမြဲဆင်းရဲ၍သာနေသည်။ အပိုအလျှံများမရှိသည့်အတွက် ဤအနေအထားသည် ထိုနိုင်ငံများအားစီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုမှအတားအဆီးဖြစ်နေသည်။ ၄င်းအပြင် ထိုနိုင်ငံများ၏အစိုးရများသည် ငွေကြေးများကိုအကြွေးပေးဆပ်ရာတွင်အသုံးပြုရန် ကျန်းမာရေးနှင့်ပညာရေးအသုံးစရိတ်ကိုတခါတရံဖြတ်တောက်လျှော့ချပစ်တတ်ကြ၍ ထိုတတိယကမ္ဘာများ၏အကြွေးသည် ထိုနိုင်ငံများအားလူမှုရေးအရလည်း ထိခိုက်မှုအကျိုးသက်ရောက်မှုရှိသည်။ ထို့အတွက်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ ဆိုးရွားလာ၍ ပညာရေးအဆင့်အတန်းလည်းနိမ့်ကျလာသည်။

**ဆွေးနွေးခြင်း**

**ဖြစ်နိုင်သောအခြေအနေများ –**

ချမ်းသာသောနိုင်ငံများရှိဘဏ်ကြီးများမှ ချေးငှားသောငွေကြေးဖြင့် အကောင်အထည်ဖော်သောကြီးမားသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများသည် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် လာဘ်စားခြစားမှုတို့ကြောင့် တခါတရံ အဆိုပါနိုင်ငံများအားတိုးတက်လာစေရန် အထောက်အကူမပြုပေ။ ရံဖန်ရံခါ ဤစီမံကိန်းများသည် တည်ဆောက်ရေးလုပ်ငန်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်နေရာများကိုဖန်တီးပေးသော်လည်း လမ်းမကြီးများ၊ လေယဉ်ကွင်းများနှင့် ဟိုတယ်များကဲ့သို့ မြို့ကြီးများရှိ ကြီးမားသော အဆောက်အဦးတည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းများသည် အများအားဖြင့် ချမ်းသောအထက်တန်းလွှာလူတန်းစားများကိုသာ အကျိုးအမြတ်ရစေသည်။ ကြီးမားသောရေကာတာများတည်ဆောက်ခြင်းများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကဲ့သို့ အခြားစီမံကိန်းများသည် ရံဖန်ရံခါ ဒေသခံပြည်သူလူ ထုအားအမှန်တကယ် အထောက်အကူမပြုပေ။ ထို့အပြင် ရပ်ရွာအိုးအိမ်များကိုပြောင်းရွှေ့ရသောကြောင့်ဒေသခံလူထုမှာ ပို၍သာဆင်းရဲလာသည်။ ထိုစီမံကိန်းများသည် သဘာဝ ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေသည်။

**လေ့ကျင့်ခန်း**

ဤအဖြစ်အပျက်လေ့လာခြင်း တောင်အမေရိကမှ လှည့်လည်ပြောင်းရွှေ့နေထိုင်သောအလုပ်သမားမိသားစုတစ်စု၏အခြေအနေကို ပြောပြခြင်းဖြစ်သည်။ ဤသည်မှာကမ္ဘာတစ်ဝှမ်းလုံးရှိ မြေအနည်းငယ် ပိုင်ဆိုင်သူများ၏ဖြစ်နေကျအခြေအနေတစ်ခုဖြစ်သည်။ မြေကွက်ငယ်တစ်ခုသည်ပိုင်ဆိုင်၍ မိမိ၏မိသားစု စားသောက်ရန်လုံလောက်စွာမစိုက်ပျိုးနိုင်ကြပေ။ ထို့ကြောင့် မြေပိုင်ရှင်ကြီးများထံတွင် အလုပ်လုပ်ကြရသည်။ များစွာသောလယ်မြေပိုင်ရှင်ကြီးများသည် သူတို့၏အလုပ်သမားများအား ဆိုးရွားစွာဆက်ဆံကြသည်။ ကျောင်းသူ၊ ကျောင်းသား များအား ဤအကြောင်းအရာကို ဖတ်ကြားဆွေးနွေးစေမည်။

**လေ့ကျင့်ခန်း** **အဖြေများ –**

၁။ (က) စီးပွားဖြစ်စိုက်ပျိုးသီးနှံများ (ခ) သမဂ္ဂများ (ဂ) အနိမ့်ဆုံးလုပ်ခလစာ (ဃ) ဆန္ဒပြသပိတ် မှောက်ခြင်း

၂။ သူသည် မြေပိုင်ရှင်ကြီးတစ်ဦး၏လယ်ယာမြေများပေါ်တွင်အလုပ်လုပ်ကိုင်၍အသက်မွေးဝမ်းကျောင်းကြသည်။

၃။ လုပ်ခလစာနှင့်လယ်ယာမြေများမျှတစွာဝေငှပေးရေးအတွက်တိုက်ပွဲဝင်ကြသည်။

၄။ ငွေကြေးအတွက်သီးနှံစိုက်ပျိုးခြင်းနှင့်မွေးမြူရေးလုပ်ကိုင်ခြင်းဖြင့်အသုံးပြုကြသည်။

## ဆွေးနွေးခြင်း

အတန်းတစ်ခုလုံး မေးခွန်းများကိုဆွေးနွေး၍ကျောင်းသူ၊ ကျောင်းသားများကိုအမြင်များကိုမေးမြန်းပါ။
မီဂေးလ်နှင့်ရှိဆာတို့မည်သည့်နိုင်ငံတွင်နေထိုင်သနည်း၊ ၄င်းသည်မည်သည့်ကမ္ဘာခြမ်းတွင်တည်ရှိသနည်း။
မြောက်ကမ္ဘာခြမ်းသို့မဟုတ်တောင်ကမ္ဘာခြမ်းတွင်တည်ရှိသလော။
မည်သည့်ပြဿနာများကိုဤနိုင်ငံများရင်ဆိုင် နေကြရသနည်း။

**အဖြေများ –**

၁။ အမေရိကတိုက်အလယ်ပိုင်းရှိမက္ကဆီကိုတွင်နေထိုင်သည်။

၂။ တောင်ကမ္ဘာခြမ်းတွင်တည်ရှိသည်။

၃။ ဤနိုင်ငံများ၏ အကြီးမားဆုံးပြဿနာမှာ ကြီးမားသော ဆင်းရဲချမ်းသာ ကွာဟပ်မှုဖြစ်သည်။ ချမ်းသာသောလူနည်းစုမှာ အရင်းအမြစ်များနှင့် မြေများအားလုံးကို ပိုင်ဆိုင်၍ လူထုအများစုမှာ ပိုင်ဆိုင်မှုများ မရှိသလောက်နည်းပါးခြင်းဖြစ်သည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုများခွဲ၍ မီဂေးလ်နှင့်ရှိဆာတို့၏အခြေအနေကို ကျောင်းသူ၊ ကျောင်းသားများဆွေးနွေးသုံးသပ်စေမည်။ သူတို့အားကူညီနိုင်မည့်အကြံဉာဏ်များကို အုပ်စုများစာရင်းပြုစုစေမည်။ ထို့နောက်အတန်းထဲတွင် တင်ပြဆွေးနွေးစေမည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

မီဂေးလ်နှင့်ရှိဆာတို့ပိုင်ဆိုင်သော မြေကွက်လပ်မှာ ကောင်းမွန်မှုမရှိသောကြောင့် သူတို့၏အခြေအနေပတ်သက်၍လွယ်ကူသောအဖြေများကိုရှာဖွေရန်ခက်ခဲလိမ့်မည်။ သို့ရာတွင် သူတို့အနေဖြင့် သူတို့၏အသိုင်းအဝိုင်းထဲတွင် ဝင်ငွေလည်ပတ်မှုစီမံကိန်းများကိုကြိုးစား၍အကောင်အထည်ဖော်လျှင် လူချမ်းသာ မြေပိုင်ရှင်ကြီးများအတွက် အလုပ်လုပ်ပေးရန်မလိုအပ်တော့ပေ။ တိရိစ္ဆာန်များမွေးမြူခြင်းပြုလုပ်နိုင်သည်သို့မဟုတ်လယ်မြေများတွင်အလုပ်မလုပ်သောလများတွင် လက်မှုအနုပညာပစ္စည်းများပြုလုပ်နိုင်သည်။ အခြားနည်းလမ်းတစ်ခုမှာ အလုပ်သမားသမဂ္ဂအနေဖြင့်အလုပ်ခွင်အခြေအနေတိုးတက်စေရေး အတွက်ဆက်လက်တိုက်ပွဲဝင်နေပြီး ပို၍မျှတသောလယ်ယာမြေခွဲဝေမှုပြုလုပ်ပေးရန်အစိုးရအားဆက်လက်ဖိအားပေးသင့်သည်။ ဤသည်မှာ ဖြစ်နိုင်သောရေရှည်ဖြေရှင်းနည်းတစ်ခုဖြစ်သည်။

## လေ့ကျင့်ခန်း

ကျောင်းသူ၊ ကျောင်းသားများ သူတို့၏ဘဝနှင့်သူတို့အဘိုးအဘွားတို့၏ ဘဝအကြားကွဲပြားမှုများကိုရေးသားစေမည်။ အကောင်းလက္ခဏာဆောင်သောပြောင်းလဲမှုများနှင့် အဆိုးလက္ခဏာဆောင်သောပြောင်းလဲမှုများပေါ်သူတို့၏ထင်မြင်ချက်များကိုရေးသားသင့်သည် ဤအကြောင်းအရာကို အင်္ဂလိပ်ဘာသာစကားဖြင့်ရေးသားလျှင် အလွန်ရှုပ်ထွေးနိုင်သောကြောင့် ကျောင်းသူ၊ ကျောင်းသားများသည်သူတို့၏ဘာသာစကားဖြင့်ရေးသားသင့်သည်။ အကယ်၍သာ ကျောင်းသူ၊ ကျောင်းသားများအင်္ဂလိပ်ဘာသာဖြင့်ရေးသားလျှင် ပါရှိသောအချက်အလက်များနှင့်ထင် မြင်ချက်များအပေါ်တွင် သာအမှတ်ပေး၍ သဒ္ဒါ၊ ဝေါဟာရနှင့်စာလုံးပေါင်းသတ်ပုံတို့ကို သင့်မစိုးရိမ်သင့်ပေ။

# အခန်း(၂) သမိုင်း

ဤအခန်းသည် အတိတ်အကြောင်းအရာများ၏အချက်အလက်အရင်းအမြစ်များကိုရှာဖွေခြင်း၊ သုံးသပ်ခြင်းနှင့် အဓိပ္ပါယ်ပြန်ဆိုခြင်းစသော သမိုင်းဆိုင်ရာနည်းပညာအပေါ်တွင်အလေးပြုထားသည်။ များစွာသောကျောင်းသူ၊ ကျောင်းသားများသည် ပြဌာန်းစာအုပ်တစ်အုပ်ကိုသာလျှင်အသုံးပြုခြင်းကဲ့သို့အနည်းအကျဉ်းသောအရင်းအမြစ်များကိုအသုံးပြု၍ယခင်ကသမိုင်းကိုလေ့လာခဲ့ဖူးသည်။ ထိုကျောင်းသူ၊ ကျောင်းသားများအတွက်ဤသမိုင်းသင်ခန်းစာ သမိုင်းဆိုင်ရာစီစစ်လေ့လာခြင်းမိတ်ဆက်ဖြစ်လိမ့်မည်။ ဤအခန်းတွင် သမိုင်း၏အခြေခံရှုထောင့်တစ်ခုဖြစ်သော လူများအချိန်ကိုမည်ကဲ့သို့ခန့်မှန်းသည်ကိုလည်းတွေ့ရှိရမည်ဖြစ်သည်။

## ၂/၁။ သမိုင်းဆိုသည်မှာအဘယ်နည်း။

**ဝိုင်းဝန်းအဖြေရှာခြင်း**

ကျောင်းသူ၊ ကျောင်းသားများဖွင့်ဆိုချက်(က)အားဖတ်ကြားစေမည်။
မြန်မာနိုင်ငံ၊ အခြားနိုင်ငံများသို့မဟုတ်ကမ္ဘာကြီးအပေါ်သက်ရောက်ရိုက်ခတ်သောသမိုင်းဆိုင်ရာအဖြစ်အပျက်များကို အတန်းတစ်ခုလုံးဝိုင်းဝန်းစဉ်းစားအဖြေရှာစေမည်။ ထိုအဖြစ်အပျက်များသည် မကြာသေးမီအတိတ်ကာလမှသို့မဟုတ်ဟိုးယခင်အတိတ်ကာလမှဖြစ်ပျက်ခဲ့သည်များဖြစ်နိုင်သည်။
ကျောင်းသူ၊ ကျောင်းသားများ သင်ပုန်းကြီးပေါ်တွင်အဖြစ်အပျက်များအားရေးသားစေမည်။

**ဝိုင်းဝန်းအဖြေရှာခြင်း**

ကျောင်းသူ၊ ကျောင်းသားများဖွင့်ဆိုချက်(ခ)အားဖတ်ကြားစေမည်။
အရေးပါသောဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲမှုများအား အတန်းထဲတွင် ဝိုင်းဝန်းစဉ်းစားစေမည်။
'အဖြစ်အပျက်များ'နှင့်'ဖွံ့ဖြိုးတိုးတက်မှုများ/ပြောင်းလဲမှုများ'အကြား မတူကွဲပြားမှုများအားသတိပြုပါ။ အဖြစ်အပျက်တစ်ခုသည် အလွန်လျင်မြန်စွာအချိန်တိုအတွင်းဖြစ်ပျက်သည်၊ သို့မဟုတ် အနည်းဆုံးတိကျသောအချိန်ကာလတစ်ခုအတွင်းဖြစ်ပျက်သည်။ ဥပမာ ၂၂ မြန်မာနိုင်ငံသည်လွတ်လပ်ရေးကို တိကျသောနေ့ရက်တစ်ခုတွင်ရရှိသည်။ ဤသည်မှာအဖြစ်အပျက်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်သည် ခြောက်နှစ်တာကာလအတွင်းဖြစ်ပွားခဲ့သည်။ သို့သော် စတင်ဖြစ်ပျက်ချိန်နှင့်ပြီးဆုံးသောအချိန်ရှိသည် ထို့ကြောင့်ဤသည်မှာလည်းအဖြစ်အပျက်တစ်ခုသာဖြစ်သည်။ သို့ရာတွင် ဥပမာ – မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသည် နှစ်ပေါင်းများစွာကြာညောင်းခဲ့၍စတင်သောခုနှစ်ရှင်းရှင်းလင်းလင်းသေသေချာချာမရှိပေ။ တိုက်ပွဲစဉ်များတဖြည်းဖြည်းကြီးထွားလာပြီး(၁၉၄၈)ခုနှစ်တွင်လွတ်လပ်ရေးရရှိခဲ့သည်။ ဤသည်ကို 'အပြောင်းအလဲ' သို့မဟုတ် 'တိုးတက်မှု'ဟုကျွန်ုပ်တို့ခေါ်ဆိုနိုင်သည်။ ဤ တိုးတက်မှု သို့မဟုတ် ပြောင်းလဲမှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်စသည့်ဖြင့်အမျိုးမျိုးဖြစ်နိုင်သည်။

**ကျောင်းသူ၊ ကျောင်းသားများရင်းနှီးကျွမ်းဝင်မှုရှိနိုင်သောတိုးတက်မှုများနှင့်ပြောင်းလဲမှုများဥပမာတစ်ချို့မှာ –**

စက်မှုတော်လှန်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှု(မြန်မာနိုင်ငံထဲတွင်သော်လည်းကောင်းသို့မဟုတ်အခြားနိုင်ငံများတွင်သော်လည်းကောင်း)၊ ကမ္ဘာ့ဆန်လာခြင်း(globalisation) (ဟိုးယခင်ကပင် စတင်ခဲ့သောရှည်လျားသော ဖြစ်စဉ်တစ်ခုဖြစ်၍ ယခုလက်ရှိကာလတွင် သာလွန်အားကောင်းနေသည်။)၊ သစ်တောများမျိုးပြုန်းလာခြင်း(ဒေသအချို့တွင်)၊ ရေးရိုးရာအစဉ်အလာလူ့မှုအဖွဲ့အစည်းများတွင်တရားဝင်ပညာရေးစနစ်များစတင်ခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးနည်းပညာတော်လှန်ရေး(green revolution)၊ လျှပ်စစ်ဓါတ်အား၊ အာကာသခရီးသွား၊ မိုဘိုင်းဖုန်းစသည့်ဖြင့်အမျိုးစုံသောသိပ္ပံဆိုင်ရာရှာဖွေတွေ့ရှိမှုများ။

## ဝိုင်းဝန်းအဖြေရှာခြင်း

ကျော်ကြားသောလူပုဂ္ဂိုလ်များကိုကျောင်းသူ၊ ကျောင်းသားများဝိုင်းဝန်းစဉ်းစားစေမည်။ ပုံတွင်ဖော်ပြထားသော ပုဂ္ဂိုလ်များနှင့်စတင်၍ အခြားမတူညီသောနိုင်ငံမှ နောက်ထပ်ပုဂ္ဂိုလ်အချို့ကိုကျောင်းသူ၊ ကျောင်းသားများအားဖြည့်စွက်စေမည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုတစ်စုစီသည် အကြောင်းအရာ(အဖြစ်အပျက်၊ တိုးတက်ပြောင်းလဲမှု၊ လူပုဂ္ဂိုလ်)တစ်ခုစီအတွက် အနည်းဆုံးအကောင်းလက္ခဏာဆောင် ဥပမာတစ်ခုနှင့် အဆိုးလက္ခဏာဆောင်သော ဥပမာတစ်ခုစီ ပေးသင့်သည်။ ကျောင်းသူ၊ ကျောင်းသားများအား အချိန်အနည်းငယ်ပေး၍စဉ်းစားစေပြီးနောက် သင်ပုန်းကြီးပေါ်တွင် သင်ကိုယ်တိုင်ဇယားရေးဆွဲ၍ သူတို့အားအဖြေများကိုဖြည့်စွက်စေမည်။

ဇယားဥပမာ –

သူတို့၏အမြင်ပေါ်တွင်မူတည်၍ ကျောင်းသူ၊ ကျောင်းသားများအဖြေအမျိုးမျိုးပေးနိုင်သည်ကိုသတိပြုပါ။ အောက်ပါဇယားတွင်ပေးထားသောအဖြေများသည် ဥပမာများသာဖြစ်၍အဖြေမှန်၊ အဖြေမှားဟူ၍မပါဝင်ပေသင့်နှင့်ကျောင်းသူ၊ ကျောင်းသားများအကြားသဘောတူညီမှုအားလုံးရှိကောင်းမှရှိနိုင်လိမ့်မည်။

| | အဖြစ်အပျက် | တိုးတက်မှု၊ ပြောင်းလဲမှု၊ ရှာဖွေတွေ့ရှိမှု | ကျော်ကြားသောလူပုဂ္ဂိုလ် |
|---|---|---|---|
| **အကောင်းလက္ခဏာဆောင်သောသက်ရောက်မှု** | လွတ်လပ်ရေးကြိုးပမ်းမှု | ကျယ်ပြန့်သောပညာသင်ကြားနိုင်မှုအခွင့်အလမ်း | နယ်(လ်)ဆင်မန်ဒေးလား (Nelson Mandela) |
| **အဆိုးလက္ခဏာလက္ခဏာဆောင်သောသက်ရောက်မှု** | ကပ်ဆိုက်ခြင်း(သို့)မျိုးဖြုန်းသတ်ဖြတ်မှု | သစ်တောများမျိုးပြုန်းတီးခြင်း (deforestation) | ပိုလ်ပေါ့(ဒ်)(Pol Pot) |
| **အကောင်းနှင့်အဆိုးလက္ခဏာဆောင်သောသက်ရောက်မှု** | ရုရှားတော်လှန်ရေး | ကမ္ဘာ့ဆန်လာခြင်း (globalisation) | ဖီးဒဲလ်ကတ်စထရို (Fidel Castro) |

## ဆွေးနွေးခြင်း

သမိုင်းပညာရှင်တစ်ယောက်က သူတို့၏ဘဝကို မည်ကဲ့သို့ရှုမြင်စဉ်းစားမည်ကို ကျောင်းသူကျောင်းသားနှင့်ဆွေးနွေးပါ။ အဘယ်ကြောင့်သူတို့ဤနေရာဒေသတွင်နေထိုင်ကြသည်။ ဤနေရာသို့မည်ကဲ့သို့ရောက်ရှိလာခဲ့ကြသည်။ ကျော်ကြားသောလူပုဂ္ဂိုလ်များရှိခဲ့သလား။မည်သည့်အဖြစ်အပျက်များနှင့်/သို့မဟုတ်တိုးတက်မှု/ပြောင်းလဲမှုများက သူတို့၏လက်ရှိအခြေအနေကိုဖြစ်ပေါ်စေရန် အကြောင်းဖန်ခဲ့သနည်းစသည်ဖြင့် သူတို့၏ဘဝများကို သမိုင်းရှုထောင့်မှဖော်ပြရန်ကျောင်းသူ၊ ကျောင်းသားအားတိုက်တွန်းအားပေးပါ။

ဤဆွေးနွေးခြင်းသည် အကန့်အသတ်မရှိဖွင့်ပေးထားသောဆွေးနွေးခြင်းသည်။ သို့ရာတွင် ရည်ရွယ်ချက်မှာ ဤအခန်းတွင်ပါဝင်သောအချက်အလက်များအားပြန်လည်သုံးသပ်ရန်ဖြစ်သည်။ မြောက်များစွာသောအဖြစ်အပျက်များ၊ တိုးတက်မှုများသို့မဟုတ်ပြောင်းလဲမှုများနှင်ကျော်ကြားသောလူပုဂ္ဂိုလ်များသည် ကမ္ဘာပေါ်တွင်သူတို့၏နောက်ခံသမိုင်းကြောင်းရပ်တည်မှုအပေါ်သက်ရောက်ရိုက်ခတ်မှုရှိသည်ကိုသိရှိမြင်တွေ့စေရန်ဖြစ်သည်။

## ၂/၂။ သမိုင်းဆိုင်ရာ အချက်အလက် အရင်းအမြစ်များ

**ဝိုင်းဝန်းအဖြေရှာခြင်း**

သမိုင်းဆိုင်ရာအဖြစ်အပျက် ဥပမာတစ်ခုကို ကျောင်းသူ၊ကျောင်းသားများအားမေးမြန်း၍ မည်သည့် အကြောင်းများကြောင့် ဤအဖြစ်အပျက်ကို ဖြစ်ပေါ်စေခဲ့သည်ကို မေးပါ။

**ဥပမာများ –**

– ဒုတိယကမ္ဘာစစ် (၁၉၃၀ခုနှစ်များတွင်ဂျာမနီရှိဟစ်တလာအစိုးရ၏ စစ်ဝါဒီဆန်သောမူဝါဒကြောင့်ဖြစ် ဖြစ်ပွားခဲ့သည်စသည်ဖြင့်)

– ၂၀၀၄ ဒီဇင်ဘာ(၂၆)တွင်ဖြစ်ပွားခဲ့သောဆူနာမီ (အင်ဒိုနီးရှားနိုင်ငံဆူးမားထရာ(Sumatra)ကျွန်း ဆွယ်အနီး၊ အိန္ဒိယပင်လယ်ပြင်အောက်တွင်ဖြစ်ပွားခဲ့သောမြေငလျင်တစ်ခုကြောင့်ဖြစ်ပွားခဲ့သည်)

– အီရတ်အားအမေရိကန်မှတိုက်ခိုက်မှု (အမေရိကန်အစိုးရနှင့်အီရတ်ပြည်သူများကဆာဒန်ဟူစိန် အားဖြုတ်ချလိုသောကြောင့်၊ အမေရိကန်အစိုးရနှင့် ရေနံကုမ္ပဏီများက အီရတ်မြေပေါ်ရှိရေနံများအား စိတ်ဝင်စားသောကြောင့်၊ အီရိတ်ဆာဒန်ဟူစိန်အစိုးရမှလည်း အမေရိကန်တို့လွတ်လပ်စွာလက်နက် စစ်ဆေးခြင်းကိုခွင့်မပြုသောကြောင့်စသည်တို့ကြောင့်ဖြစ်ပွားခဲ့သည်)။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

မည်သည့်အဖြစ်အပျက်နှင့် အရင်းအမြစ်များရွေးချယ်မည်မှာ ကျောင်းသူ၊ ကျောင်းသားများအပေါ်တွင် မူတည်သည်။ ဤသည်မှာ လေ့ကျင့်ခန်းနမူနာတစ်ခုသာဖြစ်သည်။ ဤလေ့ကျင့်ခန်းတွင် ထိုအဖြစ်အ ပျက်အား ပြည့်ပြည့်စုံစုံလေ့လာရန်မလိုအပ်ပေ။ မြန်မာနိုင်ငံ၏သမိုင်း သို့မဟုတ် ကမ္ဘာ့သမိုင်းမှ မည် သည့် အဖြစ်အပျက်ကိုမဆိုရွေးချယ်နိုင်သည်။
အုပ်စုများခွဲ၍မေးခွန်းများကိုဖြေဆိုပြီး သူတို့၏အဖြေများကိုတင်ပြဆွေးနွေးရန်ဖိတ်ကြားပါ။

**ဆွေးနွေးခြင်း**

သင်၏လက်ထဲတွင်ရှိသော အချက်အလက်များမှန်ကန်သည်၊ မမှန်ကန်သည်ကိုဆုံးဖြတ်ရာတွင်မတူညီ သောနည်းလမ်းများ သို့မဟုတ် အရင်းအမြစ်များကိုသုံးသပ်ရာတွင် မတူညီသောနည်းလမ်းများကို ကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

– တူညီသောအဖြစ်အပျက်အကြောင်းအရာတစ်ခုအတွက်မြောက်များစွာသောမတူညီသောအချက် အလက်များပါဝင်သော အရင်းအမြစ်များအား နှိုင်းယှဉ်ကြည့်ပါ။ ထိုအချက်အလက်များအားလုံးကိုက် ညီမှုရှိပါသလား။

– ဤအရင်းအမြစ်များအားမည်သည့်တို့ကဖန်တီးခဲ့သည်စဉ်းစားပါ(ဤမှတ်တမ်း၊ ဤစာသို့မဟုတ်ဤ စာအုပ်ကို မည်သူက ရေးသားခဲ့သနည်း။) အချက်အလက်များကိုပြောင်းလဲပစ်ရန် သူတို့အထူးစိတ်ဝင် စားမှုရှိခဲ့သလော။

– မည်သည့်အချိန်တွင် ထိုအရင်းအမြစ်များအားဖန်တီးခဲ့သည်ကို စဉ်းစားပါ (ဤစာအုပ်ကိုမည်သည့် အချိန်ကရေးသားခဲ့သနည်း၊ သို့မဟုတ် ဤဆောင်းပါးကို မည်သည့်အချိန်တွင် ရေးသားခဲ့သနည်း) ထိုအချိန်မှစ၍ ဤအချက်အလက်များအသုံးထက် အရေးပါသောမည်သည့်အရာများ ဖြစ်ပျက်ခဲ့ သနည်း။

– သတင်းစာများနှင့်အခြားစာအုပ်၊ စာနယ်ဇင်းများအတွက်မှ ထိုပုံနှိပ်ထုတ်ဝေမှုများကို မည်သူတို့က ထိန်းချုပ်သည်ကိုစဉ်းစားသင့်သည်။

**ဖြည့်စွက်လေ့ကျင့်ခန်း**

သမိုင်းအဖြစ်အပျက်တစ်ခု၏စာအုပ်၊ ဆောင်းပါးစသည့်အချက်အလက်ကုန်ကြမ်းများရှာဖွေပါ။ ဥပမာ ။ အမေရိကန်-ဗီယက်နမ်စစ်ပွဲအဆုံးသတ်၊ (၂၀၀၁)ဒီဇင်ဘာ(၉)ရက်ကမ္ဘာ့ကုန်သွယ်ရေးတိုက်ညီနောင်အား တိုက်ခိုက်မှု၊ သို့မဟုတ်(၂၀၀၄)ဆူနာမီ။ နိုင်ငံမျိုးစုံမှသတင်းစာများနှင့်အင်တာနက်ဝက်ဘ်ဆိုဒ်(internet website)အမျိုးမျိုးကဲ့သို့မတူညီသောအရင်းဇာစ်မြစ်များမှသတင်းအချက်အလက်များနှင့် ဆောင်းပါးများ အား ရှာဖွေပါ။ ထိုသတင်း၊ ဆောင်းပါးများအားမိတ္တူကူး၍ အုပ်စုတစ်စုကို တစ်စုံစီဝေပါ။

အုပ်စုများခွဲ၍ ထိုသတင်း၊ ဆောင်းပါများတွင် အဓိကသတင်းအချက်အလက်များ(အရေးပါသောအချက် များ)ကိုကြည့်ရှုပါ။ ထိုမတူညီသောအရင်းဇာမြစ်များမှ သတင်းအချက်အလက်များတူညီမှုရှိပါသလား။ အ ဘယ်ကြောင့်သတင်းအချက်အလက်များမတူကွဲပြားသနည်း။ ဥပမာ ။ စစ်ပွဲတစ်ပွဲ၏အကြောင်းကိုရေး သားထားသောသတင်းများသည် ပဋိပက္ခတွင်ပါဝင်သောဘက်တစ်ဘက်စီမှ ရေးသားထုတ်ဝေသော သ တင်းစာများအလိုက် ကွဲပြားသည်။ (၂၀၀၄)ဆူနာမီဖြစ်ပြီး နောက်တစ်နေ့တွင် ထုတ်ဝေသောသတင်းစာ များတွင် လူထောင်ဂဏန်းအနည်းငယ်သေဆုံးခဲ့သည်ဟု ရေးသားဖော်ပြခဲ့သည်။ သို့သော် နောက်သီ တင်း ပတ်အနည်းငယ်ကြာပြီးနောက် အရေအတွက်မှာ နှစ်သိန်းကျော်အထိဖြစ်လာခဲ့သည်။ ၄င်းမှာ ရိုက် ခတ်ခံရသော နိုင်ငံများတွင်လူဦးရေ မည်မျှသေဆုံးသည်ကို ဖော်ထုတ်သိရှိရန် အချိန်အလွန်ကြာသော ကြောင့် ဖြစ်သည်။

## လေ့ကျင့်ခန်း

**အဖြေများ –**

၁။ ဃ ၂။ ဃ ၃။ ဃ ၄။ က ၅။ ဂ

## လေ့ကျင့်ခန်း

**အဖြေများ –**

၁။ အဖြစ်အပျက်များ
၂။ သမိုင်းပညာရှင်
၃။ အရင်းအမြစ်များ
၄။ စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာများ
၅။ သဲလွန်စများ
၆။ သုံးသပ်သည်
၇။ ဖြစ်ပျက်စေသောအကြောင်းတရား
၈။ အဓိပ္ပါယ်ပြန်ဆိုသည်

## ဝိုင်းဝန်းအဖြေရှာခြင်း

ကျောင်းသူ၊ ကျောင်းသားများအားသမိုင်းအရင်းအမြစ်များကို ရေးသားစေမည်။ မိနစ်အနည်းငယ်ခွင့်ပြု ပြီးနောက် သူတို့၏အဖြေများမေးမြန်း၍သင်ပုန်းကြီးပေါ်တွင်ရေးသားစေမည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုများခွဲ၍ မိသားစုတစ်စု၏နောက်ခံသမိုင်းကြောင်းလေ့လာမှုကို ကျောင်းသူ၊ ကျောင်းသားများရေး ဆွဲပါ။ သူတို့ထဲမှသူတို့သိကျွမ်းသော တစ်ယောက်ယောက်၏ မိသားစုကိုသော်လည်းကောင်း၊ စိတ်ကူး ယဉ်မိသားစုတစ်စုကိုသော်လည်းကောင်း ရွေးချယ်နိုင်သည်။ သူတို့လိုက်နာရမည့် အဆင့်သုံး ဆင့်ဖြစ် သော လေ့လာခြင်း၊ သုံးသပ်ခြင်း နှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း အဆင့်တို့ကို ကျောင်းသူ၊ ကျောင်းသားများ အား သတိပေးပါ။

မည်သည့်အရင်းအမြစ်များအား အသုံးပြုမည်ကို ကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။ ထိုး ထွင်းစဉ်းစားရန် ကျောင်းကျောင်းသူ၊ ကျောင်းသားများအား တိုက်တွန်းပါ။ (ဥပမာ-အင်္ဂလန်နိုင်ငံရှိ စာ ကြည့်တိုက် များအားသွားရောက်၍ ကိုလိုနီခေတ်မှမှတ်တမ်းများတွင် လုန်လှော့ရှာဖွေကောင်းရှာဖွေ မည်စသည်ဖြင့်)

ရရှိသောအရင်းအမြစ်များအား ကျောင်းသူ၊ကျောင်းသားများ မည်ကဲ့သို့သုံးသပ်မည်နည်း။ ထိုအရင်းအမြစ်များမှန်ကန်တိကျကြောင်းနှင့် ယုံကြည်လက်ခံနိုင်ကြောင်းကို သူတို့မည်ကဲ့သို့စစ်ဆေးမည်နည်း။ မည်သည့်အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းများကိုသူတို့ပြုလုပ်မည်နည်း။

အုပ်စုများခွဲ၍ ကျောင်းသူ၊ကျောင်းသားများ အောက်ပါပုံစံကားချပ်ကိုလေ့လာပြီး အကြံအဉာဏ်များဖြည့်စွက်ပါ။

သင်ပုန်းကြီးတွင် ထိုပုံစံကားချပ်ကိုရေးဆွဲ၍ အုပ်စုများအလိုက်သူတို့၏အမြင်များကိုဖြည့်စွက်ပါ။

**အဖြေဥပမာများ –**




**လေ့ကျင့်ခန်း**

ကျောင်းသူ၊ ကျောင်းသားများဤလေ့ကျင့်ခန်း၏ အချို့အပိုင်းများကိုအိမ်စာအဖြစ်ပြုလုပ်နိုင်ပြီးအချို့ကိုမူအုပ်စုများခွဲ၍သို့မဟုတ်နှစ်ယောက်တစ်တွဲစီတွဲ၍ပြုလုပ်နိုင်သည်။ ဤလေ့ကျင့်ခန်းသည် ကျောင်းသူ၊ ကျောင်းသားများလေ့လာသင်ကြားခဲ့သောသမိုင်းဆိုင်ရာအရင်းအမြစ်များအကြောင်းအားလုံးကိုသူတို့ကိုယ်တိုင်ပြန်လည်လေ့ကျင့်နိုင်ရန်ပြုလုပ်သော ပြန်လည်လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။

အထက်ပါအုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်းလေ့ကျင့်ခန်းတွင် စီစဉ်ချမှတ်ခဲ့သည်များနှင့် စတင်ရမည်ဖြစ်သည်။ အထက်ပါပုံစံကားချပ်အားလည်း သူတို့၏လုပ်ငန်းစဉ်စီမံကိန်းအဖြစ် အသုံးပြုနိုင်သည်။

နံပါတ်(၁)အထောက်အထားများရှာဖွေခြင်းကိုကျောင်းသူ၊ ကျောင်းသားများအိမ်တွင်ပြုလုပ်နိုင်သည်။ ထို့နောက်ရရှိသော အရင်းအမြစ်များအား အတန်းသို့ ယူဆောင်လာစေမည်။ တစ်ယောက်နှင့်တစ်ယောက်အကူအညီပေးနိုင်ရန် အုပ်စုငယ်များဖွဲ့၍နံပါတ်(၂)အား အတန်းထဲတွင် ပြုလုပ်နိုင်သည်။ အကယ်၍ကျောင်းသူ၊ ကျောင်းသားများသူတို့၏ ကိုယ်တိုင်သူတို့ပြုလုပ်ရန်နှစ်သက်လျှင်လည်း ပြုလုပ်နိုင်သည်။

နံပါတ်(၃)အတွက်မူ ကျောင်းသူ၊ ကျောင်းသားများသူတို့လေ့လာခဲ့သော သတင်းအချက်အလက်များအားတစ်ယောက်နှင့်တစ်ယောက်တင်ပြပြောဆိုစေမည်။ ၎င်းနောက်သူတို့၏အဓိပ္ပါယ်ဖွင့်ဆိုခြင်းများကိုစာပိုဒ်အကျဉ်းတစ်ပိုဒ်ရေးသားပြုစုပါ။

## ၂/၃။ အချိန်ပိုင်းခြားသတ်မှတ်ခြင်း (အေဒီနှင့်ဘီစီ)

ကျောင်းသူ၊ ကျောင်းသားများသူတို့ကြိုက်နှစ်သက်ရာဘာသာစကားဖြင့် ရေးသားနိုင်သည်။

ဤအခန်းတွင် အချိန်ကာလအား မည်ကဲ့သို့တိုင်းတာသည်ကို လေ့လာနိုင်သည်။ မြောက်များစွာသော ယဉ်ကျေးမှုအဖွဲ့အစည်းများတွင် ကာလအချိန်တာကိုတိုင်းတာသော သူတို့၏ ကိုယ်ပိုင်နည်းလမ်းများရှိသည်။ အများအားဖြင့် သက်ဆိုင်ရာယဉ်ကျေးမှုအဖွဲ့အစည်း၏ သမိုင်းတွင် အရေးပါသော အဖြစ်အပျက် တစ်ခုမှစတင်လေ့ရှိသည်။ သို့ရာတွင် ကမ္ဘာကြီးတစ်ဘက်နှင့်တစ်ဘက် ပို၍ပို၍ဆက်စပ်နီးစပ်လာသဖြင့် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော အချိန်ကာလပိုင်းခြားနည်းတစ်ခု လိုအပ်လာသည်ကို တွေ့ရှိလာရသည်။

အင်္ဂလိပ်ဘာသာစကားသည် နိုင်ငံဆက်သွယ်ပုံစံဘာသာစကားဖြစ်လာသကဲ့သို့ ခရစ်ယန်ပြက္ခဒိန်မှာလည်း နိုင်ငံတကာတွင် အချိန်ကာလတိုင်းတာမှုပုံစံတစ်ခုအဖြစ် ပြောင်းလဲအသုံးပြု လာခဲ့သည်။ သို့သော် များစွာသောယဉ်ကျေးမှုအဖွဲ့အစည်းများတွင် သူတို့၏ကိုယ်ပိုင်အချိန်ကာလ တိုင်းတာမှုစနစ်ကိုသူတို့၏နယ်မြေဒေသများတွင် ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။

ကျောင်းသူကျောင်းသားများစာပိုဒ်ကိုဖတ်စေ၍ နားမလည်သည်များကို ရှင်းလင်းပြောပြပါ။

**လေ့ကျင့်ခန်း** မေးခွန်း(၁)မှ(၃)အထိအဖြေများသည် ယခုလက်ရှိမည်သည့်ခုနှစ်ဖြစ်သည်အပေါ်တွင်မူတည်သည်။

**အဖြေများ –**

၁။ ဥပမာ – ၂၀၀၈ အေဒီ
၂။ ဥပမာ – ၁၀၀၈ ဘီစီ
၃။ ဥပမာ – ၄၉၄ ဘီစီ
၄။ ခ
၅။ ဃ
၆။ ခ

> အခုအခါတွင် အေဒီနှင့်ဘီစီအစားဘီစီအီးနှင့်စီအီးစကားလုံးများကိုလူသုံးများလာကြသည်။ ထိုဝေါဟာရများကိုဘာသာမတူသူအကြားတွင် ပို၍ရေပန်းစားလက်ခံလာကြသောကြောင့်နောက်တစ်ချိန်အနာဂတ်တွင်ပို၍ပို၍အများအသုံးဝေါဟာရဖြစ်လာလိမ့်မည်။ ယခုအချိန်တွင် အချို့သောအထောက်အထားအရင်းအမြစ်များတွင် စီအီးနှင့်ဘီစီအီးတို့ကိုအသုံးပြုကြသည်။ သို့သော်ကျောင်းသူ၊ ကျောင်းသားများသည် အနာဂတ်တွင်ဤအသုံးအနှုန်းများကိုပိုမိုတွေ့ရှိလာရလိမ့်မည်။

ဤနေရာတွင်ဖော်ပြထားသောပြက္ခဒိန်ပြဇယားမှာကျောင်းသူ၊ ကျောင်းသားများအခြေခံဗဟုသုတရရှိစေရန်သာဖြစ်သည်။ ဇယားထဲတွင်ပါဝင်သောအကြောင်းအရာအလုံးစုံကိုသိရှိရန်မလိုအပ်ပေ။ သို့ရာတွင် ထိုဇယားထဲတွင်ပါဝင်သော အချက်အလက်အကြောင်းအရာများကို ကျောင်းသူကျောင်းသားများ နားလည်သဘောပေါက်ကြောင်းသေချာစေရန် ပြုလုပ်သောလေ့ကျင့်ခန်းများပါဝင်သည်။

သတိပြုရန်မှာ ဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံများအလိုက် ဗုဒ္ဓဘာသာပြက္ခဒိန်တွင်မတူကွဲပြားသောပုံစံများရှိသည်။ ဇယားထဲတွင်ဖော်ပြထားသောပြက္ခဒိန်မှာ မြန်မာနိုင်ငံတွင်အသုံးပြုသော ပြက္ခဒိန်ဖြစ်သည်။

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ဂျူးဘာသာပြက္ခဒိန်
၂။ အစ္စလာမ်ဘာသာပြက္ခဒိန်
၃။ အများအားဖြင့် ဘာသာရေးအထွဋ်အထိပ်ပုဂ္ဂိုလ်များမွေးဖွားခြင်း၊ တရုတ်တွင်ပြက္ခဒိန်ကိုစတင်တီထွင်သည့်အချိန်။
၄။ ၁၁၆၅ နှစ်

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ (၂၁)ရာစုနှစ်

၂။ (၂၀)ရာစု

၃။ ဂ

၄။ ဃ

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ (၂၀)ရာစု။ **၁၉၈၉**၊ ၁၉+၁=၂၀

၂။ (၂၁)ရာစု။ **၂၀၀၄**၊ ၂၀+၁=၂၁

၃။ ခ

၄။ ၁၇၀၀

၅။ နောက်ဆုံးခုနှစ်သည်(၁၇...)နှင့်စတင်၍ အခြားသောခုနှစ်အားလုံးသည် (၁၆...)နှင့်စတင်သည်။

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ၁၈ ရာစု

၂။ ၁၉ ရာစု

၃။ ၁၆ ရာစု

၄။ ၁၇ ရာစု

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

ဤလေ့ကျင့်ခန်းသည် ကျောင်းသူ၊ ကျောင်းသားများအား အချိန်ပြမျဉ်းနှင့်သတင်းအချက်အလက်များ အဖြစ်ပျက်ရာနှစ်ကာလအလိုက် အစဉ်လိုက်စီစဉ်တင်ပြခြင်းတို့ကို မိတ်ဆက်ပေးသည်။ ကျောင်းသူ၊ ကျောင်းသားများအား ထိုင်းနိုင်ငံအကြောင်းမည်မျှသိရှိသည်ကို မေးမြန်းပါ။ **ထိုင်းနိုင်ငံ**၏သမိုင်းကြောင်းတွင်အရေးပါသောအဖြစ်အပျက်များကို ကျောင်းသူ၊ ကျောင်းသားများသိရှိပါသလား။ အဖြေများကို သင်ပုန်းကြီးပေါ်တွင် ဖြစ်ပျက်သည့်အချိန်ကာလအစီအစဉ်အတိုင်း ရေးချပါ။ (အဖြစ်အပျက်များ ဖြစ်ခဲ့သည့်အချိန်ကာလအတိုင်းအစီအစဉ်တကျ)

စာအုပ်ပေါ်တွင်ဖော်ပြထားသော အချိန်ပြမျဉ်းကိုကြည့်ပါ။ ထိုင်းနိုင်ငံသမိုင်းကြောင်းတလျှောက်တွင်ဖြစ်ပျက်ခဲ့သောအရေးပါသော အဖြစ်အပျက်အချို့ကို ဖော်ပြထားသည်။ ဤအချိန်ပြမျဉ်းတွင်တိကျသောနေ့ရက်များမပါဝင်ပေ။ အနီးစပ်ဆုံးခုနှစ်များသာပါဝင်သည်။

အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများသူတို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ဖြစ်ပျက်ခဲ့သော အရေးပါသော အဖြစ်အပျက်များကို စဉ်းစားဆွေးနွေး၍ ဖြစ်ပျက်ခဲ့သောအချိန်ကာလအလိုက်အဖြစ်အပျက်များကိုပြုစုပြီး အချိန်ပြမျဉ်းတစ်ခုရေးဆွဲပါ။

**မှတ်ချက်။** ။ မည်သည့်အချိန်ကာလအပိုင်းအခြားပုံစံအား သူတို့၏အချိန်ပြမျဉ်းပေါ်တွင် အသုံးပြုမည်ကို ကျောင်းသူ၊ ကျောင်းသားများဆုံးဖြတ်ပါစေ။ အချိန်အပိုင်းအခြားသည် အဖြစ်အပျက်လွန်ခဲ့သော (၅)နှစ်က ဖြစ်သလော၊ နှစ်(၅၀)ကဖြစ်ပျက်ခဲ့သလော၊ သို့မဟုတ် နှစ်(၅၀၀) ကဖြစ်ပျက်ခဲ့သလောတို့အပေါ်တွင် မူတည်သည်။ အချိန်ပြမျဉ်းသည် ကွဲပြားသော ခေတ်ကာလအပိုင်းအခြားများနှင့် အချိန်အပိုင်းအခြားများ ခြုံငုံ၍ပါဝင်မည်။ ဥပမာ – အကယ်၍သူတို့အသုံးပြုမည့် အဖြစ်အပျက်များသည် (၁၉၄၈)ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည်လျှင် နှစ်ပေါင်း (၁၅၀၀)မှစတင်၍ မျဉ်း၏နောက်ဆုံးတွင်သာ အဖြစ်အပျက်များကိုစုပြုံ၍ ထည့်သွင်းခြင်းထက် ကာလ(၁၀)နှစ်တာခြားသော အချိန်အပိုင်းအခြားပုံစံကိုကျောင်းသူ၊ ကျောင်းသားများအသုံးပြုသင့်သည်။

# အခန်း (၃)
# ပထဝီဝင်ဘာသာရပ်

ဤပထဝီဝင်ဘာသာရပ်အခန်းတွင် သဘာဝပထဝီဝင်နှင့်လူမှုပထဝီဝင်တို့ကိုမိတ်ဆက်ပေးထားသည်။ ဤအခန်းတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်တို့ကို လေ့လာထား၍ လူများသူတို့၏ပတ်ဝန်းကျင်ကိုသူတို့၏လိုအပ်မှုများနှင့်ကိုက်ညီရန် မည်ကဲ့သို့ပြုပြင်ပြောင်းလဲသည်တို့ကိုလည်း ဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်သည် လူ့အသိုင်းအဝိုင်းနှင့်လူ့ယဉ်ကျေးမှုများအပေါ်တွင်အကျိုးသက်ရောက်မှုရှိသည်ဟူသောအတွေးအခေါ်ကိုလည်းမိတ်ဆက်ပေးသည်။

ကျောင်းသူ၊ ကျောင်းသားများပထဝီဝင်ဘာသာရပ်ကိုဆက်လက်လေ့လာသောအခါမြေပုံနှင့်ပတ်သက်သောကျွမ်းကျင်မှုလိုအပ်သည့်အလျောက် အဓိကမြေပုံနှင့်ပတ်သက်သောအလုပ်များပါဝင်သည်။

## ၃/၁။ ပထဝီဝင်ဆိုသည်မှာအဘယ်နည်း။

ဤပထဝီဝင်ဘာသာရပ်အခန်းသည် ကျောင်းသူ၊ ကျောင်းသားများအား သဘာဝပထဝီဝင်နှင့်လူမှုရေးပထဝီဝင်တို့ကိုမိတ်ဆက်ပေးသည်။ ဤအခန်းသည် သဘာဝပတ်ဝန်းကျင်များနှင့်လူမှုပတ်ဝန်းကျင်များ၊ နှင့်လူများ၄င်းတို့၏လိုအပ်မှုအတွက် သူတို့ပတ်ဝန်းကျင်ကို မည်ကဲ့သို့ပြုပြင်ပြောင်းလဲသည်တို့ကိုပါလေ့လာထားသည်။ သဘာဝပတ်ဝန်းကျင်သည် လူ့အဖွဲ့အစည်းများနှင့်လူ့ယဉ်ကျေးမှုများအပေါ်တွင်အကျိုးသက်ရောက်မှုရှိသည်ဟူသောတွေး ခေါ်ချက်ကိုလည်း ဤအခန်းတွင်မိတ်ဆက်ပေးထားသည်။

ကျောင်းသူ၊ ကျောင်းသားများသည် ပထဝီဝင်ဘာသာရပ်ကို ဆက်လက်လေ့လာသောအခါ မြေပုံနှင့်ပတ်သက်သောကျွမ်းကျင်မှုများလိုအပ်အလျောက် မြေပုံနှင့်စပ်လျဉ်းသောအလုပ်များအပေါ်တွင်လည်း အဓိကအာရုံပြုမှုများလည်း ပါဝင်သည်။

**ဝိုင်းဝန်းအဖြေရှာခြင်း**

ပထဝီဝင်အကြောင်းနှင့် ပထဝီဝင်သည် မည်သည်ကိုလေ့လာခြင်းဖြစ်သည် စသည်တို့အကြောင်းကိုကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။

မိတ်ဆက်စာသားအားကျောင်းသူ၊ ကျောင်းသားများနှင့်အတူဖတ်ကြားပြီးကျောင်းသူ၊ ကျောင်းသားများနားမလည်သည်များကိုရှင်းလင်းပြပါ။ သဘာဝပထဝီဝင်နှင့်လူမှုပထဝီဝင်တို့ကိုနီးစပ်စွာဆက်စပ်နေပုံအကြောင်းကိုအဓိကအလေးထား၍ရှင်းပြပါ။

**ဆွေးနွေးခြင်း**

ပုံ(၁)နှင့်(၂)ကိုလေ့လာ၍၄င်းတို့နှစ်ခုကြားမတူညီမှုများကိုဆွေးနွေးပါ။

မည်သည့်ပြောင်းလဲမှုများကိုဖန်တီးတည်ဆောက်ခဲ့ပြီနည်း။ (ဥပမာ – လယ်ကွင်းများ၊ လမ်းမ၊ အဆောက်အဦးများ၊ သယ်ယူပို့ဆောင်ရေးများ၊ ဆည်မြောင်းများစသည်ဖြင့်)

ကျောင်းသူ၊ ကျောင်းသားများ အချိန်အနည်းငယ်ကြာစဉ်းစားပြီးနောက် အဖြေများကိုသင်ပုန်းကြီးပေါ်တွင်ရေးသားပြုစုစေမည်။ ဤပုံများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်တို့အကြား အပြန်အလှန်ဆက်စပ်နေမှုကို သရုပ်ဖော်ပြသည်။ ပုံ(၂)တွင်တွေ့မြင်ရသကဲ့သို့လူများသည် ၄င်းတို့၏ပတ်ဝန်းကျင်ကို သူတို့ ၏ယဉ်ကျေးမှုနှင့် လိုအပ်မှုများအရ ပြုပြင်ဖန်တီးပြောင်းလဲကြလေသည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ ပုံ(၁)၏သဘာဝပုံပန်းသွင်ပြင်လက္ခဏာများ၊ ပုံ(၂)၏လူမှုပတ်ဝန်းကျင်ပုံပန်းသွင်ပြင်လက္ခဏာများနှင့်ထိုပုံနှစ်ပုံအကြားတွင်ဖြစ်ပေါ်ခဲ့သော ပြောင်းလဲမှုများကျောင်းသူ၊ ကျောင်းသားများစာရင်းရေးသားပြုစုပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ တောင်ကုန်းများ၊ မြစ်များ၊ သစ်တောများ၊ သစ်ပင်များစသည်ဖြင့်၊

၂။ လယ်ကွင်းပြင်များ၊ ခြံစည်းရိုးများ၊ ငါးမွေးမြူရေးကန်များ၊ လမ်းများ၊ အဆောက်အဦးများစသည်ဖြင့်၊

၃။ အဆောက်အဦးများနှင့်လယ်ကွင်းပြင်များအတွက်မြေနေရာရရှိရန်သစ်ပင်များမှာခုတ်လှဲခံရသည်။ အချို့သောတောင်ကုန်းများကို မြေပြန့်များအဖြစ်ဖန်တီးပြောင်းလဲခံရသည်။ မြစ်များကိုကာဆီး၍ ရေကာတာများ၊ ဆည်မြောင်းတည်ဆောက်ပြီး တံတားများကိုလည်း ၄င်းတို့အပေါ်ဖြတ်၍ တည်ဆောက်ထားသည်။ ကုန်းမြေအချို့ကိုတူးဖော်၍ ငါးမွေးကန်များ တည်ဆောက်ထားပြီးဖြစ်သည်။ အချို့သော ကုန်းမြေများပေါ်တွင် ဘိလပ်မြေများဖြင့်လမ်းများတည်ဆောက်ထားသည် စသည်ဖြင့်။

**ဖြည့်စွက်လေ့ကျင့်ခန်းများ**

အကယ်၍သင့်တွင် ဆက်စပ်ဆီလျော်သောပုံများ(ဥပမာ – National Geographic Magazine)ရှိလျှင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဥပမာများကိုပြသနိုင်ရန်ပုံအချို့ကိုရွေးချယ်၍ ထိုသဘာဝပတ်ဝန်းကျင်တွင် မည်သည့်လူမှုပတ်ဝန်းကျင်ပုံသဏ္ဍာန်များကိုဖြည့်စွက်ဖန်တီးထားပြီးဖြစ်ကြောင်းတို့ကိုဆွေးနွေးပါ။ ကျောင်းသားအုပ်စုများအား ပုံများကိုပေး၍ ပုံတွင်ပါဝင်သော သဘာဝပတ်ဝန်းကျင်ပုံပန်းသွင်ပြင်လက္ခဏာများနှင့်လူမှုပတ်ဝန်းကျင်ပုံပန်းသွင်ပြင်လက္ခဏာများကို စာရင်းရေးသားပြုစုစေမည်။ ထို့နောက် သဘာဝပတ်ဝန်းကျင်တွင် လူမှုပတ်ဝန်းကျင်ပုံပန်းသွင်ပြင်လက္ခဏာများဖြစ်ပေါ်လာသောပြောင်းလဲမှုများကိုလည်း ကျောင်းသူ၊ ကျောင်းသားများအားရေးသားပြုစုစေမည်။

# ၃/၂။ ဘူမိဗေဒပညာရှင်များသည်မည်သည်တို့ကိုလုပ်ကိုင်ကြသနည်း။

**လေ့ကျင့်ခန်း**

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ စက်ရုံသည်မည်သည့်နေရာတွင်ရှိသနည်း။ (မြစ်အနီးတွင်)

၂။ အဘယ်ကြောင့်ထိုနေရာတွင်တည်ရှိသနည်း။ (စက်များအတွက်ရေအလွယ်တကူစုပ်ယူရရှိနိုင်သောကြောင့်)

၃။ စက်ရုံထိုနေရာတွင်တည်ရှိနေသောကြောင့် မည်သည့်အကျိုးသက်ရောက်မှုများရှိသနည်း။ (မြစ်များ နှင့် လေထုကိုညစ်ညမ်းစေသည်၊ ထို့အပြင်ထိုစက်ရုံမြေနေရာအတွက် သစ်ပင်များစွာခုတ်ထွင်ရှင်း လင်းခြင်းခံရသည်၊ သို့ရာတွင် လူများစွာအလုပ်အကိုင်များရရှိစေသည်။)

၄။ ထိုစက်ရုံသည်အချိန်နှင့်အတူမည်ကဲ့သို့တိုးတက်ပြောင်းလဲနေသနည်း။ (မည်ကဲ့သို့တိုးတက်ပြောင်းလဲနေသည်ကိုအတိအကျမသိပေ။ တဖြည်းဖြည်းကြီးထွားကောင်းကြီးထွားလာနိုင်သည်။)

၅။ စက်ရုံသည်ထိုသို့အတိုင်းဖြစ်သင့်ပါသလား။ (ကောင်းကျိုးများရှိသကဲ့သို့ဆိုးကျိုးများလည်းရှိသည်၊ သို့ရာတွင် စက်ရုံပိုင်ရှင်များ စက်ရုံမှစွန့်ပစ်သောညစ်ညမ်းသောရေများကို မြစ်များထဲသို့မစွန့်ပစ်နိုင်ရန်အသေအချာစောင့်ကြည့်သင့်သည်။)

၆။ စက်ရုံသည် သဘာဝပတ်ဝန်းကျင်အားထိခိုက်မှုမရှိစေရန် မည်သည့်လုပ်ဆောင်ချက်များသည် အသင့်လျော်ဆုံးဖြစ်မည်နည်း။ (စက်ရုံပိုင်များလိုက်နာရန် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုဆိုင်ရာ ဥပဒေများ ချမှတ်သင့်သည်။)

အထက်တွင်ဖော်ပြခဲ့သောအဖြေများသည် ဥပမာများသာဖြစ်သည်။ ပုံတွင်ဖော်ပြထားသောအခြားသောလက္ခဏာတစ်ခုကိုကျောင်းသူ၊ ကျောင်းသားများရွေးချယ်ကောင်းရွေးချယ်လိမ့်မည်။ ဥပမာ – လမ်းသို့မဟုတ်မြစ်ကိုဆီး၍တည်ဆောက်ထားသောရေကာတာ။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

ဤနေရာတွင် အထက်တွင်ဖော်ပြခဲ့သောကျောင်းသူ၊ ကျောင်းသားများမေးခွန်းအားလုံးကိုမေးမြန်းရန်မလိုပေ။ မေးခွန်းအနည်းငယ်ကိုသာရွေးချယ်၍မတူညီသောအရာများအကြောင်းကိုမေးခွန်းထုတ်သင့်သည်။

**မေးခွန်းဥပမာများ –**

၁။ အဘယ်ကြောင့်လယ်ကွင်းနှင့်လမ်းအကြားတွင်ခြံစည်းရိုးရှိနေသနည်း။
၂။ ထိုခြံစည်းရိုးအချိန်နှင့်အတူမည်ကဲ့သို့ပြောင်းလဲနေသနည်း။
၃။ လူများအပေါ်၎င်း၏အကျိုးသက်ရောက်မှုမှာမည်သည်တို့နည်း။

၁။ အဘယ်ကြောင့်ဗီဒီယိုအခွေငှားဆိုင်ကျွန်တော်၊ ကျွန်မအိမ်ရှေ့တွင်တည်ရှိသနည်း။
၂။ ထိုဆိုင်သည် ကျွန်တော့်သို့မဟုတ်ကျွန်မတို့အိမ်နီးနားချင်းများအားမည်ကဲ့သို့ပြောင်းလဲစေသနည်း။
၃။ ၎င်းဆိုင်သည် ကျွန်တော် သို့မဟုတ် ကျွန်မတို့၏ဘဝအပေါ် မည်ကဲ့သို့ ရိုက်ခတ်သက်ရောက်မှုရှိသနည်း။

**အဖြေဥပမာများ –**

၁။ လူများလယ်ကွင်းထဲသို့ဝင်လာ၍ ဟင်းသီးဟင်းရွက်နှင့်သီးနှံများခူးဆွတ်ခြင်း၊ နွားကြက်များကိုခိုးယူခြင်းတို့မှကာကွယ်ရန်လမ်းမနှင့်လယ်ကွင်းအကြားတွင်ခြံစည်းရိုးကိုဆောက်လုပ်ထားခြင်းဖြစ်သည်။

၂။ ခြံစည်းရိုးမှာယခင်ကဝါးဖြင့်ကာရံဆောက်လုပ်ထား၍ ယခုအခါတွင် ကွန်ကရစ်တိုင်များ၊ သံဆူးကြိုးများဖြင့် တည်ဆောက်ထားသည်။

၃။ လယ်ကွင်းကိုဖြတ်၍ အခြားတစ်ဘက်ရှိရွာသို့လာရသည်မှာလွယ်ကူပြီး လမ်းအတိုင်းသွားလာရသည်မှာလူများအတွက်ပို၍ဝေးလံသည်။ လူများလယ်ပိုင်ရှင်သည်သူတို့ကို မယုံကြည်ဟုထင်မြင်သည်။ ထို့ကြောင့် ရွာသူ၊ ရွာသားများနှင့် ထိုလယ်ပိုင်ရှင်အကြားတွင် မကောင်းမွန်သောဆက်ဆံရေးဖြစ်ပေါ်လာသည်။

၄။ ကျွန်တော် သို့မဟုတ် ကျွန်မတို့အိမ်ရှေ့မှမိသားစုများ ဒီဗီဒီ(DVD)စက်တစ်ခုနှင့် ဒီဗီဒီခွေပြားများဝယ်ယူခဲ့ပြီး၊ ယခုအခါ ဗီဒီယိုခွေငှားဆိုင်တစ်ဆိုင်ဖွင့်ထားသည်။ ဒီဗီဒီခွေပြားတစ်ခွေကို (၂၀၀)ကျပ်ဖြင့် ငှားယူကြည့်ရှုနိုင်သည်။

၂။ ––––––––––––––––––––––––––––––––––––––––––––––––––––––––––––
၃။ ––––––––––––––––––––––––––––––––––––––––––––––––––––––––––––

**ဝိုင်းဝန်းအဖြေရှာခြင်း**

**အဖြေများ –** ဤအသိပညာရှင်၊ အတတ်ပညာရှင်အားလုံးသည် ပထဝီဝင်ကိုသိရှိရန်လိုအပ်သည် –

**ဆရာ၊ ဆရာမများ** – ကျောင်းသူ၊ ကျောင်းသားများအားရှင်းပြရန်၊ **သတင်းထောက်** – သူသို့မဟုတ်သူမရေးသားသောနေရာဒေသအကြောင်းကိုထိုသတင်းထောက်သိရှိရန်၊ **နိုင်ငံရေးသမား** – နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်နိုင်ငံရေးအကြောင်းအရာများနှင့်သက်ဆိုင်သောဆုံးဖြတ်ချက်ကောင်းများပြုလုပ်ရန်၊ **သစ်တောမန်နေဂျာ** – သစ်တောအကြောင်းကိုသိရှိရန်၊ **အစိုးရမဟုတ်အဖွဲ့အစည်းတွင်အလုပ်လုပ်သူ** (**NGO's worker**) – ပတ်ဝန်းကျင်အသိုင်းအဝိုင်းကိုသိရှိရန်၊ **အင်ဂျီနီယာ** – မတူညီသောပတ်ဝန်းကျင်ဒေသများတွင် သင့်လျော်သောအဆောက်အဦးများမည်ကဲ့သို့ဆောက်လုပ်ရမည်ကိုသိရှိရန် စသည်ဖြင့်။

**လေ့ကျင့်ခန်း**

**ဖြစ်နိုင်သောခြေရှိသောအဖြေများ –**

**နိုင်ငံရေးသမား** – မည်ကဲ့သို့ မြေနိမ့်ဒေသတွင်နေထိုင်သူများနှင့် ကုန်းမြင့်ဒေသတွင်နေထိုင်သူများအကြား အပြန်အလှန်အကျိုးပြုလုပ်ဆောင်မှုများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ကျွန်ုပ်တို့တိုးမြှင့်နိုင်မည်နည်း။ ကုန်းမြင့်ဒေသတွင်နေထိုင်သူများမြေနိမ့်ဒေသများမှမည်သည်တို့ကိုလိုအပ်သနည်း။ မြေနိမ့်ဒေသတွင်နေထိုင်သူများကုန်းမြင့်ဒေသမှမည်သည်တို့ကိုလိုအပ်သနည်း။

**အစိုးရမဟုတ်သောအဖွဲ့အစည်းများမှအလုပ်သမား(အန်ဂျီအိုအလုပ်သမား)** – နိုင်ငံ၏အဆင်းရဲဆုံးဒေသများမှပြည်သူလူထုအားကျွန်ုပ်တို့မည်ကဲ့သို့ကူညီရမည်နည်း။ အဘယ်ကြောင့်ထိုပြည်သူများအလွန်ဆင်းရဲကြသနည်း။ သူတို့နေထိုင်ရာဒေသမှာ အလွန်ခြောက်သွေ့သလော။ အခြေအနေအရပ်ရပ်တိုးတက်လာစေရန် မည်သည်တို့ကိုကျွန်ုပ်တို့ပြုလုပ်သင့်သနည်း။

**ဆောက်လုပ်ရေးအင်ဂျီနီယာ** – ဤနေရာသည်မည်သည့်မြေအမျိုးအစားဖြစ်သနည်း။ မိုးမျှော်တိုက်ကြီးများဤမြေပေါ်တွင် တည်ဆောက်လျှင်ခံနိုင်ရည်ရှိမည်လော။ အဆောက်အဦး၏ အခြေခံအုတ်မြစ်ကိုအနက်မည်မျှတည်ဆောက်ရမည်နည်း။ ဤဒေသတွင် မြေငလျင်လှုပ်လေ့ရှိသလော။ ဤအဆောက်အဦးများအတွက် အထူးခိုင်ခံ့သောတည်ဆောက်ပုံလိုအပ်သလော စသည်ဖြင့်။

**ဝိုင်းဝန်းအဖြေရှာခြင်း**

ဤလှုပ်ရှားမှုမှာကျောင်းသူ၊ ကျောင်းသားများတွင်အခြားအကြံဉာဏ်၊ အတွေးအခေါ်များသို့မဟုတ် မေးမြန်းလိုသည်များရှိလျှင် အကြံပြုမေးမြန်းဖို့ရန် သူတို့အားတိုက်တွန်းရန်ဖြစ်သည်။ ဤမေးခွန်းများအဖို့ တိကျသောအဖြေများမရှိပေ။ အကယ်၍ကျောင်းသူ၊ ကျောင်းသားများတွင် အကြံပြုမေးမြန်ရန်မရှိလျှင် ယခုအချိန်အထိ ပထဝီဝင်ဘာသာရပ်နှင့်စပ်လျဉ်း၍ ကျောင်းသူ၊ ကျောင်းသားများတွင် နားလည် သဘောပေါက်မှုမရှိသည်များကို မေးမြန်းရန်တိုက်တွန်းပါ။ စာရွက်များဖြန့်ဝေ၍ ကျောင်းသူ၊ ကျောင်းသား တစ်ယောက်ချင်းမေးခွန်းတစ်ခုစီ အကြံပြုရေးသားစေပါ။ ကျောင်းသူ၊ ကျောင်းသားများ ရေးသား ပြီးနောက် သူတို့မေးခွန်းများကို လိုက်လံသိမ်းဆည်းပြီးစာရွက်များကို ရောနှောလိုက်ပါ။ ရောနှောပြီးနောက် ကျောင်းသူကျောင်းသားတစ်ယောက်စီကို ထိုစာရွက်တရွက်စီ ပြန်ပေးပါ။ ထိုနောက် ကျောင်းသူ၊ ကျောင်းသားသူတို့၏ အတန်းဖော်ရေးသားထားသော မေးခွန်းများကို ကြိုးစား၍ ဖြေကြားစေပါ။

# ၃/၃။ ကမ္ဘာမြေကြီး

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ၉၀

၂။ ၉၀

၃။ ၁၈၀

၄။ ၁၈၀

၅။ ဤမေးခွန်းအဖို့မတူညီသောအဖြေများစွာရှိသည်။ ဥပမာများမှာ..
(က)။ ပေါ်တူဂီ (ခ)။ တရုတ် (ဂ)။ ဂါနာ (ဃ)။ အရှေ့တီမော

၆။ ဥပမာ – အင်ဒိုနီးရှား၊ ဘရာဇီးလ်၊ ဂျာဘင်၊ ကိုလန်ဘီယာ၊ ကွန်ဂို၊ ကွန်ဂိုဒီမိုကရစ်သမ္မတနိုင်ငံ၊ ဆိုမာလီယာ၊ ယူဂန်ဒါ၊ ကီရာဘတ်တီ(Kiribati)၊ ကန်ညာ၊ အက်ကွေဒေါ(Ecuador)၊ မော်လ်ဒိုင်း(ဗ်)(Maldives)

၇။ ဥပမာ – စပိန်၊ အလ်ဂျီးရီးယား(Algeria)၊ ဘာကီးနားဖာဆို(BurkinaFaso)၊ ပြင်သစ်၊ မာလီ(Mali) တိုဂို၊ အင်္ဂလန်။

၈။ ကျောင်းသူ၊ ကျောင်းသားတို့၏မွေးရပ်ဇာတိအပေါ်တွင်မူတည်သည်။
၉။ (က)။ ၁၃ဒီဂရီ မြောက်လတ္တီကျုနှင့် ၁၀၀ဒီဂရီ အရှေ့လောင်ဂျီကျု
(ခ)။ ၃၀ဒီဂရီ မြောက်လတ္တီကျုနှင့် ၃၁ဒီဂရီ အရှေ့လောင်ဂျီကျု
(ဂ)။ ၂၃ဒီဂရီ တောင်လတ္တီကျုနှင့် ၄၆ဒီဂရီ အနောက်လောင်ဂျီကျု
(ဃ)။ ၁၉ဒီဂရီ မြောက်လတ္တီကျုနှင့် ၉၉ဒီဂရီ အနောက်လောင်ဂျီကျု
(စ)။ ၆၀ဒီဂရီ မြောက်လတ္တီကျုနှင့် ၃၀ဒီဂရီ အရှေ့လောင်ဂျီကျု
(ဆ)။ ၄၁ဒီဂရီ တောင်လတ္တီကျုနှင့် ၁၇၄ဒီဂရီ အရှေ့လောင်ဂျီကျု
၁၁။ တောင်ဘက်ဒီဂရီပိုများသောနေရာသည် တောင်ဝင်ရိုးစွန်းနှင့်အနီးဆုံးဖြစ်သည် – ဝေးလ်လင်တန် (Wellington)
၁၂။ တောင်(သို့)မြောက်ဒီဂရီအနည်းဆုံးနေရာသည်အီကွေတာအနီးဆုံးဖြစ်သည် – ဘန်ကောက်

# ၃/၄။ သဘာဝမြေမျက်နှာသွင်ပြင်အနေအထားနှင့်လူဖန်တီးတည်ဆောက်သောမြေမျက်သွင်ပြင်အနေအထား

စာပိုဒ်ကိုဖတ်ကြားပြီး ကျောင်းသူ၊ ကျောင်းသားများနားမလည်သည်များကို ရှင်းလင်းပြပါ။

**ဆွေးနွေးခြင်း**

သင်ယခုလက်ရှိနေထိုင်သောနေရာအကြောင်းကိုဆွေးနွေးပါ။
ဤနေရာဒေသ၏သဘာဝမြေမျက်နှာသွင်ပြင်ပုံပန်းသဏ္ဍာန်အနေအထားတို့မှာမည်သည်တို့နည်း။
လူမှုပတ်ဝန်းကျင်သွင်ပြင်ပုံပန်းသဏ္ဍာန်တို့မှာမည်သည်တို့နည်း။
ကျောင်းသူ၊ ကျောင်းသားတို့၏အကြံဉာဏ်အတွေးအခေါ်ထင်မြင်ယူဆချက်များကိုမေးမြန်းပါ။
ထိုနောက်ကျောင်းသူ၊ ကျောင်းသားများတို့၏အဖြေများကိုသင်ပုန်းကြီးပေါ်တွင်ရေးသားပါ။

**ဥပမာအဖြေများ –**

**သဘာဝမြေမျက်နှာသွင်ပြင်ပုံပန်းသဏ္ဍာန်များ –** ရေကန်၊ သစ်ပင်များ၊ တောင်ကုန်း…
**လူမှုပတ်ဝန်းကျင်သွင်ပြင်ပုံပန်းသဏ္ဍာန်များ –** လမ်း၊ အိမ်များ၊ စက်ရုံများ၊ တက္ကသိုလ်…

**ဆွေးနွေးခြင်း**

ပုံ(၄)နှင့်(၅)ကိုကြည့်ရှု၍ကျောင်းသားသုံးစာအုပ်ထဲမှမေးခွန်းများကိုလေ့လာပါ။
ကျောင်းသူ၊ ကျောင်းသားတို့အားမေးခွန်းများကိုဖြေဆိုစေ၍ အဖြေများကိုသင်ပုန်းကြီးပေါ်တွင်ရေးပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

**ပုံ(၄)** – မြစ်သို့မဟုတ် ရေကန်ထဲမှရေခပ်နေသောအမျိုးသမီးတစ်ဦးကိုသာတွေ့ရသည်။ အိမ်သို့မဟုတ် အခြားအဆောက်အဦးများသို့မဟုတ်လမ်းများကိုမတွေ့ရပေ။ သို့သော်သစ်ပင်အများအပြားကိုတွေ့ရသည်။ အမျိုးသမီးဤနေရာမှလာ၍ ရေခပ်ယူနေခြင်းမှာ သူမ၏အိမ်တွင်ရေဘုံပိုင်မရှိ၍ သို့မဟုတ်ရေမလာ၍ဖြစ်နိုင်သည်။ ရိုးရာရှေးဟောင်းအိမ်တွင်နေထိုင်သည်လည်းဖြစ်နိုင်သည်။ သူမသည်ရှေးဟောင်းရိုးရာအဝတ်အစားကိုဝတ်ဆင်ထားသည်။

**ပုံ(၅)** – ကွန်ဂရစ်အဆောက်အဦးကြီးများကိုတွေ့မြင်ရသည်။ လမ်းများလည်းဖောက်လုပ်ထားသည်။ လမ်းများလူများဖြင့် ကြိတ်ကြိတ်တိုးပြည့်နှက်နေသည်။ မြင်ရသည်မှာ မြို့ကြီးတစ်မြို့၏ မြို့လယ်ခေါင်နှင့်တူသည်။ ကားနှင့်ဘက်စ်ကားများကိုလည်း တွေ့မြင်ရသည်။ သို့သော်သစ်ပင်များကိုမူ မတွေ့ရပေ။ လူအများစုမှာ အလွန်အလျင်စလို သွားလာနေကြပုံပေါ်သည်။ သူတို့သည်သူတို့၏ အလုပ်ခွင်များသို့ သွားလာနေခြင်းဖြစ်ရမည်။

**မှတ်ချက်။** ။*ပြန်လည်သုံးသပ်ခြင်း၊* ဤသင်ရိုးညွှန်းတမ်းတွင်ပါဝင်သောဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်အခန်းအားဤနေရာတွင် ပြန်လည်၍ရည်ညွှန်းသင့်သည်။ ကျောင်းသူ၊ ကျောင်းသားများအား ဖွံ့ဖြိုးတိုးတက်ပြီးကမ္ဘာ(The North)နှင့် ဖွံ့ဖြိုးတိုးတက်ဆဲကမ္ဘာ(The South)ကွဲပြားခြားနားမှုကို သတိပေးသင့်သည်။ သူတို့၏အမြင်တွင် မည်သည့်ပုံသည် မည်သည့်ကမ္ဘာ့ခြမ်းနှင့်သက်ဆိုင်မည်ကို ကျောင်းသူ၊ ကျောင်းသားများအားမေးမြန်းပါ။ အဘယ်ကြောင့် သူတို့ဤကဲ့သို့ထင်မြင်ယူဆသည်ကို မေးမြန်းပါ။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

လေးယောက်သို့မဟုတ်ငါးယောက်တစ်အုပ်စီခွဲ၍လုပ်ဆောင်ပါ။
အုပ်စုများ သူတို့၏ကိုယ်ပိုင်ပတ်ဝန်းကျင် မည်ကဲ့သို့ပြုပြင်ပြောင်းလဲသွားပြီးဖြစ်ကြောင်းကို ဆွေးနွေးပါ။ ပြုပြင်ပြောင်းလဲမှုများကိုရေးသားပြုစုပါ။ သူတို့၏ပတ်ဝန်းကျင်သည် ပုံ(၄)သို့မဟုတ်ပုံ(၅)နှင့်ပို၍နီးစပ်ပါသလား။

**ဖြည့်စွက်လေ့ကျင့်ခန်း**

လူပုံများပါဝင်၍ မတူညီသောသဘာဝပတ်ဝန်းကျင်ပုံများကို သတင်းစာ သို့မဟုတ် မဂ္ဂဇင်းများမှ ဖြတ်တောက်ထုတ်ယူပါ။ လေးယောက် သို့မဟုတ် ငါးယောက်တစ်အုပ်စုစီခွဲ၍ ကျောင်းသူ၊ ကျောင်းသားများအားလေ့ကျင့်ခန်းပြုလုပ်စေမည်။ အုပ်စုတစ်စုစီကိုပုံ(၄)ပုံသို့မဟုတ်(၅)ပုံခွဲဝေပေးပါ။ အများဆုံးပြုပြင်ပြောင်းလဲခံရသောပုံမှ အနည်းဆုံးပြုပြင်ပြောင်းလဲခံရသောပုံအထိ ပုံများကိုအဆင့်ဆင့်အစဉ်လိုက် စီစေမည်။ အုပ်စုအားလုံးပုံများကိုအဆင့်ဆင့်စီပြီးနောက် အတန်းတစ်ခုလုံးစုပေါင်း၍ ထိုနည်းအတိုင်းပုံများကို အဆင့်ဆင့်စီစေမည်။

## လေ့ကျင့်ခန်း

**အဖြေများ –**

၁။ ဂ
၂။ င
၃။ ခ
၄။ ဇ
၅။ ဆ
၆။ ဈ
၇။ က
၈။ ဃ
၉။ ည
၁၀။ စ

# ၃/၅။ မြေမျက်နှာသွင်ပြင်များနှင့်ရာသီဥတုများ

## လေ့ကျင့်ခန်း

**အဖြေများ –**

၁။ ဃ
၂။ ဃ
၃။ က

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများလူများပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာပြုပြင်ပြောင်းလဲနေထိုင်ပုံများသေချာစွာလေ့လာစေပြီး သူတို့ပတ်ဝန်းကျင်အကြောင်းကိုဆွေးနွေးစေမည်။

ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားရန် ကျောင်းသူ၊ ကျောင်းသားများအား တိုက်တွန်းအားပေးပါ။ ဥပမာ – လူများဝါးများကိုအတူတကွနှီးဖြာ၍ ဦးထုပ်များယက်လုပ်ကြသည်။ သစ်ခြောက်များကို အစားအစာချက်ပြုတ်ရန်အတွက် လောင်စာအဖြစ်အသုံးဖြစ်သည်။ နေအပူဒဏ်မှကာကွယ်ရန်အိမ်များကိုဆောက်လုပ်ကြသည်။ အုပ်စုတစ်စုချင်းစီမေးခွန်းများကိုဖြေဆိုပြီး အဖြေများကိုအတန်းထဲတွင် ရှင်းလင်းတင်ပြပါ။ အုပ်စုအများစု၏အဖြေများတူညီမှုရှိပါသလားသို့မဟုတ်သူတို့တွင်မတူညီသောအဖြေများ ရှိပါသလား။

**မှတ်ချက်။** ။ ဤအခန်းကဏ္ဍသည် သဘာဝပတ်ဝန်းကျင်လေ့လာခြင်း၏ မူလအစမိတ်ဆက်ဖြစ်သည်။ ပုံတွင်ဖော်ပြထားသော အချက်အလက်အတွေးအခေါ်များ စတင်မိတ်ဆက်ခြင်းဖြင့်စတင်ပါ။ ဖော်ပြထားသော အစိတ်အပိုင်းသုံးခုသည် တစ်ခုနှင့်တစ်ခုဆက်စပ်နေသည်။ ထိုအစိတ်အပိုင်းသုံးခု စုပေါင်း၍ သဘာဝပတ်ဝန်းကျင် တစ်ခုကိုဖန်တီးတည်ဆောက်သည်။ လူတိုင်းသည် ပတ်ဝန်းကျင်တစ်ခုတွင် နေထိုင်သည်။ လူတို့၏ဘဝနေပုံထိုင်ပုံများနှင့် လူ့ယဉ်ကျေးမှုများကို သဘောပေါက်နားလည်ရန် သူတို့ရှင်သန်နေထိုင်သောပတ်ဝန်းကျင်ကို လေ့လာရန် အရေးကြီးပေသည်။ ပတ်ဝန်းကျင်ကို လေ့လာခြင်းသည် ဤအခန်းကဏ္ဍတွင် ပထမဦးဆုံးအဆင့်ဖြစ်သည်။

## ဆွေးနွေးခြင်း

ပတ်ဝန်းကျင်များလေ့လာနိုင်သော နည်းလမ်းများကိုကျောင်းသူ၊ ကျောင်းသားများဝိုင်းဝန်း၍စဉ်းစားပါ။ အစဉ်လိုက် ပြုစုရေးသားထားသောအချက်များကိုကြည့်ပါ။ ဤအချက်များကို အသုံးပြု၍ပတ်ဝန်းကျင်တစ်ခုကိုသင့်မည်ကဲ့သို့လေ့လာနိုင်မည်ကိုဆွေးနွေးပါ။ ဥပမာ – ဒေသတစ်ခု၏မြေပုံကို ကျွန်ုပ်တို့လေ့လာ၍ တောင်တန်းများ၊ မြစ်များစသည်ဖြင့် မြေမျက်နှာသွင်ပြင်ရှုခင်းများကိုစုံစမ်းသိရှိနိုင်သည်။ ဓါတ်ပုံများကိုကြည့်ရှု၍ ကျွန်ုပ်တို့ဒေသ၏ ရာသီဥတုအကြောင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ရရှိနိုင်သည်။

## ဝိုင်းဝန်းအဖြေရှာခြင်း

ပထမဦးစွာရာသီဥတုဆိုသည်မှာမည်သည်ဖြစ်သည်ဟုသူတို့မြင်ထင်သည်ကိုကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။ သူတို့တွင်ရှိသောထင်မြင်ယူဆချက်များကိုပါဝင်အကြံပြုရန်တိုက်တွန်းပါ။ ဤနေရာတွင်ဖော်ထုတ်ရည်ညွှန်းသင့်သော ဆက်စပ်သက်ဆိုင်သောအရာများမှာ မိုးလေဝသ၊ ရာသီဥတု၊ သဘာဝပေါက်ပင် (သစ်ပင်ပန်းမံအမျိုးအစားအားလုံး)၊ မိုး၊ လေ၊ မြေမျက်နှာသွင်ပြင်စသည်ဖြင့်ဖြစ်သည်။ ဤအရာများအားလုံးသည် ရာသီဥတုနှင့်ဆက်စပ်နေပေသည်။ သင်မှတ်သားနိုင်သော မိုးလေဝသနှင့် ရာသီဥတုတို့နှစ်ခုအကြားကွဲပြားခြားနားမှုမှာ မိုးလေဝသသည်သေချာသောနေရာတစ်ခုတွင်သေချာသောအချိန်၌ဖြစ်ပေါ်သော အပူချိန်၊ လေတိုက်ခတ်နှုန်း စသည်ဖြင့်ဖြစ်၍၊ ရာသီဥတုမှာနှစ်စဉ်နှစ်တိုင်းအမြဲတမ်းလည်ပတ်နေသော နွေ၊ မိုး၊ ဆောင်းစသည်ဖြင့်ဖြစ်သည်။

ဆက်လက်၍ ကျောင်းသူ၊ ကျောင်းသားများအားသူတို့တွေးတော၍ ရသမျှသောရာသီဥတုများကိုပြုစုရေးသားစေမည်။ အကယ်၍ သူတို့အဖြေများမှားခဲ့လျှင် သင်ပုန်းကြီးပေါ်တွင်သာရေးချထားပါ။ အမှားကိုမှန်အောင်ပြုပြင်မပေးပါသေးနှင့်။ ကျောင်းသူ၊ ကျောင်းသားများ ရာသီဥတုအကြောင်းရေးသားထားသောစာပိုဒ်အားဖတ်ကြားပြီးနောက် သူတို့နှင့်အတူအမှားများကိုပြင်ပါ။

ကျောင်းသားသုံးစာအုပ်တွင်ဖော်ပြထားသောစိတ်ကူးမြေပုံမှာအလွန်ရိုးရှင်းသည်။ အကယ်၍စာပိုဒ်ကိုမဖတ်မီကျောင်းသူ၊ ကျောင်းသားများပြုစုရေးသားခဲ့သောအဖြေများမှားခဲ့လျှင် စာပိုဒ်ကိုဖတ်ပြီးနောက်သူတို့၏အဖြေများကို စိတ်ကူးမြေပုံများပေါ်တွင် အမှန်ပြင်စေမည်။

ဤသင်ရိုးညွှန်းတမ်းရှိရာ သီဥတုအကြောင်းရေးသားထားသောစာပိုဒ်သည် အစမိတ်ဆက်သာဖြစ်၍ အလွန်ရှင်းလင်းလွယ်ကူစွာရေးသားထားသည်။ ၄င်းတွင် ကမ္ဘာကြီး၏ရာသီဥတုများအကြောင်းကို အသေးစိတ်ကျကျလေ့လာမထားပေ။ နောင်လာမည့်သင်ရိုးညွှန်းတမ်းများတွင် ရာသီဥတုအမျိုးအစားများအကြောင်းကို ကျောင်းသူ၊ ကျောင်းသားများအသေးစိတ်လေ့လာလိမ့်မည်။

**လေ့ကျင့်ခန်း**

ဤလေ့ကျင့်ခန်းမှာ စာပိုဒ်များအားမဖတ်ကြားမီ ပြုလုပ်ရန်လေ့ကျင့်ခန်းဖြစ်သည်။ သို့ရာတွင် အကယ်၍ကျောင်းသူ၊ ကျောင်းသားများစာပိုဒ်များကိုဖတ်ကြားပြီးမှ ဤလေ့ကျင့်ခန်းကိုပြုလုပ်ခြင်းကပို၍သင့်လျော်သည်ဟုသင်ယူဆလျှင် သင်ပြောင်းလဲ၍ပြုလုပ်နိုင်သည်။ ကျောင်းသူ၊ ကျောင်းသားများသူတို့၏နေရာဒေသရှိရာသီဥတုနှင့်ပတ်သက်စပ်လျဉ်း၍ ထင်မြင်ချက်ပေး၍ သင်တို့၏ထင်မြင်ချက်များအားအတန်းဖော်များနှင့်နှိုင်းယှဉ်လေ့လာစေမည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

မြန်မာနိုင်ငံ၏ အချို့သောရာသီဥတုများသည် စိုစွတ်၍ခြောက်သွေ့သော အပူပိုင်းဒေသရာသီဥတုမျိုးဖြစ်သည်။ အပူပိုင်းဒေသရာသီဥတုကို မုတ်သုံရာသီဥတုဟုလည်းခေါ်သည်။ မုတ်သုံရာသီဥတုသည် အခါရာသီအလျောက်တိုက်ခတ်သောလေများကြောင့် မိုးရာသီတွင်မိုးအလွန်ရွာသွန်းသည်။ မိုးရာသီသည် ခန့်မှန်းခြေအားဖြင့် ဇူလိုင်လမှအောက်တိုဘာလအထိကြာမြင့်သည်။ ဤမုတ်သုံရာသီဥတုတွင် ဥတုသုံးပါးရှိ၍ ခြောက်သွေ့ရာသီနှစ်ခု(နွေရာသီနှင့်ဆောင်းရာသီ)နှင့်စိုစွတ်သောရာသီဥတုတစ်ခု(မိုးရာသီ)တို့ရှိသည်။ မိုးရေချိန်နှင့်အပူချိန်ကို အလွန်ရရှိသည့်အတွက် မုတ်သုံရာသီဥတုတွင် မြောက်မြားစွာသော သစ်ပင်ပန်းပင်များ အလွယ်တကူပေါက်ရောက်သည်။ ဤရာသီဥတုရှိသဘာဝပေါက်ပင်များ မှာ အမြဲစိမ်းတောများဖြစ်သည်။

**ဆွေးနွေးခြင်း**

ဤဆွေးနွေးခြင်း၏အဓိကရည်ရွယ်ချက်မှာ အကြောင်းအရာလေ့လာခြင်းအား ပြန်လည်သုံးသပ်ရန်နှင့် ကျောင်းသူ၊ ကျောင်းသားများမည်မျှသဘောပေါက်နားလည်သည်ကို ဆန်းစစ်ရန်ဖြစ်သည်။ စာပိုဒ်ပေါ်တွင်အခြေခံ၍မေးခွန်းများကိုဆွေးနွေးပါ။

**အဖြေများ –**

**၁။** ဝင်ရိုးစွန်းရာသီဥတု

**၂။** ဆောင်းရာသီနှင့်နွေရာသီနှစ်ရာသီလုံးတွင်အလွန်အေး၍ မြေလွှာသည်တစ်နှစ်ပတ်လုံးရေခဲများဖြင့်ဖုံးလွှမ်းနေသည်။ ထို့ကြောင့်သီးနှံပင်များစိုက်ပျိုးရန်မဖြစ်နိုင်ပေ။ နွေရာသီတွင် အပင်ငယ်အချို့နှင့်ရေညှိပင်များအချို့နေရာများပေါက်ရောက်သည်။

**၃။** အင်းညူးအစ်လူမျိုးများသည် ငါးဖမ်းခြင်းနှင့်သားရဲတိရိစ္ဆာန်အမဲလိုက်ခြင်းများကိုအစားအစာရရှိရန်အတွက်ပြုလုပ်ကြသည်။ ဟင်းသီးဟင်းရွက်များစားသုံးခြင်းမရှိပေ။ အထပ်ပေါင်းများစွာဖြင့် ယက်လုပ်ထားသည့် နွေးထွေးသောအဝတ်အထည်များကို ဝတ်ဆင်ကြသည်။ သူတို့သည်ရေခဲပြင်များအောက်တွင်မည်ကဲ့သို့ငါးဖမ်းရသည်ကိုသိရှိသည်။

**၄။ ဥပမာအဖြေ –** အင်းညူးအစ်များသည် ကနေဒါအစိုးရမှထောက်ပံ့ပေးသောကျောင်းများတွင်တက်ရောက်ပညာသင်ကြားခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုရရှိနိုင်သည်။ နွေးထွေးသောအဝတ်အထည်များကိုဝတ်ဆင်သော်လည်းအများစုမှာ အနောက်တိုင်းပုံစံများဖြစ်နိုင်သည်။ ငါးနှင့်အသားများအပြင် ဆိုင်များမှဝယ်ယူ၍ အခြားအစားအစာအမျိုးမျိုးကိုလည်း စားသုံးကောင်းစားသုံးနိုင်သည်။

**လေ့ကျင့်ခန်း**

အကယ်၍သင့်၏ကျောင်းသူ၊ ကျောင်းသားများပုံရေးဆွဲခြင်းကိုနှစ်သက်လျှင် ဤလေ့ကျင့်ခန်းမှာ စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသောလေ့ကျင့်ခန်းဖြစ်သည်။ ပုံရေးဆွဲခြင်းကိုမနှစ်သက်လျှင် အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများ အင်းညျုးအစ်တို့၏နေပုံထိုင်ပုံအကြောင်းကိုအသေးစိတ်ကျကျဆွေးနွေးနိုင်သည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အထက်တွင်ပြုလုပ်ခဲ့သောလေ့လာချက်မှာ ဤလေ့ကျင့်ခန်းအဖို့သင့်လျော်သောဥပမာတစ်ခုဖြစ်သည်။ သို့ရာတွင် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ထိုလေ့လာချက်ကဲ့သို့ပြည့်စုံကျယ်ပြန့်သောသရုပ်ဖော်ရေးသားရန်မလိုပေ။

# ၃/၆။ မြေပုံများ

## မိတ်ဆက်

ကျောင်းသူ၊ ကျောင်းသားများ၏ထင်မြင်ယူဆချက်များကိုမေးမြန်း၍ သင်ပုန်းကြီးပေါ်တွင်ရေးသားပါ။ ဤတစ်ကြိမ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသလမ်းပြမြေပုံကို ကျောင်းသူ၊ကျောင်းသားများမည်ကဲ့သို့အသုံးပြုမည်ကိုဆွေးနွေးပါ။

- နေရာဒေသတစ်ခုမှအခြားနေရာဒေသတစ်ခုသို့သွားလာရန်လိုအပ်သောလမ်းကြောင်းကိုအကြမ်းဖျင်းတွေ့နိုင်သည်။
- နေရာဒေသတစ်ခုအခြားနေရာဒေသတစ်ခုသို့အကွာအဝေးကိုနှိုင်းယှဉ်နိုင်သည်။
- မည်သည့်ဒေသတို့သည်သင့်အနီးအနားတစ်ဝိုက်တွင်တည်ရှိသည်ကိုမြင်တွေ့နိုင်သည်။
- မြန်မာနိုင်ငံအလယ်ပိုင်းရှိလမ်းမကြီးများနှင့်မြစ်ကြီးများကိုမြင်တွေ့နိုင်သည်။
- မည်သည့်လမ်းမကြီးများကမြို့များအကြားတွင်ဆက်သွယ်ထားသည်ကိုမြင်တွေ့နိုင်သည်။
- မည်သည့်နေရာဒေသများကမည်သည့်ပြည်နယ်(သို့)တိုင်းတို့တွင်တည်ရှိသည်ကိုမြင်တွေ့နိုင်သည်၊

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ အဓိကလမ်းမကြီးမှာ မြောက်ဘက်သို့ပဲခူးတိုင်းကိုဖြတ်၍ပဲခူးမှတောင်ငူ၊ ၄င်းနောက်စစ်တောင်းမြစ်အတိုင်းပျဉ်းမနား၊ မိတ္ထီလာနှင့်ထိုမှတဆင့်မန္တလေးတိုင်းအတွင်းသို့ဝင်ရောက်လာ၍မြို့တော်မန္တလေးသို့။

၂။ ကီလိုမီတာ(၁၀၀)ခန့်။ (ဤအကွာအဝေးမှာရန်ကုန်မြို့နှင့်ပဲခူးမြို့တို့အကြားအဖြောင့်တိုင်းတာထားခြင်းဖြစ်သည် – အဆိုပါမြို့နှစ်မြို့အကြားဆက်သွယ်ထားသောလမ်းမှာမူအဖြောင့်အတိုင်းတည်ဆောက်ထားခြင်းမဟုတ်၍ပို၍ရှည်လျားသည်။)

၃။ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနားနှင့်မိတ္ထီလာစသည့်မြို့လေးမြို့။

**ဝိုင်းဝန်းအဖြေရှာခြင်း**

၁။ မြေပုံများသည်သယ်ယူရအလွန်လွယ်ကူသည်ဟုကျောင်းသူ၊ ကျောင်းသားများပြောကောင်းပြောဆိုနိုင်သည်။ ထို့အပြင် နေရာဒေသများကိုအသေးစိတ်ဖော်ပြသောမြေပုံများကိုကျွန်ုပ်တို့ရေးဆွဲနိုင်သည်။ ဥပမာ – နိုင်ငံတစ်နိုင်ငံမြေပုံသို့မဟုတ်မြို့တော်တစ်ခု၏မြေပုံစသည်ဖြင့်။ သို့ရာတွင် မြို့တိုင်းရှိ လမ်းမများကိုဖော်ပြသောကမ္ဘာလုံးပုံတစ်ခုကိုကျွန်ုပ်တို့ရေးဆွဲပြုလုပ်၍မရပေ။
ကမ္ဘာလုံးသည် ကမ္ဘာမြေကြီး၏ပုံသဏ္ဌာန်တူဖြစ်သည့်အတိုင်း ကမ္ဘာမြေကြီးပုံကိုသရုပ်ဖော်ပြရန်အလွန်မှန်ကန်တိကျသောနည်းလမ်းတစ်ခုဖြစ်သည်။ ကမ္ဘာလုံးသည်အလွန်ငယ်သော စကေးအကျဉ်း ကိုအသုံးပြု၍ရေးဆွဲထားခြင်းဖြစ်သည်။ (စကေးအကြောင်းကိုကျောင်းသူ၊ ကျောင်းသားများ နောင်လာ

မည့်အခန်းတွင်လေ့လာရလိမ့်မည်။) ကမ္ဘာလုံးပုံသည် နိုင်ငံများနှင့်တိုက်ကြီးများမည်သည့်နေရာတို့တွင်တည်ရှိသည်ကို တစ်ခုနှင့်တစ်ခုနှိုင်းစာ၍ကြည့်ရှုလေ့လာရန် အလွန်ကောင်းသောနည်း လမ်းတစ်ခုဖြစ်သည်။

၂။ ကျောင်းသူ၊ ကျောင်းသားများ ကမ္ဘာလုံးပုံကိုပြန့်ပြူးသောမျက်နှာပြင်တစ်ခုပေါ်တွင် ဖော်ပြရန် မတူညီသောနည်းလမ်းများကို ဆွေးနွေးစေမည်။ ဘဲဥပုံမြေပုံများသို့မဟုတ်ကမ္ဘာလုံးပုံကို ဖြန့်ထားသောမြေပုံများကိုကျောင်းသူ၊ ကျောင်းသားများယခင်ကတွေ့မြင်ဖူးကောင်းမြင်ဖူးနိုင်သည်။

## ဝိုင်းဝန်းအဖြေရှာခြင်း

မတူညီသောမြေပုံဥပမာအချို့မှာ – *သဘာဝမြေမျက်နှာသွင်ပြင်ပြမြေပုံ၊ နိုင်ငံရေးမြေပုံ၊ မြေမျက်နှာသွင်ပြင်ပြကွန်တိုမြေပုံ၊ လူဦးရေပြမြေပုံ၊ ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များကိုဖော်ပြသောမြေပုံ၊ သဘာဝပေါက်ပင်ပေါက်ရောက်ပုံပြမြေပုံ* စသည်ဖြင့်။

အကယ်၍ကျောင်းသူ၊ ကျောင်းသားများတွင် မည်သည့်စိတ်ကူးထင်မြင်ချက်မှမရှိလျှင် အထက်ပါဥပမာအချို့ကိုပြောဆိုပါ။

## ဆွေးနွေးခြင်း

ဤသင်ရိုးညွှန်းတမ်းရှိဖွံ့ဖြိုးတိုးတက်မှုအခန်းတွင် လေ့လာခဲ့သောမြေပုံသည် ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များပြမြေပုံဖြစ်သည်။ ထိုမြေပုံအမျိုးအစားသည် ကမ္ဘာပေါ်တွင်ဆင်းရဲသောနိုင်ငံများနှင့်ချမ်းသာသောနိုင်ငံများတည်ရှိပုံအချက်အလက်များကိုဖော်ပြသည်။

### လေ့ကျင့်ခန်း

**အဖြေများ –**

**သဘာဝမြေမျက်နှာသွင်ပြင်ပြမြေပုံ –** တောင်တန်းများ၊ ချိုင့်ဝှမ်းများ၊ မြစ်များ၊ အင်းအိုင်များ၊ ပင်လယ်များ၊ ကုန်းမြေ။
**နိုင်ငံရေးမြေပုံ –** နိုင်ငံများ၏နယ်စပ်မျဉ်းများနှင့်အရေးပါသောမြို့ကြီးများ။
**လူဦးရေပြမြေပုံ –** ဒေသအမျိုးမျိုးတို့တွင်နေထိုင်သောလူဦးရေ။
**ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များပြမြေပုံ –** ပျမ်းမျှလူ့သက်တမ်း၊ စုစုပေါင်းအမျိုးသားထုတ်ကုန်(သို့) စာတတ်မြောက်မှုနှုန်းအချက်အလက်များ
**မြေမျက်နှာသွင်ပြင်ပြကွန်တိုမြေပုံ –** မြေမျက်နှာတစ်ခု၏ပင်လယ်ရေမျက်နှာပြင်မှတိကျသောအမြင့်နှင့် ထိုမြေမျက်နှာသွင်ပြင်နှင့်သက်ဆိုင်သောအချက်အလက်များ။
**သဘာဝပေါက်ပင်များပေါက်ရောက်ရာပြမြေပုံ –** ဒေသများအလိုက်ပေါက်ရောက်သောအပင်များ။

စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုလုပ်ငန်းများ၊ နိုင်ငံအတွင်းဝင်ငွေဖြန့်ဖြူးစီဆင်းပုံ၊ ဒေသအလိုက်ကွဲပြားသောဘာသာစကားများ၊ နိုင်ငံခြားတိုင်းပြည်များတွင် အခြေစိုက်ထားသောစစ်စခန်းများ စသည်တို့ကို မြေပုံများတွင်ဖော်ပြလေ့ရှိသည်။

## လေ့ကျင့်ခန်း

**အဖြေများ –**

၁။ ဂ
၂။ ခ
၃။ က
၄။ ဃ

စကေးအကြောင်းရေးသားထားသော စာပိုဒ်အား ကျောင်းသူ၊ ကျောင်းသားများနှင့်အတူဖတ်ကြား၍ သူတို့နားလည်းသဘောမပေါက်သည်များကိုရှင်းလင်းပြောဆိုပါ။

**လေ့ကျင့်ခန်း**

ဤလေ့ကျင့်ခန်းအဖို့ အဖြေများမှာ စကေးသင်ခန်းစာရှိလေ့ကျင့်ခန်းများကဲ့သို့ အနီးစပ်ဆုံးခန့်မှန်းခြေများသာဖြစ်၍အတိအကျမဟုတ်ပေ။

**အဖြေများ –**

ခန့်မှန်းခြေအားဖြင့် ၅၄.၃ ကီလိုမီတာ

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ၅.၅ စင်တီမီတာ

၂။ ၈၂၅ ကီလိုမီတာခန့်

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ၁၀ စင်တီမီတာ

၂။ ၁၀ ကီလိုမီတာ

**ဆွေးနွေးခြင်း**

**အဖြေများ –**

**ပုံ(၁၆)**သည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတို့အား ဖော်ပြထားသောနယ်မြေဒေသပြ မြေပုံတစ်ခုဖြစ်၍ ကြီးမားသောဒေသတစ်ခုဖော်ပြထားပြီး အသေးစိတ်အချက်အလက်များ မပါဝင်ပေ။
**ပုံ(၁၈)**သည် ရန်ကုန်မြို့တော်၏ မြို့လယ်တစ်နေရာကိုဖော်ပြသောပုံဖြစ်၍ သေးငယ်သောနေ ရာတစ်ခုဖြစ်ပြီး လမ်းများကိုအသေးစိတ်ဖော်ပြထားသည်။

စကေး။ **ပုံ(၁၆)** – ၁း ၁၅၀၀၀၀၀၀

**ပုံ(၁၈)** – ၁း ၅၀၀၀၀

**ပုံ(၁၆)**သည် **စကေးအကျဉ်း** ဖြင့် ရေးဆွဲထားသော မြေပုံတစ်ပုံဖြစ်သည်။ စကေး၏လက်ယာဘက် ကိန်းဂဏန်းအရေအတွက်သည် **ပုံ(၁၈)**စကေး၏ လက်ယာဘက်ကိန်းဂဏန်းအရေအတွက်ထက်ပို၍ကြီးသည်။ ရန်ကုန်မြို့လယ်၏ပုံသည် စကေးကြီးကြီးဖြင့် ရေးဆွဲထားသောမြေပုံ တစ်ပုံဖြစ်၍ စကေးလက်ယာဘက်ကိန်းဂဏန်းမှာ ယခင်မြေပုံများလောက်မကြီးပေ။ ဤမြေပုံမှာ နယ်မြေဒေသတစ်ခု၏ မြေပုံဖြစ်သည်။

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ခ

၂။ က

၃။ ခ

၄။ ဃ

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများမြေပုံများကိုလေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

**အဖြေများ –**

၁။ *(က)* ခ။ *(ခ)* က နှင့် ဂ။ *(ဂ)* ဃ

၂။ ခ

၃။ ဃ

**ဆွေးနွေးခြင်း**

မြေပုံတစ်ပုံစီအတွက်ကျောင်းသူ၊ ကျောင်းသားများထံမှ အဖြေများကိုတောင်းခံပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

**မြေပုံ(က)**သည် မြို့များ၊ အခြားသောပြည်နယ်များ၊ နိုင်ငံများနှင့်ထိစပ်နေသောနယ်နိမိတ်များနှင့်မြစ်များကိုဖော်ပြသည်။

**မြေပုံ(ခ)**သည် လမ်းများ၊ မီးရထားဘူတာနှင့် မြို့ထဲရှိအခြားနေရာများနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ဖော်ပြသည်။

**မြေပုံ(ဂ)**သည် ကျွန်းများ၏ပုံသဏ္ဍာန်များ၊ ကုန်းမြေ၊ ရေပြင်နှင့်နိုင်ငံများ၏အမည်ကိုဖော်ပြသည်။

**မြေပုံ(ဃ)**သည် တိုက်ကြီးများနှင့်သမုဒ္ဒရာများကိုပုံသဏ္ဍာန်များကိုဖော်ပြသည်။

**လေ့ကျင့်ခန်း**

ဤလေ့ကျင့်ခန်းသည် ကျောင်းသူ၊ ကျောင်းသားများတစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်လုပ်ဆောင်နိုင်သောအစီအစဉ်တစ်ခုဖြစ်သည်။ သူတို့နေထိုင်ရာဒေသနှင့်သက်ဆိုင်သောမြေပုံတစ်ခုရေးဆွဲပါ။ စကေးအကျဉ်းဖြင့် ဒေသတစ်ခုလုံးပုံကိုရေးဆွဲမည်လော သို့မဟုတ် စကေးကြီးကြီးဖြင့် စာသင်ခန်းပတ်ဝန်းကျင်ပုံကို ရေးဆွဲမည်လောစသည်တို့ကိုကျောင်းသူ၊ ကျောင်းသားဆုံးဖြတ်နိုင်သည်။
ထို့နောက်အုပ်စုအားလုံးသူတို့၏မြေပုံများကိုအတန်းထဲတွင်တင်ပြဆွေးနွေးစေမည်။ အကယ်၍ကျောင်းသူ၊ ကျောင်းသားများဤလေ့ကျင့်ခန်းကိုတစ်ဦးချင်းပြုလုပ်ခဲ့လျှင် သူတို့၏မြေပုံများပေါ်တွင် လက်မှတ်ရေးထိုးစေ၍ မြေပုံများကိုအတန်း၏နံရံပေါ်တွင်ချိတ်ဆွဲစေပြီး ကျောင်းသူ၊ ကျောင်းသားများအားသူတို့တစ်ဦးချင်းစီ၏မြေပုံများကို(၁၀)မိနစ်(၁၅)မိနစ်ခန့်လိုက်လံကြည့်ရှုစေမည်။

# ၃/၇။ သုံးသပ်ခြင်း(သို့မဟုတ်)နိဂုံးချုပ်ခြင်း

**ဝိုင်းဝန်းအဖြေရှာခြင်း**

ဤလုပ်ဆောင်ချက်၏အဓိကရည်ရွယ်ချက်မှာ ဤပထဝီဝင်အခန်းအားအကျဉ်းချုပ်ပြန်လည်သုံးသပ်ရန်ဖြစ်သည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

မြေပုံများကိုကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ လှည့်လည်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ရာသီဥတုများကိုလေ့လာခြင်းဖြင့်လည်းကောင်း၊ ‘ပထဝီဝင်ဆိုင်ရာ’မေးခွန်းများကိုမေးမြန်းခြင်းဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုပုံစံများကို စဉ်းစားခြင်းဖြင့်လည်းကောင်းစသည်ဖြင့်။

**ဆွေးနွေးခြင်း**

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ တစ်နေရာမှတစ်နေရာသို့သွားလာရာလမ်းကြောင်းများကိုရှာဖွေရန်၊ ဒေသတစ်ခု၏ရာသီဥတုကိုသိရှိရန်(မိုးလေဝသမြေပုံ)၊ နိုင်ငံတစ်နိုင်ငံတွင်အသက်(၁)နှစ်မပြည့်မီ ကလေးအရေအတွက် မည်မျှသေဆုံးသည်ကိုသိရှိရန် (လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုပြမြေပုံ)၊ တောင်တန်းများ၏အမြင့်ကိုသိရှိရန် (မြေမျက်နှာ သွင်ပြင်ပြကွန်တိုမြေပုံ)စသည်ဖြင့်။

၂။ သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာ၍ သင်လေ့လာခဲ့သည်များကိုပိုင်းခြားစီစစ်၊ စစ်ဆေးပြီး ထိုလေ့လာသုတသနပြုမှုများမှနေ၍ သုံးသပ်ခြင်းများကို ပြုလုပ်ရန်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ ဤသင်ခန်းစာမှလေ့လာသင်ကြားခဲ့သည်များကို ကျောင်းသူ၊ ကျောင်းသားများဖော်ပြပါ စိတ်ကူးမြေပုံတွင် ဖြည့်စွက်စေမည်။ ကျောင်းသားသုံးစာအုပ်ထဲတွင် အဆင့်တစ်ဆင့်စီအတွက်ဥပမာ တစ်ခုစီဖော်ပြပေးထားသည်။ အကယ်၍ကျောင်းသူ၊ ကျောင်းသားများအခက်အခဲတွေ့လျှင် အမျိုးအစားတစ်ခုစီအတွက်အောက်ပါဥပမာများကိုပေးခြင်းဖြင့်ကျောင်းသူ၊ ကျောင်းသားများကိုအကူအညီပေးနိုင်သည်။

A – သဘာဝပေါက်ပင်များ ပေါက်ရောက်ရှင်သန်ပုံ (မည်သည့်အပင်အမျိုးအစားများပေါက်ရောက်သည်)၊ ရာသီဥတု၊ သဘာဝမြေမျက်နှာသွင်ပြင်လက္ခဏာများကိုလေ့လာခြင်း၊ မြေပုံများကိုလေ့လာခြင်း၊ အစီရင်ခံစာသတင်းများကိုဖတ်ကြားခြင်း၊ ဒေသခံအဖွဲ့အစည်းများကိုနှင့်ပြောဆိုခြင်းစသည်ဖြင့်။

B - ကောင်းကျိုး၊ ဆိုးကျိုးများကိုဆွေးနွေးခြင်း၊ သင့်ရှာဖွေတွေ့ရှိမှုများကိုနိဂုံးချုပ်ခြင်းစသည်ဖြင့်။

C – သင်၏ထင်မြင်ယူဆချက်များကိုသင့်ပတ်ဝန်းကျင်ရှိလူများနှင့်ဆွေးနွေးခြင်း၊ ထိုးထွင်းစဉ်းစားခြင်း၊

**လေ့ကျင့်ခန်း**

ကျောင်းသူ၊ ကျောင်းသားများသူတို့နေထိုင်သောပတ်ဝန်းကျင်(သို့မဟုတ်သူတို့ကောင်းစွာသိရှိသောအခြားပတ်ဝန်းကျင်တစ်ခု)အကြောင်းကိုဖော်ပြသောစာပိုဒ်တစ်ပိုဒ်သို့မဟုတ်နှစ်ပိုဒ်ရေးသားပါ။ နေရာဒေသ၏သဘာဝပတ်ဝန်းကျင်ပုံပန်းသဏ္ဌာန်များကိုရေးသားဖော်ပြခြင်းဖြင့်စတင်သင့်သည်။ ထို့နောက်လူမှုပတ်ဝန်းကျင်ကိုတည်ဆောက်ရာတွင်ဖြစ်ပေါ်ပြောင်းလဲခဲ့သည့်အကြောင်းကိုထည့်သွင်းရေးသားသင့်သည်။ ကျောင်းသူ၊ ကျောင်းသားများအားသူတို့ကြိုက်နှစ်သက်ရာဘာသာစကားဖြင့်ရေးသားရန်တိုက်တွန်းပါ။

# အခန်း (၄)
# ဘောဂဗေဒဘာသာရပ်

ဤအခန်းတွင် ကုန်စည်နှင့်ဝန်ဆောင်မှုတို့မှာမည်သည်တို့နည်း၊ တန်ဖိုးဆိုသည်မှာအဘယ်နည်း၊ ရောင်းလိုအား နှင့်ဝယ်လိုအားဥပဒေသဆိုသည်မှာ အဘယ်နည်း စသည်ဖြင့် ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရား များကိုမိတ်ဆက်ပေးထားသည်။

ငွေကြေးဆိုသည်မှာအဘယ်နည်း။ အဘယ်ကြောင့်ငွေကြေးကိုကျွန်ုပ်တို့အသုံးပြုကြသနည်းစသည်ဖြင့် ငွေကြေး ကိုလေ့လာသောကဏ္ဍလည်းပါဝင်သည်။ ကုန်ပစ္စည်းချင်းတိုက်ရိုက်ဖလှယ်သည့်စနစ်နှင့်၊ ထိုစနစ်နှင့်ငွေကြေးစနစ် တို့အကြားကွဲပြားမှုများကိုလည်းလေ့လာထားသည်။

## ၂/၁။ ဘောဂဗေဒဆိုသည်မှာအဘယ်နည်း။

**ဝိုင်းဝန်းအဖြေရှာခြင်း** ကုန်စည်နှင့်ဝန်ဆောင်မှုဥပမာအချို့ကိုကျောင်းသူ၊ ကျောင်းသားများနှင့်အတူဝိုင်းဝန်းအဖြေရှာ၍ အဖြေများကိုဇယားတွင်ဖြည့်စွက်ပါ။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

လေးယောက် သို့မဟုတ် ငါးယောက်တစ်အုပ်စုစီခွဲ၍လုပ်ဆောင်ပါ။ အုပ်စုတစ်စုစီထဲမှ တစ်ယောက်ကို စာရေးအဖြစ်ရွေးချယ်ပါ။ အုပ်စုများ ကုန်စည်တစ်ခု၊ ဝန်ဆောင်မှုတစ်ခုစီစာရင်းပြုစုပါ။ လှုပ်ရှားမှုပြုရန် ကျောင်း သူ၊ ကျောင်းသားများအားသုံးမိနစ်အချိန်ပေးပါ။ ထို့နောက်မည်သည့်အုပ်စုတွင်အရေအတွက် အများဆုံး ရရှိ သည်ကိုကြည့်ပါ။ ရလဒ်များကိုသင်ပုန်းကြီးတွင်ရေးသားပါ။

၁။ အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများသူတို့၏ ပတ်ဝန်းကျင်တွင်အသုံးများသော ကုန်စည်(၅) မျိုးကို ရွေးချယ်၍ထိုကုန်စည်များကိုမည်သည့်နေရာမှရရှိသည်၊ မည်သူတို့ကထုတ်လုပ်သည်တို့ကို ဖော်ထုတ်ရှာဖွေပါ။ ဥပမာ –ဆန် – ကျေးလက်ဒေသများမှတင်ပို့သည်၊ လယ်သမားများကထုတ်လုပ်သည်။

၂။ အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများသူတို့၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အသုံးများသော ဝန် ဆောင်မှု(၅)မျိုးကိုရွေးချယ်၍ဤဝန်ဆောင်မှုများကိုမည်သူတို့ကပြုလုပ်သည်၊ မည်သူတို့ကထို သူတို့ကို အခကြေး ငွေပေးသည်တို့ကိုဖော်ထုတ်ပါ။ ဥပမာ –ဆရာမ –သက်ဆိုင်ရာပတ်ဝန်းကျင်အသိုင်းအဝိုင်းမှလာသည်။ စာသင် ကြားပေးရန်ပညာရေးဌာနမှအခကြေးငွေပေးသည်။

**ဖြည့်စွက်လေ့ကျင့်ခန်း**

ဤကစားနည်းအားကုန်စည်နှင့်ဝန်ဆောင်မှုများအကြောင်းကိုလေ့ကျင့်ရန်ကျောင်းသူ၊ ကျောင်းသားများ နှင့်လုပ်ဆောင်ပါ။

၁။ သင်ပုန်းကြီးအား ' ကုန်စည် ' နှင့် ' ဝန်ဆောင်မှု ' ဟူ၍နှစ်ပိုင်းခွဲခြားပါ။

၂။ ကျောင်းသူ၊ ကျောင်းသားများအားအုပ်စုနှစ်စုခွဲခြားပါ။ ကစားပွဲအလှည့်တစ်လှည့်စီအတွက်အုပ်စုတစ် စုမှကိုယ်စားလှယ်တစ်ယောက်စီရွေးချယ်ပါ။ ပထမအလှည့်တွင် အုပ်စုနှစ်စုလုံးကုန်စည်ဥပမာတစ်ခုကိုရွေး ချယ်ပါ။ ရွေးချယ်နေစဉ်အတွင်း အုပ်စုကိုယ်စားလှယ်နှစ်ယောက်လုံး အတန်းအပြင်သို့ထွက်ခိုင်းပါ။ သို့မဟုတ်လျှင်ဆရာ(သို့)ဆရာမကိုယ်တိုင်အုပ်စုနှစ်စုအား စကားလုံးတစ်လုံးစီအကြံပြုပါ။

၃။ ကိုယ်စားလှယ်များအတန်းထဲသို့ပြန်ဝင်လာ၍အားလုံး၏ရှေ့တွင်ရပ်စေမည်။ အုပ်စုများစတင်၍သူတို့ ၏ကုန်စည်ဥပမာပုံသဏ္ဍာန်သရုပ်ဆောင်ပြစေမည်။ ကိုယ်စားလှယ်များက သရုပ်ဆောင်ပြသည်ကိုကြည့် ၍ကုန်စည်၏အမည်ကိုယှဉ်ပြိုင်ခန့်မှန်းရမည်ဖြစ်သည်။ ကိုယ်စားလှယ်တို့၏ခန့်မှန်းချက်များမှန်ကန်လျှင် အမှတ်တစ်မှတ်ရရှိမည်ဖြစ်သည်။

၄။ နောက်အလှည့်တစ်ခုအတွက် နောက်ထပ်ကိုယ်စားလှယ်အသစ်တစ်ယောက်ရွေးချယ်ပါ။ ကိုယ်စား လှယ်အတန်းအပြင်သို့ထွက်နေစေ၍ အုပ်စုများဝန်ဆောင်ဥပမာတစ်ခုကိုရွေးချယ်ပါ။(သို့မဟုတ်ဆရာသို့မ ဟုတ်ဆရာမမှအကြံပြုနိုင်သည်။)သရုပ်ဆောင်ပြရန်ပြင်ဆင်စေမည်။ ကိုယ်စားလှယ်များပြန်လည်ဝင်လာ ပြီးနောက် သရုပ်ဆောင်မှုကိုကြည့်၍ဝန်ဆောင်မှုကိုခန့်မှန်းရမည်ဖြစ်သည်။

၅။ ဤကဲ့သို့အကြိမ်ကြိမ်ကစားပါ။ ပါဝင်ကစားသူကျောင်းသူ၊ ကျောင်းသားများအား သရုပ်ဆောင်နေစဉ် အတွင်းစကားပြောခွင့်မပြုပေ။ သူတို့ရှေ့တွင်ရပ်နေသောကိုယ်စားလှယ်မှသာလျှင် စကားပြောခွင့်ရှိသည်။ အကယ်၍အုပ်စုတစ်ခုမှစည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်လျှင် သူတို့၏ရမှတ်များကိုနုတ်ယူနိုင်သည်။

## ၄/၂။ ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေ

ကျောင်းသူ၊ ကျောင်းသားများစာပိုဒ်ကိုဖတ်ကြားပါ။ ဤစာပိုဒ်တွင် ရောင်းလိုအားနှင့်ဝယ်လိုအားသဘောသဘာဝနှင့်၄င်း၏တန်ဖိုးအပေါ်လွှမ်းမိုးမှုတိုကို့ကိုဖော်ပြထားသည်။ ကျောင်းသူ၊ ကျောင်းသားများနားလည်သဘောမပေါက်သည်များကိုရှင်းလင်းဖြေကြားပါ။

ဤနေရာတွင် သင်ရှင်းလင်းပြောပြနိုင်ရန်အတွက် နောက်ထပ်ဥပမာတစ်ခုကိုဖော်ပြပေးထားသည်။

*(၂၀၀၃)ခုနှစ်တွင် ထိုင်းအစိုးရမှမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဉ်တစ်ခုကိုကြေငြာခဲ့သည်။ မြောက်များစွာသောမူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်သူများကို ဖမ်းဆီးခြင်းသို့မဟုတ်သတ်ပစ်ခြင်းများပြုလုပ်၍များစွာသောရောင်းဝယ်ဖောက်ကားသူများအခြားနိုင်ငံများသို့ထွက်ပြေးသွားကြသည်။ အလွန်အန္တရာယ်ကြီးမားလာသည့်အလျောက် ထိုင်းနိုင်ငံတွင်စွန့်စား၍မူးယစ်ဆေးဝါးရောင်းဝယ်ကားမည့်သူအလွန်နည်းပါးလာသည်။ ရလဒ်အနေဖြင့် မူးယစ်ဆေးဝါးများအလွန်ရှားပါးလာသည်။ ရောင်းဝယ်ဖောက်ကားသူနည်းပါးလာသည်နှင့်အမျှ မူးယစ်ဆေးသုံးသူများနှင့်ဆေးစွဲနေသူများမှာ သူတို့လိုအပ်သည်များကိုအလွန်ဈေးကြီးပေး၍ဝယ်ယူနေရသည်။ ဤသည်မှာရောင်းလိုအားနည်း၍ဝယ်လိုအားမြင့်မားသောအခြေအနေဖြစ်သည်။*

### အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

၁။ လေးယောက်သို့မဟုတ်ငါးယောက်တစ်အုပ်စုစီခွဲ၍ ကျောင်းသူ၊ ကျောင်းသားများနာနတ်သီးဥပမာလေ့လာချက်အားဆွေးနွေးပါ။ သူတို့၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဤအဖြစ်အပျက်နှင့်အလားသဏ္ဍာန်တူသောအဖြစ်အပျက်တစ်ခုကိုစဉ်းစားတွေးတောစေမည်။ ဤကဲ့သို့တစ်စုံတစ်ရာလုံလောက်မှုမရှိသောအချိန်ရှိခဲ့ဖူးသလော။ ဈေးနှုန်းများမြင့်တက်ခဲ့သလော။ တစ်စုံတစ်ရာအလွန်ပေါများသောအချိန်ရောတွေ့ကြုံဖူးသလောစသည်ဖြင့်ကျောင်းသူ၊ ကျောင်းသားများအား လှုံ့ဆော်အစဖော်ပေးပါ။

၂။ အုပ်စုများအား ရောင်းလိုအားမြင့်မား၍ဝယ်လိုအားကျဆင်းဥပမာအခြေအနေတစ်ခုကိုစဉ်းစားတွေးတောစေမည်။ အမှန်တကယ်ဖြစ်ပျက်ခဲ့သောအခြေအနေသို့မဟုတ်စိတ်ကူးသက်သက်လည်းဖြစ်နိုင်သည်။ ထို့နောက်အုပ်စုများသူတို့၏ဥပမာအဖြေများကိုအတန်းထဲတွင်ရှင်းလင်းတင်ပြစေမည်။

၃။ နောက်ထပ်အုပ်စုများအား ရောင်းလိုအားကျဆင်း၍ဝယ်လိုအားမြင့်တက်နေသောဥပမာအခြေအနေတစ်ခုကိုစဉ်းစားတွေးတောစေမည်။ အဖြစ်အပျက်အမှန်သို့မဟုတ်စိတ်ကူးသက်သက်ဖြစ်နိုင်သည်။ အထက်ပါနည်းအတိုင်းအုပ်စုများသူတို့၏ဥပမာအဖြေများကိုအတန်းထဲတွင်ရှင်းလင်းတင်ပြစေမည်။

### လေ့ကျင့်ခန်း

**အဖြေများ –**

၁။ (၂၀၀၂)ခုနှစ် – ငရုတ်သီးအထွက်နှုန်းကျဆင်းသောကြောင့်ဖြစ်သည်။
၂။ (၂၀၀၂)ခုနှစ်
၃။ (၂၀၀၂)ခုနှစ်
၄။ (၂၀၀၁)ခုနှစ်

## ၄/၃။ လဲလှယ်သည့်စနစ်

### အဖြစ်အပျက်လေ့လာခြင်း

ဤအကြောင်းအရာလေ့လာခြင်းမှာ ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့် စီးပွားရေးစနစ်ဖြစ်သည်။ ငွေကြေးကိုအသုံးမပြုဘဲ ကုန်စည်များနှင့် ဝန်ဆောင်မှုများကို တိုက်ရိုက်လဲလှယ်သည့် စီးပွားရေးစနစ်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားများ စာပိုဒ်ကိုဖတ်ကြားပြီး ရုပ်ပုံများကိုလေ့လာပါ။ သူတို့နားလည်သဘောမပေါက်သည်များကိုရှင်းလင်းပြောဆိုပါ။

**ဆွေးနွေးခြင်း**

လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းများတွင် ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့် စနစ်အချို့ရှိနေသော်လည်း ဤစနစ်ကိုတစ်ခုတည်းသောလဲလှယ်မှုပုံစံအဖြစ် အသုံးပြုသောလူ့အဖွဲ့အစည်းအသိုင်းအဝိုင်း မရှိသလောက်နည်းပါးသည်။ အများစုသောလူ့အဖွဲ့အစည်းများမှာငွေကြေးကိုအသုံးပြုကြသည်။ ယခုအချိန်တွင် အဘယ်ကြောင့် ဤစနစ်ကိုအလွန်အသုံးနည်းလာသနည်း။ ကျောင်းသူ၊ ကျောင်းသားများ၏ထင်မြင်ယူဆချက်များကိုမေးမြန်းပါ။

အောက်ပါအချက်အလက်များရရှိသည်အထိမေးမြန်းပါ။
– ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စနစ်မှာ လူများသူတို့အလိုရှိသောကုန်ပစ္စည်းချင်းလဲလှယ်နိုင်မှသာ လျှင်ကောင်းစွာအလုပ်လုပ်သည်။
– ဤစနစ်မှာ တန်ဖိုးတူညီသောကုန်ပစ္စည်းချင်းလဲလှယ်နိုင်မှသာလျှင် ကောင်းစွာသက်ဝင်လှုပ်ရှားသည်။
– နေရာဒေသအကွာအဝေးသည်လည်း ဤစနစ်တွင်အခက်အခဲရရှိသည်။
– ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် ငွေကြေးကိုအသုံးပြုခြင်း လူတိုင်းအတွက်နေသားကျနေပြီဖြစ်သည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများသူတို့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှလဲလှယ်သည့်ပုံစံဥပမာများကိုစဉ်းစားတွေးတောစေမည်။
ဤနေရာတွင် သင်ရှင်းလင်းပြောပြနိုင်ရန်အတွက် နောက်ထပ်ဥပမာတစ်ခုကိုဖော်ပြပေးထားသည်။

*မိသားတစ်စုမှာအိမ်သစ်ဆောက်လုပ်ရန်အတွက်ခွင့်ပြုချက်လိုအပ်နေသည်။ ဒေသခံအာဏာများမှာအလွန်ကြန့်ကြာသည့်အတွက် ခွင့်ပြုချက်ရရှိရန်အတော်အတန်ကြာအောင်စောင့်ဆိုင်းနေရသည်။ ထို့ကြောင့် ထိုမိသားစုဝီစကီအရက်၊ သစ်သီးများနှင့်ပန်းများဖြင့်ပြုလုပ်ထားသောလက်ဆောင်ခြင်းတောင်းတစ်ခုကိုဝယ်ယူဒေသခံအရာရှိလက်ဆောင်ပေးသည်။ ဒေသခံအရာရှိကလက်ဆောင်ကိုလက်ခံပြီးခွင့်ပြုချက်စာချုပ်ပေါ်တွင်ထိုမိသားစုအတွက်အိမ်ဆောက်လုပ်ရန်ခွင့်ပြုချက်လက်မှတ်ထိုးပေးလိုက်သည်။*

ဤသည်မှာလဲလှယ်မှုပုံစံတစ်မျိုးဖြစ်သည် – ကုန်စည်(လက်ဆောင်ခြင်းတောင်း)အားဝန်ဆောင်မှု(အိမ်ယာဆောက်လုပ်ခွင့်)နှင့်လဲလှယ်ခြင်းဖြစ်သည်။

**ဖြည့်စွက်လေ့ကျင့်ခန်း**
ကျောင်းသူ၊ ကျောင်းသားများရုပ်ပုံ(၃)နှင့်(၄)ကဲ့သို့လဲလှယ်မှုပုံစံရုပ်ပုံဥပမာများကိုတင်ပြ၍သူတို့၏ရုပ်ပုံများကိုအတန်းထဲတွင်ရှင်းလင်းပြပါ။

# ၄/၄။ ငွေကြေး

စာပိုဒ်ကိုဖတ်ကြား၍ ကျောင်းသူ၊ ကျောင်းသားများနားလည်းသဘောမပေါက်သည်များကိုရှင်းပြပါ။

**ဆွေးနွေးခြင်း**

ကျောင်းသူ၊ ကျောင်းသားများ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွင်းငွေကြေးအသုံးပြုမှုကိုဆွေးနွေးပါ။
ငွေကြေးကိုအဓိကအသုံးပြုမှုများမှာမည်သည်တို့နည်း။
လူများမည်သည်တို့ကိုဝယ်ယူကြသနည်း။
လူများမည်သည်တို့ကိုရောင်းချကြသနည်း။

သင်ပုန်းကြီးပေါ်တွင်စာရင်းရေးသားပြုစုပါ။ အလွန်အသေးစိတ်ရေးသားရန်မလိုပေ။ ဆိုင်များတွင်ရောင်းချလေ့ရှိသောအရာဝတ္ထုဥပမာများအားလုံးကိုပြုစုရေးသားရန်မလိုပေ။ ဆန်၊ ကျောင်းစရိတ်၊ ဝါး စသည်ဖြင့်အရေးပါသောအရာဝတ္ထုများကိုသာပြုစုပါ။

**လေ့ကျင့်ခန်း**

ဝယ်ယူခြင်းဖြစ်စေ၊ ရောင်းချခြင်းဖြစ်စေ – ကျောင်းသူ၊ ကျောင်းသားများသို့မဟုတ်သူတို့မိသားစုဝင်တစ်ဦးဦး မကြာမီက ငွေကြေးကိုအသုံးပြုခဲ့သောအချိန်များကိုပြုစုရေးသားပါ။ နောက်လဲလှယ်မှုစနစ်ကိုအသုံးပြုခဲ့သောအချိန်များကိုရေးသားပြုစုပါ။

စာပိုဒ်ကိုဖတ်ကြား၍ ရုပ်ပုံများလေ့လာပါ။ ကျောင်းသူ၊ ကျောင်းသားများ နားလည်သဘောမပေါက်သည်များကိုရှင်းလင်းပြောဆိုပါ။

ငွေကြေးသည် အလုပ်တစ်ခုတည်းသို့မဟုတ်အနည်းငယ်သောအရာများကိုလုပ်ကိုင်ဆောင်ရွက်ခြင်းကဲ့သို့ လူများအားတစ်ခုခုတွင်အထူးပြုလုပ်ဆောင်ရန်အခွင့်အရေးပေးသည်ဆိုသောအချက်ကို အလေးပြု၍ရှင်းပြပါ။ လဲလှယ်သည့်စနစ်တွင်မူ လူများသည် ၎င်းတို့လိုအပ်သောအရာများရရှိရန် တခါတရံတွင် မြောက်မြားစွာသောကုန်စည်များနှင့်ဝန်ဆောင်မှုများကိုလိုအပ်သည်။

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ဈ
၂။ ဆ
၃။ က
၄။ ဇ
၅။ ခ
၆။ ဃ
၇။ ဂ (သို့) င
၈။ စ
၉။ ဂ (သို့) စ

**ဆွေးနွေးခြင်း**

သင်ပုန်းကြီးပေါ်တွင် ဇယားကိုဆွဲပါ။
ငွေကြေးစနစ်နှင့်လဲလှယ်မှုစနစ်တို့၏ကောင်းကျိုးများနှင့်ဆိုးကျိုးများကိုဝိုင်းဝန်း၍စဉ်းစားပါ။
အချက်များကိုဇယားတွင် ထည့်သွင်းရေးသားပါ။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ ရုပ်ပုံ(၃)နှင့်(၄)ကဲ့သို့ သူတို့၏ပတ်ဝန်းကျင်မှဆရာ(သို့)ဆရာမတစ်ယောက်၏ရုပ်ပုံကို ကျောင်းသူ၊ ကျောင်းသားများဆွေးနွေးပါ။ သူတို့၏ပုံတွင် ကုန်စည်များနှင့်ဝန်ဆောင်မှုများကိုရရှိရန်အတွက် ထိုဆရာ(သို့)ဆရာမသည်မည်သည်တို့ကိုပြုလုပ်သည်နှင့် အဆိုပါဆရာ(သို့)ဆရာမအသုံးပြုသောကုန်စည်နှင့်ဝန်ဆောင်မှုအမျိုးအစားကိုဖော်ပြသင့်သည်။

**လေ့ကျင့်ခန်း**

**အဖြေများ –**

၁။ ဂ
၂။ ဂ
၃။ က
၄။ က

# အခန်း(၅)
# နိုင်ငံရေးဘာသာရပ်

## ၅/၁။ နိုင်ငံရေးဆိုသည်မှာအဘယ်နည်း။

**အဖွင့်မိတ်ဆက်**

သင်ပုန်းကြီးပေါ်တွင် စိတ်ကူးမြေပုံရေးဆွဲပြီးကျောင်းသူ၊ ကျောင်းသားများ၏လူ့အဖွဲ့အစည်းနှင့်စပ်လျဉ်း၍သူတို့၏ထင်မြင်ယူဆချက်များကိုဝိုင်းဝန်းဆွေးနွေးပါ။ စကားလုံးများကိုသင်ပုန်းကြီးတွင်လာရောက်ဖြည့်စွက်ရန်ကျောင်းသူ၊ ကျောင်းသားများအား အားပေးတိုက်တွန်းပါ။ အောက်တွင်ဥပမာပုံစံအချို့ကိုဖော်ပြပေးထားသည်။ သို့ရာတွင်ထိုဥပမာပုံစံများကိုကျောင်းသူ၊ ကျောင်းသားများအားမပေးမီ သူတို့ကိုယ်ပိုင်ဥပမာများကိုပြုလုပ်စေမည်။ ကျောင်းသူ၊ ကျောင်းသားများသူတို့ကိုယ်ပိုင်မည်သည့်အတွေးအခေါ်ထင်မြင်ယူဆချက်များရရှိနိုင်သည်ကိုမြင်တွေ့ရသည်မှာစိတ်ဝင်စားဖွယ်ကောင်းသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကျောင်းသူ၊ ကျောင်းသားများသူတို့၏စိတ်ကူးအယူအဆများဖွင့်လာရန်အကူအညီပေးသည်။

ကျောင်းသူ၊ ကျောင်းသားများထံမှရနိုင်သမျှဝေါဟာရအများဆုံးရရှိထွက်လာစေရန်ကြိုးစားပါ။
၎င်းနောက် ကျောင်းသူ၊ ကျောင်းသားများအား အားပေးရန်သူတို့ထင်မြင်ယူဆချက်များကိုပါဝင်အကြံပြုပြီးနောက် သင်၏ထင်မြင်ယူဆချက်များအားဖြည့်စွက်ပါ။

**စိတ်ကူးမြေပုံ(mine map)ဥပမာ။ ။**




ဤလေ့ကျင့်ခန်းတွင် ကျောင်းသူ၊ ကျောင်းသားများအားသူတို့ထည့်သွင်းလိုသောစကားလုံးများအာစိတ်ကူးမြေပုံတွင်ထည့်သွင်းခွင့်ပြုရန်မှာအရေးကြီးပေသည်။ သူတို့၏အဖြေများကိုလုံးဝအမှန်ဖြစ်အောင်ပြင်မပေးပါနှင့်။ (အမှားထောက်မပြပါနှင့်)။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

ကျောင်းသူ၊ ကျောင်းသားများ အဓိကဝေါဟာရများဇယားကွက်ထဲမှစကားလုံးများကိုအသုံးခဲ့ကြောင်းစစ်ဆေး၍၎င်းတို့ကိုထောက်ပြပါ။ အုပ်စုများခွဲ၍ကျောင်းသူ၊ ကျောင်းသားများသူတို့၏စိတ်ကူးမြေပုံကိုဆက်လက်၍ချဲ့ထွင်ပါ။ ရုပ်ပုံပေါ်ရှိကဏ္ဍများကိုအသုံးပြု၍အကြံအဉာဏ်များကိုဖြည့်စွက်ပေါင်းထည့်ပါ။

**စိတ်ကူးမြေပုံဥပမာ။ ။**




**လေ့ကျင့်ခန်း**

ဤလေ့ကျင့်ခန်းတွင် ကျောင်းသူ၊ ကျောင်းသားများသင်ခန်းစာအစီအစဉ်ရေးဆွဲခြင်းလေ့ကျင့်ရန်ဖြစ်သည်။ အထက်တွင်ရေးဆွဲခဲ့သော စိတ်ကူးမြေပုံတွင်ထည့်သွင်းခဲ့သော အကြံအဉာဏ်၊ ထင်မြင်ယူဆချက်များကိုကျောင်းသူ၊ ကျောင်းသားများအသုံးပြုနိုင်သည်။ ဤသည်မှာ လူ့အဖွဲ့အစည်းနှင့်စပ်လျဉ်း၍တူညီသောထင်မြင်ယူဆချက်အတွေးအခေါ်များကို အခြားပုံစံတစ်မျိုးဖြင့် စုစည်းတင်ပြခြင်းဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများကြိုက်နှစ်သက်ပါက အခြားအတွေးအခေါ်ထင်မြင်ယူဆချက်အသစ်များကိုလည်းအသုံးပြုနိုင်သည်။ အောက်ပါပုံစံကဲ့သို့အဖြေများနှင့်ကျောင်းသူ၊ ကျောင်းသားများရောက်လာနိုင်သည် –

| | |
|---|---|
| **သမိုင်း** | အဖြစ်အပျက်များ၊ တိုးတက်မှုများနှင့်ပြောင်းလဲမှုများ၊ ကျော်ကြားသောပုဂ္ဂိုလ်များ၊ ၄င်းအပြင်အတိအကျအားဖြင့် – မြန်မာနိုင်ငံ၏သမိုင်း၊ ဒေသခံသမိုင်း၊ အရှေ့တောင်အာရှသမိုင်း၊ဒုတိယကမ္ဘာစစ်စသည်ဖြင့်။ |
| **ပထဝီ** | သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ပထဝီမြေမျက်နှာပြင်၊ ရာသီဥတု၊ အပြန်အလှန်အကျိုးပြုမှု၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာနေထိုင်မှု၊ တည်နေရာ၊ နေရာဒေသ၊ ယဉ်ကျေးမှုများ၊ လူမျိုး စသည်ဖြင့်။ |
| **လူထု** | လူငယ်များ၊ လူကြီးများ၊ မိသားစုများ၊ ကလေးသူငယ်များ |
| **လူ့အသိုင်းအဝိုင်း** | အသိမိတ်ဆွေများနှင့်မိသားစု၊ လူမှုအသင်းအဖွဲ့များ၊ ပူပေါင်းပါဝင်မှု၊ ခေါင်းဆောင်မှု |
| **အစိုးရ** | အာဏာ၊ ရွေးကောက်ပွဲ၊ သမ္မတ၊ စစ်တပ်၊ ဥပဒေ၊ တရားသူကြီးများ စသည်ဖြင့်။ |
| **ဘာသာရေး** | ယုံကြည်မှုများ၊ ဘာသာရေးလွတ်လပ်မှု၊ ဘာသာရေးကွဲပြားခြားနားမှု၊ ဘာသာရေးသည်းခံခြင်းစသည်ဖြင့်။ |

| | |
|---|---|
| **ယဉ်ကျေးမှု** | ဘာသာစကား၊ အစားအစာ၊ ရိုးရာဝတ်တန်ဆာ၊ အကနှင့်ဂီတ၊ ယုံကြည်မှု၊ အပြုအမူ |
| **ဘာသာစကား** | မိခင်ဘာသာစကား၊ လူမျိုးခြားဘာသာစကား၊ ကျောင်းသုံးဘာသာစကား၊ ရုံးသုံးဘာသာစကား၊ အများသုံးဘာသာစကားစသည်ဖြင့်။ |
| **မိသားစု** | မိသားစုကျင့်ဝတ်များ၊ ဆက်ဆံရေး၊ နေအိမ်(သာက)၊ မိသားစုဝင်များ၊ မိသားစုတွင်နှစ်မြှုပ်ထားခြင်း စသည်ဖြင့်။ |
| .................. | |

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ စိတ်ကူးမြေပုံတွင်ထည့်သွင်းခဲ့သောအချက်အလက်စကားလုံးများကိုအခြေခံ၍ ဝါကျများပြုလုပ်ပါ။ အုပ်စုတစ်စုစီမှ ဝါကျအချို့ကို သင်ပုန်ကြီးပေါ်တွင်ရေးသား၍ ကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။

ဝါကျဥပမာများ –

– လူ့အဖွဲ့အစည်းတွင် လူများ၊ ယဉ်ကျေးမှု၊ တူညီသောဘုံနောက်ခံသမိုင်းကြောင်းနှင့်ခေါင်းဆောင်များသို့မဟုတ်အစိုးရတို့ပါဝင်သည်။
– လူတို့သည် အခြားလူ့အဖွဲ့အစည်းများပေါ်တွင်စိတ်ဝင်စားမှုများရှိကြသည်။
– ဥပဒေများကိုအစိုးရမှချမှတ်သည်။
– ခေါင်းဆောင်များသည် ပြည်သူတို့အပေါ်တွင်လွှမ်းမိုးသည်။
– အစိုးရလက်ထဲတွင် အာဏာတည်ရှိသည်။
– ပြည်သူများသည် သူတို့၏အစိုးရကိုရွေးချယ်ရန်အတွက် ရွေးကောက်ပွဲများကိုကျင်းပသည်။

စာပိုဒ်ကိုဖတ်ကြား၍ ကျောင်းသူ၊ ကျောင်းသားများနားလည်သဘောမပေါက်သည်များကိုရှင်းလင်းပါ။

**ဆွေးနွေးခြင်း**

ကျောင်းသူ၊ ကျောင်းသားများထံမှအဖြေများကိုတောင်းခံပါ။ သူတို့၏အဖြေများကိုအမှားမပြင်ပါနှင့်။ သင်ပုန်ကြီးပေါ်တွင်သာရေးချပါ။ လေ့ကျင့်ခန်းပြီးနောက် အဖြေများကိုကူးယူ၍ အောက်ပါကဏ္ဍ (ခေါင်းဆောင်များနှင့်အစိုးရများ)ကိုလေ့လာပြီးသည်အထိဖယ်ချန်ထားပါ။ အဆိုပါကဏ္ဍကိုလေ့လာပြီးနောက် ပြန်လည်ဆန်းစစ်သည့်အနေဖြင့် မေးခွန်းများကိုထပ်မံမေးမြန်း၍ ယခင်အစမှမူလအဖြေများကိုထုတ်ပြပါ။ ယခုတစ်ကြိမ်တွင်ကျောင်းသူ၊ ကျောင်းသားများယခင်ထက် ပို၍ကောင်းမွန်စွာဖြေဆိုနိုင်ပါသလား။

# ၅/၂။ ခေါင်းဆောင်များနှင့်အစိုးရများ

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

စာပိုဒ်တွင်ဖော်ပြထားသော ခေါင်းဆောင်ပုံစံသုံးယောက်အပြင် အခြားနိုင်ငံရေးခေါင်းဆောင်အမျိုးအစားကို ကျောင်းသူကျောင်းသားများအား မေးမြန်းပါ။

ဥပမာ – ဘာသာရေးအစိုးရခေါင်းဆောင်(အီရန်မှအိုင်ယာထောလာခမေနီ(Ayotollah Khomeini)၊ တိဗက်မှ ဒလိုင်းလားမား)

အထက်လွှာလူတန်းစားမှတင်မြှောက်သောခေါင်းဆောင်(အများအားဖြင့်ကွန်မြူနစ်နိုင်ငံများတွင်)

အောင်မြင်သောတော်လှန်ရေးကြောင့် တက်လာသောခေါင်းဆောင်များ (ကျူးဗားမှ ဖီးဒဲလ်ကတ်စထရို Fidel Castro)

ဤခေါင်းဆောင်များထဲမှအချို့မှာ တစ်ခုထက်ပိုသောကဏ္ဍအမျိုးအစားတွင်ပါဝင်သည် – များစွာသောဘာသာအစိုးရခေါင်းဆောင်များမှာ အထက်တန်းလွှာလူတန်းစားများမှရွေးချယ်တင်မြှောက်ခြင်းဖြစ်၍ အောင်မြင်သောတော်လှန်ရေးများမှာ စစ်ဘက်ခေါင်းဆောင်များဖြစ်၍နောင်တွင် ရွေးကောက်တင်မြှောက်ခြင်းခံရလေ့ရှိသည်။

ဤလေ့ကျင့်ခန်း၏ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းတစ်ခုတွင်ခေါင်းဆောင်မှုမှာမည်ကဲ့သို့အဓိပ္ပါယ်သက်ရောက်မှုရှိသည်ကို ကျောင်းသူ၊ ကျောင်းသားစတင်စဉ်းစားတွေးခေါ်၍ဆွေးနွေးလာစေရန်ဖြစ်သည်။ ဤလေ့ကျင့်ခန်းအဖို့အဖြေမှန်ဟူ၍မရှိပေ။ ကျောင်းသူ၊ ကျောင်းသားများ၏အတွေးအခေါ်နှင့်ထင်မြင်ယူဆချက်များကို ဆန်းစစ်ရန်သာဖြစ်သည်။ အသက်အရွယ်ကြီးသူများသည်ခေါင်းဆောင်များဖြစ်သည်ဟုကျောင်းသူ၊ ကျောင်းသားများထင်မြင်ယူဆပါသလား။ အမျိုးသမီးများထက်အမျိုးသားများသည်ခေါင်းဆောင်များဖြစ်သည်ဟုသူတို့ထင်မြင်ယူဆပါသလား။ ဥပမာ – အသက်အရွယ်ကြီးရင့်ပြီးသပ်ရပ်သေသပ်စွာဝတ်ဆင်သည့်အတွက် တက္ကသိုလ်ပါမောက္ခတစ်ယောက်အား ခေါင်းဆောင်တစ်ယောက်အဖြစ်ကျောင်းသူ၊ ကျောင်းသားများဆိုကောင်းဆိုနိုင်သည်။ ပညာတတ်တစ်ယောက်အား ခေါင်းဆောင်တစ်အဖြစ်ကျောင်းသူ၊ ကျောင်းသားများထင်မြင်ယူဆလေ့ရှိပါသလား။ ဆရာဝန်တစ်ယောက်သို့မဟုတ်ဆရာ၊ ဆရာမတစ်ယောက်ကိုခေါင်းဆောင်တစ်ယောက်အဖြစ်လူမည်မျှနှစ်သက်သဘောကျကြသနည်း။ လယ်သမားတစ်ယောက်ကိုမူမည်ကဲ့သို့ထင်မြင်ယူဆကြသနည်း။

## ဆွေးနွေးခြင်း

အဘယ်ကြောင့် သူတို့ပြုလုပ်ခဲ့သောရွေးချယ်မှုများကို ထိုကဲ့သို့ရွေးချယ်ပြုလုပ်ခဲ့သည်ကို ကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။ ကျောင်းသူ၊ ကျောင်းသားအများစုသဘောတူညီမှုရှိပါသလား။ သို့မဟုတ်သူတို့တွင်ကွဲပြားသောသဘောထားထင်မြင်ချက်များရှိခဲ့ပါသလား။ တစ်ယောက်နှင့်တစ်ယောက်ငြင်းခုံဆွေးနွေးရန်ကျောင်းသူ၊ ကျောင်းသားများအားတိုက်တွန်းပါ။ ဤစုပေါင်းလုပ်ရှားမှုတွင်ကျောင်းသူကျောင်းသားများပထမဦးစွာအုပ်စုငယ်များခွဲ၍ပြုလုပ်ပြီး ၄င်းနောက်အခြားအုပ်စုများနှင့်ပူးပေါင်း၍သူတို့၏အဖြေများကိုညှိနှိုင်းဆွေးနွေးရန်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ကျောင်းသူ၊ ကျောင်းသားများ၏ ကွဲပြားသောအမြင်များကိုနှိုင်းယှဉ်ရန်နှင့်ဆွေးနွေးမှုပြုရန်ဖြစ်သည်။ သင်ပုန်းကြီးပေါ်တွင် ခေါင်းဆောင်များ၏တာဝန်များနှင့် နိုင်ငံသားများ(သို့)လူ့အဖွဲ့အစည်းဝင်များ၏တာဝန်များဟူ၍ နှစ်ပိုင်းခွဲခြားပြီး အဖြေများကိုရေးသားပြုစုပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

(ဤအဖြေများမှာဥပမာအဖြေများသာဖြစ်၍ကျောင်းသူ၊ ကျောင်းသားများတွင်မတူညီသောအဖြေများရှိနိုင်သည်ကို မှတ်သားပါ။)

**ခေါင်းဆောင်များ။** ပြည်သူလူထုအားစည်းရုံးခြင်း၊ ဆုံးဖြတ်ချက်များကို အတူတကွလုပ်ဆောင်ရန် ပြည်သူလူထုအားတိုက်တွန်းခြင်း၊ ပြည်သူလူထုအားပူးပေါင်းပါဝင်ရန် တိုက်တွန်းခြင်း၊ ပမာဏအစဦးလုပ်ဆောင်ခြင်း၊ စံပြနမူနာဖြစ်ခြင်း၊ အသိုင်းအဝိုင်းအတွင်းရှိသူအားလုံးအား မျှမျှတတဆက်ဆံခြင်း၊ လူတို့၏ပြဿနာများကိုဝိုင်းဝန်းဖြေရှင်းပေးခြင်း၊ အငြင်းပွားမှုများကိုလေးလေးနက်နက်တွေးခြင်း၊ ခက်ခဲသောပြဿနာများနှင့်ရင်ဆိုင်ရသောအခါ ဖြေရှင်းနည်းများကိုရှာဖွေခြင်း၊ လူများအားသူတို့၏အတွက်သင့်လျော်ဆုံးသောအဖြေများကို ရွေးချယ်ရန်အားပေးခြင်း၊ လူအားတစ်ဦးကိုတစ်ဦး ကူညီနိုင်ရန် ကူညီပေးခြင်း။

**သာမန်ပြည်သူ။** သူတို့၏ကိုယ်ပိုင်အလုပ်ကိုစေ့စေ့စပ်စပ်ပြုလုပ်သည်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်ပါဝင်လုပ်ဆောင်သည်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိအိမ်နီးနားချင်းများနှင့်အခြားသူများအားကူညီပေးနိုင်သောအချိန်တွင်အကူအညီပေးသည်၊ တာဝန်ရှိသောခေါင်းဆောင်များကိုရွေးချယ်သည်၊ အစဦးလုပ်ဆောင်သည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

ကျောင်းသူ၊ ကျောင်းသားများရုပ်ပုံများကိုထပ်မံလေ့လာ၍ ထိုပညာရှင်၊ ပုဂ္ဂိုလ်ဦးစီး၏တာဝန်များမှာမည်သည်တို့ဖြစ်သည်ကိုဆွေးနွေးပါ။ မည်သူတို့၏တာဝန်များသည်ခေါင်းဆောင်များ၏တာဝန်များနှင့်အနီးစပ်ဆုံးဖြစ်သနည်း။ အဖြေများသည် ကျောင်းသူ၊ ကျောင်းသားတို့၏ထင်မြင်ယူဆချက်များအပေါ်တွင်မူတည်သည်။ ဥပမာ – ဆရာ(သို့)ဆရာမတစ်ယောက်သည် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်

လူငယ်များအားပညာသင်ကြားပေး၍ ဤနည်းဖြင့်လူများအား အားပေးအားမြှောက်ပြုသည်။ ထို့ကြောင့် ဆရာ(သို့)ဆရာမတစ်ယောက်သည် ခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု သူတို့ဆိုနိုင်သည်။ သို့မဟုတ်အမျိုးသမီးအဖွဲ့အစည်းဝင်တစ်ယောက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိအမျိုးသမီးများ၏ပြဿနာများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးသည်။ ထို့ကြောင့် အမျိုးသမီးအဖွဲ့အစည်းဝင်တစ်ယောက်သည် ခေါင်းဆောင်တစ်ယောက်ဖြစ်သည် စသည်ဖြင့်သူတို့ဆိုနိုင်သည်။

လူ့အဖွဲ့အစည်းအတွင်းတွင် ထိုပညာရှင်၊ ပုဂ္ဂိုလ်များ၏တာဝန်ဝတ္တရားများအပေါ်မူတည်၍ သူတို့၏အရေးပါမှုအလိုက် ကျောင်းသူ၊ ကျောင်းသားများရုပ်ပုံများကိုစီစဉ်ရန်ဖြစ်သည်။ အရေးပါဆုံးပညာရှင်(သို့)ပုဂ္ဂိုလ်သုံးဦးနှင့်အရေးပါမှုအနည်းဆုံးပညာရှင်(သို့)ပုဂ္ဂိုလ်သုံးဦးတို့ကိုကျောင်းသူ၊ ကျောင်းသားများရွေးချယ်၍ အဘယ်ကြောင့် ထိုသူတို့ကိုရွေးချယ်ခဲ့သည်ကိုရှင်းပြရန်ဖြစ်သည်။ အုပ်စုများသူတို့၏အဖြေများကိုအတန်းထဲတွင်ရှင်းလင်းပြပါ။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုများခွဲ၍ မတူညီသောအစိုးရပုံစံဥပမာများကိုကျောင်းသူ၊ ကျောင်းသားများစဉ်းစားပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

**စစ်အစိုးရ –** မြန်မာနိုင်ငံ၊ ပါကစ္စတန်၊ လီဗျား(Libya)၊ ဆူဒန်(Sudan)

**သက်ဦးဆံပိုင်ဘုရင့်အစိုးရ –** ဘရူနိုင်း၊ ဆွာဇီလန်၊ အာရပ်စော်ဘွားများနိုင်ငံ၊ နီပေါ၊ ကိုဝိတ်

**ရွေးကောက်ခံအစိုးရ –** ထိုင်း၊ ဩစတြေးလျ၊ အရှေ့တီမော

**ဘာသာရေးခေါင်းဆောင်အုပ်စိုးသောအစိုးရ –** အီရတ်၊ ဗာတီကန်(Vatican)၊ ဆော်ဒီအာရေးဗီးယား

ထိုင်း၊ နယ်သာလန်၊ အင်္ဂလန်ကဲ့သို့များစွာသောနိုင်ငံများသည် စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးကြသည်။ ဆိုလိုသည်မှာ ဤနိုင်ငံများတွင် ဘုရင်သို့မဟုတ်ဘုရင်မတို့ရှိနေသော်လည်း ထိုဘုရင်သို့မဟုတ်ဘုရင်မသည် ရွေးကောက်ခံရသောအစိုးရတွင်တိုက်ရိုက်ပါဝင်ခြင်းမရှိပေ။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အကြောင်းအရာလေ့လာခြင်းများကိုကျောင်းသူ၊ ကျောင်းသားများဖတ်ကြားပါ။ သူတို့၏လူ့အဖွဲ့အစည်းအားထိုလေ့လာခြင်းများထဲမှဥပမာတစ်ခုနှင့်နှိုင်းယှဉ်စေမည်။ မည်သည့်တစ်ခု နှင့်ပို၍တူညီမှုရှိသနည်း။

မည်သူကရွေးကောက်ခံအစိုးရ၊ မည်သူကစစ်အစိုးရနှင့်မည်သူကသက်ဦးဆံပိုင်ဘုရင်အစိုးရဖြစ်သည်ကို ကျောင်းသူ၊ ကျောင်းသားများဆုံးဖြတ်စေမည်။

**အဖြေများ –**

**ဇာနာနာဂုစ်ဆ်မော်အို(Xanana Gusmao)**သည်ရွေးကောက်တင်မြှောက်ခံရသောသူဖြစ်သည်။ **ဗိုလ်ချုပ်ကြီးပါဗစ်ဆ်မူရှာရဖ်(Pervez Musharraf)**မှာစစ်ဘက်ဆိုင်ရာခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ **ဘုရင်ဆူလ်တန်ဟာဆာနလ်ဘော်ကိုင်ယာ(Sultan Hassanal Bolkian)**မှာမူ သက်ဦးဆံပိုင်ဘုရင်တစ်ယောက်ဖြစ်သည်။ **ဒလိုင်းလားမား(Dalai Lama)**မှာ ဘာသာရေးခေါင်းဆောင်ဖြစ်သည်။ **ဝန်ကြီးချုပ်အဗဒူလာအာမဒ်ဘာဒါဝိ(Abdullah Ahmad Badawi)**သည် ရွေးကောက်တင်မြှောက်ခံရသောဝန်ကြီးချုပ်ဖြစ်သည်။(မလေးရှားနိုင်ငံတွင် မလေးရှားလူမျိုးများသည်ဝန်ကြီးချုပ်အားတိုက်ရိုက်မဲပေးရွေးချယ်ခြင်းမရှိပေ။ အစိုးရအဖွဲ့ဝင်များသာလျှင်ဝန်ကြီးချုပ်အားမဲပေးရွေးချယ်ကြသည်ကို ဂရုပြုမိရန်အရေးကြီးပေသည်)။ **ရုရှားသမ္မတဗလာဒီ(မီ)ယာပူတင်(Vladimir Putin)**သည်ရွေးကောက်တင်မြှောက်ခံသောခေါင်းဆောင်ဖြစ်သည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

ကျောင်းသူ၊ ကျောင်းသားများဇမ်ဘလာနိုင်ငံအကြောင်းလေ့လာခြင်းကိုဖတ်ကြားပြီးအုပ်စုများခွဲ၍မေးခွန်းများကိုဖြေဆိုပါ။ ဇမ်ဘလာနိုင်ငံမှအမှန်တကယ်မတည်ရှိသည်ကိုကျောင်းသူ၊ ကျောင်းသားများအားသတိပေးပါ။ ၄င်းမှာစိတ်ကူးပုံဖော်ထားသောနိုင်ငံတစ်နိုင်ငံသာဖြစ်၍အမှန်တကယ်မတည်ရှိပေ။

### ဖြစ်နိုင်ခြေရှိသောအဖြေများ –

၁။ လွတ်လပ်ရေးရပြီးနောက်ဇမ်ဘလာလွတ်မြောက်ရေးပါတီအာဏာရလာခဲ့သည်။ လွတ်လပ်ရေးရလျှင်ပင် ပါတီတစ်ပါတီတည်းသာတည်ရှိသည့်အတွက် ဇမ်ဘလာပြည်သူလူထုမှာရွေးချယ်စရာအများမရှိခဲ့ပေ။ သီးသန့်ပါတီဝင်များအားပါလီမန်အတွက်မဲပေးရွေးချယ်နိုင်သောအခွင့်အလမ်းအချို့ကိုဇမ်ဘလာပြည်သူများရရှိသည်။ အသက်(၃၅)နှစ်နှင့်အထက်ရှိသောဇမ်ဘလာအမျိုးသားများသာလျှင်မဲပေးရာတွင်ပါဝင်ခွင့်ရရှိသည်။ အမျိုးသမီးများနှင့်လူငယ်များမှာပါဝင်မဲပေးခွင့်မရရှိပေ။

၂။ ဤမေးခွန်း၏အဖြေမှာကျောင်းသူ၊ ကျောင်းသားများ၏အမြင်အပေါ်တွင်မူတည်သည်။ သို့ရာတွင်

- ပါတီတစ်ပါတီသာလျှင် တည်ရှိခြင်းသည် ပြည်သူလူထုအဖို့ လုံလောက်သောရွေးချယ်ခွင့်မရရှိပေ။
- မဲပေးစနစ်မှာ အမျိုးသမီးများနှင့် လူငယ်များ၏ထင်မြင်ယူဆချက်များကိုချန်လှပ်ထား၍ အသက်အရွယ်ကြီးသူများ၏အကျိုးအတွက်သာလျှင်ကိုယ်စားပြုသည်။
- တိုက်ရိုက်သမ္မတရွေးကောက်ပွဲမရှိပေ(သမ္မတအားပါတီမန်အမတ်များမှရွေးကောက်တင်မြောက်သည်)။ ထို့ကြောင့် သမ္မတရွေးကောက်ပွဲတွင် ဇမ်ဘလာပြည်သူလူထု၏အမြင်မပါဝင်တော့ပေ။
- ပါတီတစ်ပါတီတည်း၏အဖွဲ့ဝင်များသာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ရေးဆွဲမည်ဖြစ်သည့်အတွက် လုံလောက်သောအမြင်များမပါဝင်ပေ။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ဇမ်ဘလာလူမျိုးများ၏အကျိုးကိုကိုယ်စားပြုသလော ကျွန်ုပ်တို့မသိရှိရပေ စသည်ဖြင့်ကျောင်းသူ၊ ကျောင်း သားများ ဖွင့်ဟနိုင်သည်။

၃။ အုပ်စုများခွဲ၍ ပြောင်းလဲမှုများပြုလုပ်ရန်အတွက် ဇမ်ဘလာအစိုးရအားမည်သို့အကြံပြုမည်ကို ကျောင်းသူ၊ ကျောင်းသားများဆွေးနွေးပါ။ ဥပမာ – အမျိုးသမီးများနှင့်လူငယ်များအားမဲပေးခွင့်အခွင့်အရေးပေးရန် ကျောင်းသူ၊ ကျောင်းသားများအကြံပြုနိုင်သည်။ ဇမ်ဘလာလူဦးရေအတွင်းကွဲပြားသောအုပ်စုများ၏အကျိုးကို ကိုယ်စားပြုနိုင်သောနိုင်ငံရေးပါတီများတိုးချဲ့ရန် အကြံပြုနိုင်သည်။ သမ္မတရွေးကောက်တင်မြောက်မှုစနစ်ကိုပို၍တိုက်ရိုက်ကျအောင်ပြုလုပ်ရန်ကျောင်းသူ၊ ကျောင်းသားများအကြံပြုနိုင်သည်။ အကယ်၍ နိုင်ငံရေးပါတီအများတည်ရှိလျှင် ၄င်းတို့အားဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲခြင်းတွင်ပါဝင်နိုင်၍ ဤနည်းဖြင့်လူများ၏အကျိုးကိုပို၍ကိုယ်စားပြုနိုင်သည်။

---

**ဖြည့်စွက်လေ့ကျင့်ခန်း**

ဆွေးနွေးခြင်းသို့မဟုတ်အုပ်စုလိုက်လုပ်ဆောင်ရန်အတွက် ဤလေ့ကျင့်ခန်းကိုအကြံပြုသည်။ သို့ရာတွင် အကယ်၍သင့်ကျောင်းသူ၊ ကျောင်းသားများအတွက်မသင့်လျော်ဟုယူဆလျှင်ချန်လှပ်ထားခဲ့ရန်မတုံ့ဆိုင်းပါနှင့်။

မည်သူတို့ကသင့်တို့၏လူ့အဖွဲ့အစည်းကိုအုပ်ချုပ်သနည်း။ ခေါင်းဆောင်များမည်ကဲ့သို့အာဏာရလာသနည်း။ (ရွေးကောင်တင်မြောက်ခံရ၍၊ တာဝန်ပေးခန့်အပ်ခံရ၍ စသည်ဖြင့်)။ စည်းမျဉ်းများနှင့်ဥပဒေများကိုမည်သူတို့ကရေးဆွဲသနည်း။ မည်သည့်ဘဝအစိတ်အပိုင်းများကိုသူတို့လွှမ်းမိုးသနည်း။ (ခရီးသွားလာခြင်း၊ မိသားစုဘဝ၊ ပညာရေး၊ အမှုအကျင့်၊ အလုပ်အကိုင်၊ ပိုင်ဆိုင်မှု၊ စသည်ဖြင့်)။ သူတို့ပြုလုပ်ချမှတ်သောစည်းမျဉ်းစည်းကမ်းနှင့်ဥပဒေအချို့မှာမည်သည်တို့နည်း။ ဤစည်းမျဉ်းစည်းကမ်းများနှင့်ဥပဒေများကိုမည်သူတို့ကသက်ရောက်အာဏာတည်စေသနည်း။ အုပ်စုများခွဲ၍ကျောင်းသူ၊ ကျောင်းသားများမေးခွန်းများကိုဆွေးနွေး၍အဖြေများကိုအခြားအုပ်စုများနှင့်နှိုင်းယှဉ်ပါ။ အဖြေများကိုနှိုင်းယှဉ်နိုင်ရန်အုပ်စုနှစ်စုစီတွဲပေးပါ။ (*အစိုးရတစ်ခုသို့မဟုတ်အာဏာပိုင်တစ်ဦးထက်ပို၍တည်ရှိနိုင်သည်၊ ဥပမာ – ပြည်သူလူထုအား ဒေသခံအစိုးရနှင့်နိုင်ငံတော်အစိုးရတို့မှအုပ်ချုပ်နိုင်သည်။*)

**ဆွေးနွေးခြင်း**

ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းအကြားတွင်တိကျသောကွဲပြားခြားနားမှုမရှိပေ။ အချို့မှာ ရှင်းလင်းစွာပင် ဥပဒေများဖြစ်၍ အချို့မှာ စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ သို့သော်တခါတရံတွင် ရှင်းလင်းမှုမရှိပေ။ ၄င်းမှာ အနက်အဓိပ္ပါယ်ဘာသာပြန်ဆိုမှုအပေါ်တွင်မူတည်သည်။ ဤအမြင်နှင့်ပတ်သက်၍ကျောင်းသူ၊ ကျောင်းသားများ နှင့်သဘောထားတိုက်ဆိုင်မှုတိုက်ဆိုင်နိုင်သည် သို့မဟုတ်သူတို့တွင်အခြားအတွေးအခေါ်ထင်မြင်ယူဆချက်များ ရှိနိုင်သည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

**စည်းမျဉ်းစည်းကမ်းများ –**

၁။ ဤသည်မှာ ကျောင်းစည်းမျဉ်းတစ်ခုသာဖြစ်၍ ကျောင်းသူ၊ ကျောင်းသားများအပေါ်တွင်သာသက်ရောက်သည်။

၂။ ဤသည်မှာ ယဉ်ကျေးမှုများတွင်ရှိသော စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်၍ များသောအားဖြင့်လူငယ်ထုအပေါ်တွင်သက်ရောက်သည်၊ သို့ရာတွင်ဤစည်းမျဉ်းစည်းကမ်းကိုဖောက်ဖျက်သည့်အတွက် တိကျသောပြစ်ဒဏ်ပေးမှုမရှိပေ။

၃။ ဤသည်မှာ အဆောင်နေကျောင်းသူ၊ ကျောင်းသားများလိုက်နာရန်စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်၍ အခြားလူများအပေါ်တွင်မသက်ရောက်ပေ။

၆။ ဤသည်မှာ ယဉ်ကျေးမှုအသိုင်းအဝိုင်းတစ်ခုရှိ စည်းမျဉ်းစည်းကမ်းဥပမာပုံစံနောက်တစ်ခုဖြစ်၍ အချို့သောယဉ်ကျေးမှုအသိုင်းအဝိုင်းများတွင်မူ ဤသည်မှာသူတို့အဖို့ဥပဒေတစ်ခုဟုဆိုနိုင်သည်။ သူတို့အဖို့ ဤဥပဒေကိုမလိုက်နာလျှင် အပြစ်ပေးခံရနိုင်သည်။

၇။ ဤသည်မှာ စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်၍ တရားဝင်ချမှတ်ထားသောဥပဒေတစ်ခုမဟုတ်ပေ။ သို့ရာတွင် သင့်အနေဖြင့်မလိုက်နာပါက ဖမ်းဆီးခံရနိုင်သည်။

၈။ ဤစည်းမျဉ်းစည်းကမ်းမှာ အင်္ဂလိပ်စာအတန်းရှိကျောင်းသူ၊ ကျောင်းသားများအပေါ်တွင်သာသက်ရောက်သည်။

**ဥပဒေများ –**

၄။ ဤသည်မှာ ဘာသာတရားကိုလိုက်နာသောအားလုံးသောမွတ်ဆလင်ဘာသာဝင်များအတွက် လိုက်နာရမည့်တင်းကျပ်သောဥပဒေတစ်ခုဖြစ်သည်။

၅။ ဤသည်မှာ နိုင်ငံတိုင်းတွင်ဥပဒေတစ်ခုဖြစ်၍ ယဉ်ကျေးမှုတိုင်းတွင်စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်သည်။

**စုပေါင်းအဖြေရှာခြင်း**

ယဉ်ကျေးမှုဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ ဘာသာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ စာသင်ခန်းစည်းမျဉ်းစည်းကမ်းများ၊ အလုပ်ခွင်စည်းမျဉ်းစည်းကမ်းများနှင့်ကျောင်းသူ၊ ကျောင်းသားများစဉ်းစား၍ရသမျှ အခြားသောကဏ္ဍများကို သင်ပုန်းကြီးပေါ်တွင်ကော်လံခွဲ၍ သူတို့၏အဖြေများကိုထည့်သွင်းရေးသားပါ။

**ဆွေးနွေးခြင်း**

ကျောင်းသားသုံးစာအုပ်ထဲမှမေးခွန်းများကိုကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။ ဤဆွေးနွေးပွဲ၏အဖြေတစ်ခုမှာ ယေဘုယျအားဖြင့်လူတို့သည် သူတို့ပါဝင်၍သော်လည်းကောင်းသို့မဟုတ်သူတို့ ယုံကြည်သောသူတစ်ဦးဦးက ချမှတ်၍သော်လည်းကောင်း ပြုလုပ်သောစည်းမျဉ်းစည်းကမ်းများကို ကြိုက်နှစ်သက်ကြသည်သို့မဟုတ်လက်ခံကြသည်ဟူ၍ဖြစ်နိုင်သည်။ အကယ်၍ စည်းမျဉ်းစည်းကမ်းတစ်ခုကို သင်၏ထင်မြင်ယူဆချက်ကိုမေးမြန်းခြင်းမပြုဘဲ သင်မယုံကြည်သောသူတစ်ယောက်ယောက်ချမှတ်လျှင် ထိုစည်းမျဉ်းစည်းကမ်းကိုသင်ကြိုက်နှစ်သက်ရန်အလားအလာနည်းပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ယဉ်ကျေးမှု၏အစိတ်အပိုင်းများဖြစ်သောစည်းကမ်းစည်းကမ်းများကိုလက်ခံလေ့ရှိကြသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထိုစည်းမျဉ်းစည်းကမ်းများနှင့်အတူ ကြီးပြင်းလာ၍ ၎င်းတို့နှင့်နေသား ကျနေပြီးအတွက်ကြောင့်ဖြစ်သည်။ အခြားသောယဉ်ကျေးမှုအသိုင်းအဝိုင်းများမှ ကျွန်ုပ်တို့အပေါ်တွင် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းချမှတ်သည့်အချိန်တွင် ၎င်းတို့ကိုကျွန်ုပ်တို့ကြိုက်နှစ်သက်လေ့မရှိပေ။

ကျောင်းသူ၊ ကျောင်းသားများအားသူတို့၏အမြင်များကိုပြောဆိုရန်အားပေးပါ။

# ၅/၃။ လူ့အဖွဲ့အစည်းများ

**အကြောင်းအရာလေ့လာခြင်း**

ကျောင်းသူ၊ ကျောင်းသားများ ဩစတြေးလျဋ္ဌာတိုင်းရင်းသားလူမျိုး၊ မွှင်လူမျိုးနှင့်ခုံ(ဟုန်)(!Kung)တို့အကြောင်းကိုမည်မျှသိရှိသည်ကိုမေးမြန်းပါ။ ဤလူမျိုးများ၏အကြောင်းနှင့်ပတ်သက်၍ ကျောင်းသူ၊ ကျောင်းသားများ၏ ဗဟုသုတ၊ အတွေးအခေါ်တို့ကိုမေးမြန်းပါ။ စာပိုဒ်များကိုဖတ်ကြား၍ ကျောင်းသူ၊ ကျောင်းသားများနားလည်သဘောမပေါက်သည်များကိုရှင်းလင်းပါ။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများ အကြောင်းအရာလေ့လာခြင်းများကိုဖတ်ကြားဆွေးနွေး၍ အဖြေများကိုရှာဖွေပါ။ အုပ်စုများ သူတို့၏အဖြေများကိုအတန်းတွင်တင်ပြ၍အဘယ်ကြောင့်ဤနည်းအတိုင်းသူတို့ဆုံးဖြတ်ခဲ့သည်ကိုရှင်းလင်းပါ။ ဥပမာ – အကြောင်းအရာလေ့လာခြင်းဥပမာတစ်ခုစီတွင် အုပ်စု၊ လူမျိုးနွယ်စု၊ အမျိုးသားနိုင်ငံတို့၏မည်သည့်ပုံသဏ္ဌာန်လက္ခဏာများကိုဖော်ပြထားသနည်း။

**အဖြေများ –**

ဩစတြေးလျနိုင်ငံတွင် အုပ်စိုးသောအစိုးရနှင့်ကွဲပြားခြားနားသောယဉ်ကျေးမှုအသိုင်းအဝိုင်းတည်ရှိသည့်အတွက် ၎င်းသည် အမျိုးသားနိုင်ငံတစ်ခုဖြစ်သည်။

ခုံ(ဟုန်)လူမျိုးများမှာ အစုအဖွဲ့များဖြင့်နေထိုင်သည်။ အုပ်စုငယ်များဖွဲ့၍နေထိုင်ပြီး အစားအစာအတွက်တစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့နေထိုင်သည်။ သူတို့နေထိုင်သောနေရာဒေသများတွင်သဘာသယံဇာတအနည်းငယ်သာရှိသည်။ မွှင်များသည် လူမျိုးနွယ်စုတစ်စုသည်။ သူတို့တွင်တူညီသော ဘာသာစကားနှင့်ယဉ်ကျေးမှုတို့ရှိကြ၍ ကမ္ဘာအနှံ့အပြားတွင် နေထိုင်ကြသော်လည်း ၎င်းတို့ထိန်းသိမ်းထားကြသည်။

**ဆွေးနွေးခြင်း** ဤအကြောင်းအရာကို ကျောင်းသူ၊ ကျောင်းသားများနှင့်ဆွေးနွေးပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

အုပ်စုအဆင့်လူ့အဖွဲ့အစည်းများသည် အလွန်ထီးတည်းတည်ရှိသောနေရာများနှင့်သဘာဝသယံဇာတအနည်းငယ်သာရှိသောနေရာဒေသများတွင်နေထိုင်လေ့ရှိကြသည်။ အမြဲစိမ်းတောများမှာ ထီးတည်းသီးခြားတည်ရှိလေ့လာရှိ၍ သဲကန္တာရများမှာလည်း သဘာဝသယံဇာတများနည်းပါးသည်။ ထိုအုပ်စုလူ့အဖွဲ့အစည်းများသည် များစွာမပြောင်းလဲသောသဘာဝပတ်ဝန်းကျင်များတွင်နေထိုင်ကြသည်။

ယာယီအိမ်များဆောက်လုပ်နေထိုင်ကြသော်လည်း လယ်မြေများသို့မဟုတ်လမ်းများတည်ဆောက်ခြင်းမရှိပေ။ ၎င်းအပြင်စက်မှုလုပ်ငန်းများလည်းတည်ဆောက်လေ့မရှိပေ။ သဲကန္တာရထဲတွင်လေ၊ သဲနှင့်နေပူဒဏ်တို့မှကာကွယ်ရန်အသုံးဝင်သော အဝတ်အထည်များကိုပြုလုပ်၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ပြောင်းလဲနေထိုင်ကြသည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

ဤမေးခွန်းအတွက် အဖြေမှန်ဟူ၍မရှိပေ။ အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများဆွေးနွေးပြီးသူတို့၏ ထင်မြင်ယူဆချက်များကိုအတန်းထဲတွင် ရှင်းလင်းပြောဆိုရန်ဖြစ်သည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

အုပ်စုအဆင့်လူ့အဖွဲ့အစည်းများတွင် အေးချမ်းတည်ငြိမ်မှုနှင့်အစီအစဉ်တကျရှိမှုတို့ကို ထိန်းသိမ်းရာတွင်ကောင်းကျိုးအချို့မှာ အဖွဲ့အစည်းဝင်များအကြားအလွန်နီးကပ်စွာဆက်စပ်နေမှုများကြောင့်တစ်ယောက်၏အားသာချက်များနှင့်အားနည်းချက်များကိုတစ်ယောက်ကသိရှိပြီး အတွင်းမှခြိမ်းခြောက်မှုအန္တရာယ်များကိုကိုင်တွယ်ရပို၍လွယ်ကူသည်။ ပြင်ပခြိမ်းခြောက်မှုအန္တရာယ်အတွက်မူ အုပ်စုတစ်စုအဖို့အန္တရာယ်များမှတိမ်းရှောင်ရလွယ်ကူသည်။ ၎င်းအပြင်ရန်သူလည်းနည်းပါးလိမ့်မည်။ သို့ရာတွင်အကယ်၍ကြီးမားသောပြင်ပအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့လာရလျှင် တောင့်တင်းသောခုခံမှုအင်အားစုစည်းနိုင်ရန်အလားအလာမရှိပေ။ အမျိုးသားနိုင်ငံများ၏ကောင်းကျိုးအားသာချက်များမှာ ၎င်း၏အရွယ်အစားကြောင့်ရဲတပ်ဖွဲ့(အတွင်းမှခြိမ်းခြောက်မှုအန္တရာယ်များမှထိန်းသိမ်းရန်)နှင့်စစ်တပ်မတော်(ပြင်ပခြိမ်းခြောက်မှုအန္တရာယ်များမှကာကွယ်ရန်)တည်ထောင်ရန်လွယ်ကူသည်။ သို့ရာတွင် ထိုနိုင်ငံများမှာပြင်ပရောအတွင်းမှခြိမ်းခြောက်မှုအန္တရာယ်များနှင့်ပို၍ရင်ဆိုင်ရရန်အလားအလာများပေသည်။

**လေ့ကျင့်ခန်း**

အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများ မေးခွန်းများကိုဖြေဆိုပါ။ ထိုနောက်အဖြေများကိုအခြားအုပ်စုများနှင့်ညှိနှိုင်းဆွေးနွေးပါ။ သေချာသောစည်းမျဉ်းစည်းကမ်း သို့မဟုတ် ဥပဒေတစ်ခုအား သင်လိုက်နာရန် အတင်းအဓမ္မပြုလုပ်သောအခါ ၎င်းသည် **အာဏာ** ဖြစ်သည်။ အကယ်၍ သင်မလိုက်နာလျှင် သင့်အားအပြစ်ပေးခံရမည်ဖြစ်သည်။

စည်းမျဉ်းစည်းကမ်း သို့မဟုတ် ဥပဒေတစ်ခုကိုပြုလုပ်ချမှတ်သော ပုဂ္ဂိုလ်အားသင်လေးစား၍ ထိုဥပဒေကို သင်လိုက်နာသောအခါ သို့မဟုတ် သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိလူတို့၏ ထင်မြင်ယူဆချက်မှာသင့်အဖို့အရေးပါသည့်အခါ ၎င်းသည် **သြဇာအရှိန်အဝါလွှမ်းမိုးမှု**ဖြစ်သည်။

**အဖြေများ –**

(က)။ အာဏာ
(ခ)။ သြဇာအရှိန်အဝါလွှမ်းမိုးမှု
(ဂ)။ သြဇာအရှိန်အဝါလွှမ်းမိုးမှု (အကယ်၍လူများအားဆုတောင်းပွဲတက်ရောက်ရန်အတင်းအဓမ္မ ပြောဆိုင်လျှင် ၎င်းမှာအာဏာဥပမာပုံစံတစ်ခုဖြစ်သည်။)
(ဃ)။ အာဏာ

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

**ပြဿနာများ –** လူမျိုးများအကြားအထင်လွဲခြင်းနှင့်လူမျိုးရေးဝါဒ၊ ဘာသာရေးကွဲပြားခြားနားမှုများ၊ ဘာသာစကားအခက်အခဲများ၊ ကျောင်းသုံးဘာသာစကား၊ နယ်မြေပိုင်ဆိုင်မှုအပေါ်အငြင်းပွားမှု၊ အာဏာခွဲဝေမှုပြဿနာများ။

**အကျိုးကျေးဇူးများ –** လူများဘာသာစကားများစွာပြောဆိုနိုင်မည်၊ လူမျိုးခြားများသိရှိခြင်း၊ အခြားသောယဉ်ကျေးမှုများကိုလေးစားနားလည်ခြင်း၊ ဗဟုသုတများကိုမျှဝေခြင်း၊ အစားအသောက်များကွဲပြားခြင်း။

၂။ အုပ်စုများခွဲ၍ ကျောင်းသူ၊ ကျောင်းသားများဤအကြောင်းအရာကိုဆွေးနွေး၍သူတို့၏ထင်မြင်ယူဆမှုများကိုဇယားထဲတွင်ရေးသားပါ။ ဇယားကိုသင်ပုန်းကြီးပေါ်ရေးဆွဲ၍အုပ်စုများသူတို့၏အဖြေများ

ကိုသင်ပုန်းကြီးပေါ်ရှိဇယားတွင်ရေးသားပါ။ သင်မည်သည့်အဖြေကိုမှအကြံမပြုမီ ကျောင်းသူ၊ ကျောင်းသားများသူတို့၏အဖြေများကိုအဆိုပြုတင်ပြပါစေ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

| | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| **အုပ်စု** | လူတိုင်းတစ်ယောက်နှင့်တစ်ယောက်သိရှိကြသည်၊ လူတိုင်းအတွက်လုံလောက်သောအစားအသောက်ရှာဖွေရန်လွယ်ကူသည်၊ စနစ်တကျရှိစေရန်ထိန်းသိမ်းရလွယ်ကူသည်၊ ပဋိပက္ခနည်းသည်၊ | ပြင်ပအန္တရာယ်များမှ ခုခံကာကွယ်ရန်ခက်ခဲသည်၊ အမျိုးအစားစုံလင်မှုနည်းပါးသည်၊ အခြားသော ယဉ်ကျေးမှုအသိုင်းအဝိုင်းများနှင့်အပြန်အလှန်ဆက်ဆံမှု နည်းပါးသည်၊ ပုဂ္ဂလိကခြားနားမှုများကိုလက်မခံနိုင်ခြင်း။ |
| **မျိုးနွယ်စု** | လူတိုင်းတူညီသောဘာသာစကားကိုပြောဆိုသည်၊ တူညီသောယုံကြည်မှုများနှင့်စံများရှိသည်၊ အသိုင်းအဝိုင်းစိတ်ဓါတ်ရှိသည်၊ ရိုးရာအစဉ်အလာအတတ်ပညာကျွမ်းကျင်မှု။ | အခြားယဉ်ကျေးမှုများကိုလက်မခံနိုင်ခြင်းနှင့် ၄င်းတို့အကြောင်းဗဟုသုတနည်းပါးခြင်း၊ မျက်မှောက်ခေတ်အတတ်ပညာကျွမ်းကျင်မှုနည်းပါးနိုင်ခြေရှိခြင်း၊ သူတို့ကိုသူတို့ကာကွယ်ရန်မလွယ်ကူခြင်း၊ ပုဂ္ဂလိကခြားနားမှုများကိုလက်မခံနိုင်ခြင်း။ |
| **အမျိုးသားနိုင်ငံ** | တောင့်တင်းသောကာကွယ်မှုစနစ်ရှိခြင်း၊ လူ့အရင်းအမြစ်ရှားပါးမှုမရှိခြင်း၊ ခေတ်မီအတတ်ပညာများနှင့်ပညာရေးအခွင့်အလမ်းများ။ | ရိုးရာအစဉ်အလာနေပုံထိုင်ပုံများဆုံးရှုံးခြင်း၊ အစိုးရသည် ပြည်သူလူထုအားလုံး၏ ကိုယ်စားလှယ်ဖြစ်ကောင်းမှဖြစ်မည်။ နားလည်မှုလွဲမှားမှုများပိုများခြင်း၊ လူနည်းစုများမှာ လူမှုရေး၊ ပညာရေးစသည်တို့ချို့ငဲ့ခြင်း။ |

**လေ့ကျင့်ခန်း**

ကျောင်းသူ၊ ကျောင်းသားများအိမ်စာအဖြစ်စာပိုဒ်တစ်ပိုဒ်ရေးသားပါ။ သူတို့၏အဖြေများအတွက်အကြောင်းပြချက်များဖော်ပြရန် သတိပေးပါ။

**ဖြည့်စွက်လေ့ကျင့်ခန်း**

သူတို့ကြိုက်နှစ်သက်ရာ လူ့အဖွဲ့အစည်းအပေါ်တွင်မူတည်၍ ကျောင်းသူ၊ ကျောင်းသားများကိုအုပ်စုခွဲပါ (အုပ်စုအရေအတွက်ရနိုင်သမျှခွဲ၍ အုပ်စုတိုင်းတွင် အကြမ်းအားဖြင့်ကျောင်းသူ၊ ကျောင်းသားအရေအတွက်တူညီစွာပါဝင်ပါစေ)။ **အုပ်စုများ၊ မျိုးနွယ်စုများနှင့်အမျိုးသားနိုင်ငံများ**ဟု၍ခွဲပါ။ အုပ်စုတစ်စုစီသည်သူတို့၏ လူ့အဖွဲ့အစည်းအမျိုးအစားအကြောင်းနှင့် အဘယ်ကြောင့် ထိုလူ့အဖွဲ့အစည်းကို ကြိုက်နှစ်သက်သည်ဆိုသည့်အကြောင်းများ တင်ပြမှုတစ်ခုပြုလုပ်ရန်ပြင်ဆင်ပါ။

# သက်ဆိုင်ရာအခန်းများ၏လေ့ကျင့်ခန်းများ

ဤလူမှုရေးသိပ္ပံဘာသာရပ်သင်ရိုးညွှန်းတမ်းတွင် တစ်ခုတည်းသော၊ ပြည့်စုံသောစာမေးပွဲမပါဝင်ဘဲ သင်ခန်းစာများအတွက်စုပေါင်းလေ့ကျင့်ခန်းများပါဝင်သည်။ သင့်သင်ကြားမှုပုံစံနှင့်ကိုက်ညီသောနည်းလမ်းအတိုင်းအသုံးပြုရွေးချယ်နိုင်သည်။ ဤလေ့ကျင့်ခန်းမှာ စာမေးပွဲတစ်ခုအဖြစ်သုံးလျှင်ကျောင်းသူ၊ ကျောင်းသားများဖြေဆိုနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အကယ်၍ဤလေ့ကျင့်ခန်းကိုစာမေးပွဲတစ်ခုအသုံးပြုရန်ရည်ရွယ်လျှင် သင်လိုအပ်သလောက်သာလျှင် ရွေးချယ်ပါ။

သင့်ကျောင်းသူ၊ ကျောင်းသားများ၏အဆင့်ပေါ်တွင်မူတည်၍ သင်တွင်ရွေးချယ်မှုအများအပြားရရှိစေရန် လွယ်ကူသောလေ့ကျင့်ခန်းများမှခက်ခဲသောလေ့ကျင့်ခန်းများအထိမတူညီသောရွေးချယ်မှုများပါဝင်စေရန်

ကျွန်ုပ်တို့ကြိုးစားထားပေသည်။ အချို့သောလေ့ကျင့်ခန်းများမှာ ဤသင်ရိုးညွှန်းတမ်းတွင်ပါသောလေ့ကျင့်ခန်းများနှင့်အလားသဏ္ဍာန်တူသည့်အတွက်ကြောင့်ကျောင်းသူ၊ ကျောင်းသားများနှင့်ရင်းနှီးကျွမ်းဝင်မှုရှိပေသည်။

ဤနေရာရှိအချို့သောလေ့ကျင့်ခန်းများမှာ စာမေးပွဲများတွင်ထည့်သွင်းရန် အလွန်ခက်ခဲ၍အချိန်များများပေးရသောလေ့ကျင့်ခန်းများဖြစ်သည်။ ၄င်းတို့ကိုသီးခြားလေ့လာမှုသို့မဟုတ်ပြန်လည်လေ့ကျင့်ခန်းပုံစံကဲ့သို့သာအသုံးပြုရန်စဉ်းစားသင့်သည်။

အောက်ပါတို့မှာအဆိုပါလေ့ကျင့်ခန်းများအားအသုံးပြုရန်နည်းလမ်းများဖြစ်သည်။

၁။ နောက်ဆုံးစာမေးပွဲ(အတန်းတင်စာမေးပွဲ) – သင်ခန်းစာအခန်းတိုင်းအတွက်လေ့ကျင့်ခန်းအချို့ရွေးချယ်ပါ။
၂။ အခန်းလိုက်စာမေးပွဲ – အချိန်နှင့်သင့်သင်ကြားမှုပုံစံပေါ်တွင်မူတည်၍ သက်ဆိုင်ရာသင်ခန်းစာမှလေ့ကျင့်ခန်းများကို သင်စစ်ဆေးလိုသမျှရွေးချယ်ပါ။
၃။ သီးသန့်တာဝန်ပေးအပ်ခြင်းများ – အချို့သောသင်ခန်းစာများတွင် ပြီးမြောက်ရန်အချိန်များများလိုအပ်သောမေးခွန်းများပါဝင်သည်။ ထို့ကြောင့် ဤသင်ရိုးညွှန်းတမ်းတွင်လေ့လာခဲ့သောအချို့သောအယူအဆများကိုကျောင်းသူ၊ ကျောင်းသားများ လေ့ကျင့်ရန်နိုင်လိမ့်မည်။
၄။ ပြန်လည်ဆန်းစစ်ခြင်း(သို့)အကြိုစာမေးပွဲ – မည်သည့်လေ့ကျင့်ခန်းကိုမဆိုရွေးချယ်၍ ကျောင်းသူ၊ ကျောင်းသားများအား အတန်းတွင်းပြန်လည်လေ့ကျင့်ခန်းမေးခွန်းများ သို့မဟုတ် အိမ်စာပြန်လည်လေ့ကျင့်ခန်းမေးခွန်းများပုံစံသို့မဟုတ်အပိုအိမ်စာအဖြစ်ပေးပါ။

ဤမေးခွန်းပုံစံလေ့ကျင့်ခန်းရွေးချယ်မှုတွင်ပါဝင်သော များစွာသောမေးခွန်းများတွင် အဖြေမှန်ဟူ၍မရှိပေ။ သင်ကျောင်းသူ၊ ကျောင်းသားများအား ရေးသားစေလိုသော ဥပမာအဖြေအချို့ကို ဤလမ်းညွှန်တွင်ဖော်ပြပေးထားသည်။ ကျောင်းသူ၊ ကျောင်းသားများတွင်လည်း အမှန်ဖြစ်သော၊ ကွဲပြားသော ထင်မြင်ယူဆချက်များလည်း ရှိနိုင်သည်။ ကျောင်းသူ(သို့)ကျောင်းသားတစ်ယောက်သည် မေးခွန်းတစ်ခုကို ရှင်းလင်းစွာဖြေဆို၍ အဖြေမှာယုတ္တိတန်သော် အဆိုပါကျောင်းသူ(သို့)ကျောင်းသားအားအမှတ်ပေးပါ။

ဤသည်မှာ အင်္ဂလိပ်ဘာသာစကားကိုစစ်ဆေးသော စာမေးပွဲမဟုတ်ပေ။ သဒ္ဒါနှင့်စာလုံးသတ်ပုံအမှားများကြောင့်အမှတ်တစ်မှတ်မှမလျှော့ပါနှင့်။ အဓိပ္ပါယ်မှာရှင်းလင်းနေသရွေ့ အဖြေများမှာပြည့်စုံသောဝါကျဖြစ်နေရန်မလိုအပ်ပေ။ သင်နေအဖြင့် ကျောင်းသူ၊ ကျောင်းသားများအားသူတို့၏ဘာသာစကားဖြင့်ရေးသားဖြေဆိုရန်အခွင့်အရေးပေးနိုင်သည်။ အကယ်၍ သူတို့အခက်အခဲကိုလက်ခံ၍အင်္ဂလိပ်ဘာသာဖြင့်ရေးသားလိုလျှင် အဖြေများကိုရှင်းလင်းစေရန် သူတို့၏မူရင်းဘာသာစကားဖြင့်မှတ်စုစာတိုကလေးများထည့်၍ရေးသားရန်အားပေးပါ

# စာမေးပွဲ(၁) – ဖွံ့ဖြိုးတိုးတက်မှု

**လေ့ကျင့်ခန်း(၁)**

(က)။ အောက်ပါအဖြစ်အပျက်တွင်မည်သည့်လူမှုရေးနှင့်စီးပွားရေးပြောင်းလဲမှုဥပမာပုံစံများကိုသင်တွေ့ရှိသနည်း

အဓိကစကားလုံးများ

**casino (n)** – လောင်းကစားရုံ။

**gamble (v)** – လောင်းကစားသည်။

ဒါရာသည် ထိုင်း–ကန်ဘောဒီးယားနယ်စပ်အနီးရှိရွာကလေးတစ်ရွာတွင်နေထိုင်သည်။ သူမ၏မိဘများမှာ လယ်သမားများဖြစ်ကြသည်။ လွန်ခဲ့သောနှစ်ပေါင်းဆယ်နှစ်ခန့်က ထိုနေရာတွင် ခမာရူး(Khmer Rouge) ကွန်မြူနစ်များနှင့် ကန်ဘောဒီးယားအစိုးရတို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ဒါရာ၏ဝမ်းကွဲညီအကို မောင်နှမတစ်ချို့မှာအစိုးရစစ်သားများဖြစ်ကြ၍ သူတို့ထဲမှအချို့မှာတိုက်ပွဲများတွင်ကျဆုံးခဲ့သည်။ သူမတို့၏ ရွာကိုခမာရူးများအကြိမ်ပေါင်းများစွာတိုက်ခိုက်ခဲ့သည်။ ဒါရာနှင့်သူမ၏မိသားစုမှာတောထဲတွင်အချိန်အတန် ကြာပုန်းအောင်းနေခဲ့ရသည်။ ယခုအခါ ကန်ဘောဒီယားနိုင်ငံတွင်တိုက်ပွဲများမရှိတော့ပေ။ (၁၉၉၈)ခမာရူး တို့၏ခေါင်းဆောင်ကွယ်လွန်သောချိန်တွင် တိုက်ပွဲများအဆုံးသတ်ခဲ့သည်။

သူသည် အထက်တန်းပညာလေ့လာပြီးနောက် တိုက်ပွဲများပြီးဆုံးတွင်ဖွင့်လှစ်သောတက္ကသိုလ်တစ် ခုတွင် ပညာသင်ယူခဲ့သည်။ ဒါရာတို့ရွာအနီးတစိုက်ရှိတောများကို မလေးရှားသစ်ထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုအား ရောင်းချရန်ခုတ်လှဲခဲ့၍ယခုအခါ မြေဆီလွှာများမှာပျက်ဆီးလျက်ရှိသည့်အတွက် သူမတို့၏ မိ သားစုမှာလယ်ယာစိုက်ပျိုး၍မရတော့ပေ။ မိသားစုမှာ မြို့ထဲရှိထိုင်းဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်သည်။ ဆယ်နှစ်တာအချိန်ကာလအတွင်း သူမတို့ရွာကလေးမှာ အလွန်ပြောင်းလဲသွားပြီဖြစ်သည်။ ဆိုင်များ၊ စက်ရုံ များအမြောက်အများတည်ရှိနေပြီဖြစ်သည်။ ကန်ဘောဒီးယားနှင့် ထိုင်းတို့အကြား စီးပွားရေးအမြောက် အများတည်ရှိနေပြီဖြစ်သည်။ အချို့သောစီးပွားရေးသမားများမှာ ဒါရာတို့ရွာအနီးတွင် လောင်းကစား ရုံ တစ်ရုံ ဖွင့်လှစ်ထားသည်။ များစွာသောလူများမှာ ထိုနေရာသို့သွား၍ လောင်းကစားကြသည်။ ဒါရာမိဘ များကဲ့သို့လူကြီးသူမများက ထိုကဲ့သို့ပြုလုပ်ခြင်းကို မနှစ်သက်ကြပေ။ လောင်းကစားခြင်းသည် သူတို့၏ ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည်ဟု ထိုသူတို့ကယုံကြည်ကြသည်။

အောက်ပါမေးခွန်းများအတွက်အနည်းဆုံးအဖြေနှစ်ခုစီပေးပါ။ ဥပမာအဖြစ်နံပါတ်(၁)မေးခွန်းအတွက်အဖြေတစ်ခု ပေးထားသည်။

၁။ စီးပွားရေး – စီးပွားရေးသမားအချို့က ဒါရာတို့ရွာအနီးတွင်လောင်းကစားရုံတစ်ရုံဖွင့်လှစ်ထားသည်။

၂။ စီးပွားရေး –

၃။ လူမှုရေး –

၄။ လူမှုရေး –

(ခ)။ အောက်ပါအဖြစ်အပျက်တွင်မည်သည့်လူမှုရေးနှင့်စီးပွားရေးပြောင်းလဲမှုဥပမာပုံစံများကိုသင်တွေ့ရှိသနည်း။

အဓိကဝေါဟာရများ

**compensation (n)** – လျော်ကြေး၊ နစ်နာကြေး။

**displace (v)** – နေရာမှထွက်ခွာစေသည်၊ နေရာဖယ်ရှားသည်။

**indigeneous (adj)** – ဒေသခံတိုင်းရင်းသား၊ ဒေသခံ။

**submerge (v)** – ငုပ်လျှိုးသည်။

အိန္ဒိယနိုင်ငံတွင် နာမဒါမြစ်(Narmada River)မြစ်ဝှမ်းတွင်အစိုးရမှရေကာတာများတည်ဆောက်ခဲ့သည်။ ထိုမြစ်အနီးပတ်ဝန်းကျင်တွင်နေထိုင်သော များစွာသောဒေသခံတိုင်းရင်းသားများမှာ နေရာမှဖယ်ရှားခြင်းခံရသည်။ ထိုနာမဒါမြစ်မြစ်ဝှမ်းရှိမြေများ ရေလွှမ်းမိုးသွား၍ ထိုကဲ့သို့လွှမ်းမိုးသွားသောကြောင့် ငါးများသေဆုံးခြင်း၊ သဘာဝပေါက်ပင်များဆုံးရှုံးခြင်းနှင့် သန့်ရှင်းသောသောက်သုံးရေမရရှိခြင်း စသည့်သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုပြဿနာများ ဖြစ်ပွားခဲ့သည်။ အချို့သောဒေသခံများကို အစိုးရမှလျော်ကြေးအဖြစ် မြေယာများပေးခဲ့သည်။ သို့သော်ထိုမြေများမှ အလွန်ကျောက်ခဲထူထပ်၍ မကောင်းမွန်ပေ။ ထိုမြေယာသစ်များပေါ်တွင် စိုက်ပျိုး၍မဖြစ်ထွန်းပေ။ မြစ်အနီးတွင်နေခဲ့စဉ်က လူများမှာငါးဖမ်းခြင်းများ လုပ်ကိုင်ခဲ့ဖူးသည်။ တောတောင်များ ဟင်းသီးဟင်းရွက်များ ဆွတ်ခူးခဲ့ဖူးသည်။ သူတို့အသက်ရှင်နေထိုင်ရေးအတွက် လိုအပ်သော အခြေခံအရာဝတ္ထုများရရှိခဲ့သည်။ နေရာသစ်တွင်မူ တောတောင်မရှိသကဲ့သို့ ငါးဖမ်းရန်နေရာလည်းမရှိပေ။ သူတို့၏အသက်မွေးဝမ်းကျောင်းမှုအတွက် သဘာဝသယံဇာတများမရှိပေ။ အသက်ရှင်ရပ်တည်ရန် တစ်ခုတည်းသောနည်းလမ်းမှာ မြို့ပေါ်သို့သွား၍ နေစဉ်အလုပ်ရှာဖွေရန်ဖြစ်သည်။ ဤနည်းဖြင့်တစ်နေ့လျှင် ရူပီးအနည်းငယ်သာဝင်ငွေရရှိသည်။ သူတို့မိသားစုများကိုကျွေးမွေးရန်အထိ မလုံလောက်ပေ။ ဤအိန္ဒိယနိုင်ငံရှိဒေသခံလူမျိုးများမှာ မြို့လူနေမှုဘဝ၊ ငွေကြေး၊ နိုင်ငံရေးတို့နှင့်ရင်းနှီးကျွမ်းဝင်မှုမရှိပေ။ အများစုသောထိုလူမျိုးတို့မှာမြို့ နေလူများပြောဆိုသောဘာသာစကားကို မပြောဆိုတတ်ကြပေ။ ရေကာတာတည်ဆောက်ပြီးနောက် သူတို့၏ ဘဝမှာများစွာပြောင်းလဲသွားခဲ့သည်။

အောက်ပါမေးခွန်းများအတွက်အနည်းဆုံးအဖြေနှစ်ခုစီပေးပါ။ ဥပမာအဖြစ်နံပါတ်(၁)မေးခွန်းအတွက်အဖြေတစ်ခုပေးထားသည်။

၁။ စီးပွားရေး – သူတို့၏အသက်မွေးဝမ်းကျောင်းမှုအတွက် သဘာဝသယံဇာတများမရှိပေ။

၂။ စီးပွားရေး –

၃။ လူမှုရေး –

၄။ လူမှုရေး –

(ဂ)။ အဖြစ်အပျက်(က)နှင့်အဖြစ်အပျက်(ခ)တို့ပြောင်းလဲမှုများကိုနှိုင်းယှဉ်ပါ။
မည်သည့်တို့က အလားသဏ္ဌာန်တူညီသနည်း။ မတူညီမှုများမှာမည်သည်တို့နည်း။ ပြောင်းလဲများမှာအများအားဖြင့်အပြုသဘောဆောင်သလော သို့မဟုတ် အပျက်သဘောဆောင်သလော။ ရှင်းလင်းဖြေဆိုပါ။

(ဃ)။ အကြောင်းအရာကိုဖတ်ကြား၍ မေလင်းနှင့် သူမ၏မိတ်ဆွေများအတွက် အဖြေများကိုအကြံပြုပါ။
အဓိကဝေါဟာရများ
blind (adj) – မျက်စိကွယ်နေသော။
mask (n) – မျက်နှာဖုံး။
pesticides (n) – ပိုးသတ်ဆေး။

မေလင်းမှာ ကျေးလက်ဒေသတစ်ခုတွင် လယ်အလုပ်သမားတစ်ယောက်ဖြစ်သည်။ အခြားသောအမျိုးသမီးများနှင့်အတူသူမမှာအဆောင်တစ်ခုတွင်နေထိုင်သည်။ အလုပ်မှာအလွန်ကြမ်းတမ်း၍ဝင်ငွေအနည်းငယ်သာရရှိသည်။ သို့ရာတွင် မေလင်းသည် ငွေကြေးအချို့စုဆောင်းနိုင်ရန်ဆက်၍အလုပ်လုပ်လိုသည်။ လအနည်းငယ်ကြာတိုင်း သူမ၏မိသားစုထံငွေကြေးအနည်းငယ်ပို့နိုင်သည်။ သို့အတွက်သူမ၏မောင်ငယ်နှင့်ညီမတို့မှာကျောင်းပညာသင်ကြားနိုင်သည်။

သူမတို့အလုပ်၏အစိတ်အပိုင်းတစ်ခုအဖြစ် မေလင်းနှင့်သူမ၏မိတ်ဆွေများမှာ သီးနှံပင်များကိုပိုးသတ်ဆေးဖြန်းရသည်။ ပိုးသတ်ဆေးသည် လူတို့၏ကျန်းမာရေးအတွက်အလွန်ဆိုးဝါး၍ ၄င်းမှာအလွန်အန္တရာယ်ကြီးသောအလုပ်ဖြစ်သည်။ အလုပ်ရှင်များမှာ ဤအလုပ်အတွက်အလုပ်သမားများအား အကာအကွယ်ပေးသောဝတ်ရုံများ သို့မဟုတ် အထူးပြုလုပ်ထားသော မျက်နှာဖုံးများကို မထောက်ပံ့ပေ။ ဤအလုပ်ကြောင့်မေလင်းနှင့်အခြားသော အလုပ်သမားများမှာ ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့ရသည်။ သူမတို့၏မျက်လုံးများကအမြဲတမ်းနာကျင်၍ တခါတရံဆိုးဝါးသောခေါင်းကိုက်ဝေဒနာကိုခံစားရသည်။ လယ်ကွင်းများလုပ်နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သောသူများမှာ မျက်စိကွယ်သွားလေ့ရှိသည်။

မေလင်း၏မျက်လုံးများမှာ တဖြည်းဖြည်းနှင့်ပို၍ပို၍နာကျင်လာခဲ့သည်။ မြို့ထဲတွင် ဆေးခန်းတစ်ခန်းရှိသည်။ သို့ရာတွင် သွားလာရန်ယဉ်မရှိသည့်အတွက် မေလင်းမှာဆေးခန်းသို့မသွားနိုင်ပေ။ လယ်အလုပ်သမားများမှာ ဤပြဿနာများကိုအကြိမ်ပေါင်းများစွာဆွေးနွေးကြသော်လည်း သူတို့ဘာလုပ်နိုင်မည်ကိုစဉ်းစား၍မရပေ။ လုပ်ခလစာများကိုမဆုံးရှုံးလိုသည့်အတွက် အလုပ်သမားများမှာအလုပ်ရှင်များအားမကျေမနပ်မပြောဆိုဝံ့ပေ။

မေလင်းအား သင်မည်သည့်အကြံဉာဏ်များ ပေးလိုသနည်း။

# လေ့ကျင့်ခန်း (၂)

လေးထောင့်ကွက်ထဲရှိ မည်သည့်စကားလုံးများသည် တူညီသောနိုင်ငံအမျိုးအစားများကို အနက်အဓိပ္ပါယ်ဖော်ဆောင်သနည်း။ ၄င်းတို့ကိုဇယားတွင်ထည့်သွင်းပါ။

| | | |
|---|---|---|
| **တောင်ကမ္ဘာခြမ်း** | **စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ** | **မြောက်ကမ္ဘာခြမ်း** |
| **အနောက်နိုင်ငံများ** | **တတိယကမ္ဘာနိုင်ငံများ** | **ဆင်းရဲသောနိုင်ငံများ** |

| **ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ** | **ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ** |
|---|---|
| | |

# လေ့ကျင့်ခန်း (၃)

လက်ဝဲဘက်ရှိသရုပ်ဖော်ရေးသားချက်များကို လက်ယာဘက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအမျိုးအစားများနှင့် ယှဉ်တွဲပါ။

**၁**။ နိုင်ငံတစ်နိုင်ငံတွင် ကုန်စည်နှင့်ဝန်ဆောင်မှုများမှာ လူတစ်ယောက်ချင်းစီ၏ လိုအပ်ချက်ထက်ပိုနေသည်။

၂။ ပြည်သူလူထုမှာသူတို့တင်မြောက်လိုသောခေါင်းဆောင်ကိုရွေးချယ်နိုင်သည်။

(က)။ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု

၃။ အခြေခံပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများမှာ လူတိုင်းအတွက်ရရှိနိုင်သည်။

၄။ အလုပ်အကိုင်ကောင်းရရှိရန်အခွင့်အလမ်းများစွာရှိသည်။

(ခ)။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

# လေ့ကျင့်ခန်း (၄)

အဖြေမှန်များဝိုင်းပြပါ။

၁)။ နိုင်ငံတစ်နိုင်ငံ၏ဂျီဒီပီသည်သင့်အား
- က။ ပြည်သူလူထုတွင် အားလပ်ချိန်မည်မျှရှိသည်
- ခ။ အဆိုပါနိုင်ငံမည်မျှချမ်းသာသည်
- ဂ။ အဆိုပါနိုင်ငံသည် ၎င်း၏သဘာဝပတ်ဝန်းကျင်ကိုမည်သို့ထိန်းသိမ်းသည်
- ဃ။ အဆိုပါနိုင်ငံရှိပြည်သူများဝင်ငွေမည်မျှရရှိသည်ကိုပြောပြနိုင်သည်။

၂)။ မည်သည့်ညွှန်ကိန်းက နိုင်ငံတစ်နိုင်ငံတွင်လူများမည်မျှအထိအသက်ရှင်နေထိုင်သည်ဆိုသည့် အကြောင်းအလွန်တိကျသောအချက်အလက်ကို သင့်အားပေးနိုင်သနည်း။
- က။ အရွယ်ရောက်သူစာတတ်မြောက်မှုနှုန်း
- ခ။ လူ့ပျမ်းမျှသက်တမ်း
- ဂ။ ကလေးအသေအပျောက်နှုန်း
- ဃ။ ပြည်သူလူထုအတွက်ကျန်းမာရေးအသုံးစရိတ်

၃)။ မည်သည့်နိုင်ငံမှာတောင်ကမ္ဘာခြမ်းတွင်တည်ရှိသနည်း။
- က။ မြန်မာနိုင်ငံ
- ခ။ ပါကစ္စတန်နိုင်ငံ
- ဂ။ ဩစတြေးလျနိုင်ငံ
- ဃ။ ဂျပန်နိုင်ငံ

၄)။ မည်သည့်နိုင်ငံသည်ကလေးအသေအပျောက်အနည်းဆုံးနိုင်ငံဖြစ်နိုင်မည်နည်း။
- က။ မြန်မာနိုင်ငံ
- ခ။ အိန္ဒိယနိုင်ငံ
- ဂ။ စင်ကာပူနိုင်ငံ
- ဃ။ မော်ဇန်ဘစ်နိုင်ငံ

# လေ့ကျင့်ခန်း (၅)

ဇယားတွင် နိုင်ငံခုနစ်နိုင်ငံ၏ဂေဟဗေဒဆိုင်ရာအချက်အလက်ညွှန်ကိန်းများကိုဖော်ပြထားသည်။
ဇယားကိုအခြေခံ၍အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

# ဂေဟဗေဒဆိုင်ရာအချက်အလက်

ဂေဟဗေဒဆိုင်ရာအချက်အလက်သည် သီးသန့်ညွှန်းကိန်းတစ်ခုဖြစ်၍ ၎င်းသည်နိုင်ငံတစ်နိုင်ငံတွင် မြေဟက်တာမည်မျှကို လူတစ်ဦးစီအတွက်အသုံးပြုသည်ကို ဖော်ပြသည်။ ၎င်းတွင် လူတို့အတွက် အစားအစာစိုက်ပျိုးရန်အသုံးပြုသောမြေ၊ လောင်စာရရှိရန်အသုံးပြုသောမြေနှင့် အခြားသောကုန်စည်များရရှိရန် အသုံးပြုသောမြေတို့ ပါဝင်၍ ၎င်းသဘာဝပတ်ဝန်းကျင်ကို သက်ရောက်ထိခိုက်မှုရှိသည်။




**က**။ နိုင်ငံများကို၎င်းတို့၏ ဂေဟဗေဒဆိုင်ရာအချက်အလက် အရွယ်ပမာဏအရစီပါ။ အနည်းဆုံးမှနေ၍စတင်ပါ။

**ခ**။ မည်သည့်နိုင်ငံသည် လူတစ်ဦးစီအတွက်အနည်းဆုံးမြေပမာဏကိုအသုံးပြုသနည်း။

**ဂ**။ မည်သည့်နိုင်ငံသည် ၎င်း၏သဘာဝပတ်ဝန်းကျင်ကိုအနည်းဆုံးအကျိုးသက်ရောက်ထိခိုက်သနည်း။

**ဃ**။ မည်သည့်နိုင်ငံသည် လူတစ်ဦးစီအတွက် မြေပမာဏအများဆုံးအသုံးပြုသနည်း။

**င**။ မလေးရှားနိုင်ငံသည် လူတစ်ဦးစီအတွက် မြေဟက်တာမည်မျှအသုံးပြုသနည်း။

**စ**။ နိုင်ငံတစ်နိုင်ငံတွင် လူတစ်ဦးစီ၏တစ်နှစ်အတွင်းထုတ်လုပ်သောကုန်စည်နှင့်ဝန်ဆောင်မှုပျမ်းမျှတန်ဖိုးနှင့်၎င်း၏ဂေဟဗေဒဆိုင်ရာအချက်အလက်အကြားဆက်စပ်မှုမှာအဘယ်နည်း။

**လူတစ်ဦးစီ၏တစ်နှစ်အတွင်းထုတ်လုပ်သောကုန်စည်နှင့်ဝန်ဆောင်မပျြမ်းမျှတန်ဖိုး(GDP Per Captia)**

| | |
|---|---|
| အာဖဂန်နစ္စတန် – အမေရိကန်ဒေါ်လာ ၈၀၀ | ဂျပန် – အမေရိကန်ဒေါ်လာ ၃၃၁၀၀ |
| သြစတြေးလျ – အမေရိကန်ဒေါ်လာ ၃၃၃၀၀ | မလေးရှား – အမေရိကန်ဒေါ်လာ ၁၂၈၀၀ |
| မြန်မာ – အမေရိကန်ဒေါ်လာ ၁၈၀၀ | အမေရိကန် – အမေရိကန်ဒေါ်လာ ၄၄၀၀၀ |
| တရုတ် – အမေရိကန်ဒေါ်လာ ၇၇၀၀ | |

၁)။ ဆက်စပ်မှုလုံးဝမရှိပေ။
၂)။ တခါတရံတွင် များပြား၍တခါတရံတွင် နည်းပါးသည်
၃)။ ဂျီဒီပီတိုးလည်လည်ဂေဟဗေဒဆိုင်ရာအချက်အလက်နည်းလည်လည်ဖြစ်သည်
၄)။ ဂျီဒီပီတိုးလည်လည်ဂေဟဗေဒဆိုင်ရာအချက်အလက်တိုးလည်လည်ဖြစ်သည်

**ဆ**။ ဇယားထဲရှိမည်သည့်နိုင်ငံသည် ၎င်း၏ဂျီဒီပီနှင့်နှိုင်းစာလျှင်တမူထူးခြားသောဂေဟဗေဒဆိုင်ရာအချက်အလက်ရှိသနည်း။

# စာမေးပွဲ (၂) သမိုင်း

## လေ့ကျင့်ခန်း (၁)

မေးခွန်းများကိုဖြေဆိုပါ။

**၁။** သမိုင်းဆိုင်ရာအရင်းအမြစ်ဥပမာ(၅)ခုကိုစာရင်းပြုစုပါ။ ဥပမာ – သတင်းစာ

**၂။** မတူညီသောပြက္ခဒိန် အနည်းဆုံး(၃)ခုကိုစာရင်းပြုစုပါ။ ဥပမာ – ဂျူးပြက္ခဒိန်

**၃။** ထိုပြက္ခဒိန်များသည် မည်သည်တို့အပေါ်တွင်အခြေတည်သနည်း။ ဥပမာ – ဂျူးတို့၏ပြက္ခဒိန်သည်(ဂျူးတို့အလေးအမြတ်ထားရာကျမ်း)တိုရာကျမ်း(**Torah**)အရ ကမ္ဘာမြေကြီးအားစတင်၍ဖန်ဆင်းသည့်ခုနှစ်တွင် အခြေခံသည်။

## လေ့ကျင့်ခန်း (၂)

သမိုင်းသည် – (**က**)။ အရေးပါသောအဖြစ်အပျက်များ
(**ခ**)။ ရှာဖွေတွေ့ရှိမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပြောင်းလဲမှုများ
(**ဂ**)။ ကျော်ကြားသောပုဂ္ဂိုလ်များအကြောင်းဖြစ်သည်။

၎င်းတို့တစ်ခုစီအတွက် ဥပမာ(၂)ခုစီပေးပါ။ သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းဘဝနှင့်သင့်ဘဝအတွက်အရေးပါသောအရာများကို သင်၏ဥပမာအဖြစ်ရွေးချယ်ပါ။

ဥပမာ – **ခ**။ ရှာဖွေတွေ့ရှိမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပြောင်းလဲမှုများ
လျှပ်စစ်ဓါတ်အားကိုရှာဖွေတွေ့ရှိမှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှု

(က)။

(ခ)။

(ဂ)။

## လေ့ကျင့်ခန်း (၃)

ဝန်ကြီးချုပ်ဟောင်းတစ်ယောက်၏အတ္ထုပ္ပတ္တိကိုရှာဖွေပါ။ နိုင်ငံ့ဘဏ္ဍာငွေများကိုထိုဝန်ကြီးချုပ်ဟောင်းခိုးယူခဲ့သည်ဆိုသည့်အကြောင်းကို ရေးသားထားသော သတင်းဆောင်းပါးတစ်ပုဒ်သင်တွေ့ရှိသည်။ ဝန်ကြီးချုပ်ဟောင်း၏ဇနီးအား လူတွေ့မေးမြန်းသောအခါ ဝန်ကြီးချုပ်ခိုးယူခဲ့ခြင်းမဟုတ်၊ ဒုတိယဝန်ကြီးခိုးယူခဲ့ခြင်းဖြစ်သည်ဟုသူမက ဖြေကြားသည်။ သင်ဘာလုပ်သင့်သနည်း။

# လေ့ကျင့်ခန်း (၄)

အောက်ပါစာပိုဒ်မှသင်ရရှိသောသတင်းအချက်အလက်အားလုံးကိုအသုံးပြု၍ အေးအေးဘဝတွင်ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များကို အချိန်ပြမျဉ်းပေါ်တွင်ထည့်သွင်းရေးသားပါ။

မအေးအေးသည် ကျေးရွာခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ သူမသည်ငယ်ရွယ်သော်လည်းသူမ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိလူများမှာ သူမကို အလွန်လေးစားကြသည်။ သူမ၏ တတိယမြောက်ကလေးအားမွေးဖွားပြီးတစ်အကြာ လွန်ခဲ့သောနှစ်နှစ်မှစ၍ ခေါင်းဆောင်ဖြစ်ခဲ့သည်။ (၁၉၉၃)တွင် အထက်တန်းပညာပြီးဆုံးပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်းတွင် ဝင်ရောက်ခဲ့သည်။ (၁၉၉၅)မှ (၁၉၉၇)အထိ တက္ကသိုလ်ပညာကိုလေ့လာခဲ့သည်။ ဘွဲ့ရပြီးနောက်တစ်နှစ်တွင် အိမ်ထောင်ပြုခဲ့သည်။ ဘွဲ့ရပြီးနောက်ပိုင်းတွင် မအေးအေးသည် အမျိုးသမီးများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် သူမ၏ဒေသမှအမျိုးသမီးများနှင့်အတူလုပ်ကိုင်ယင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်းတွင် အလွန်တက်ကြွစွာလှုပ်ရှားခဲ့သည်။ ကျေးလက်ဒေသများရှိလူများ စာတတ်မြောက်မှုမြင့်တင်ရန် စီမံကိန်းတစ်ခုကို နောက်တစ်နှစ်တွင် စတင်၍လုပ်ဆောင်ခဲ့သည်။ နှစ်ပေါင်းအနည်းငယ်ကြာသောအခါ သူမ၏ရွာမှရွာသူ၊ ရွာသားများကသူမ အားကျေးရွာခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ယခုလက်ရှိအချိန်ကာလ



(၁၉၉၃) – မအေးအေး အထက်တန်းပညာပြီးဆုံးခဲ့သည်။

# စာမေးပွဲ(၃) – ပထဝီဝင်

## လေ့ကျင့်ခန်း (၁)

**(က)**။ သင့်ပတ်ဝန်းကျင်မှ လူဖန်တီးပြုလုပ်သောအစိတ်အပိုင်းများနှင့် သဘာဝပတ်ဝန်းကျင်အစိတ်အပိုင်းများကိုစာရင်းရေးသားပြုစုပါ။

| သဘာဝပတ်ဝန်းကျင်အစိတ်အပိုင်းများ | လူဖန်တီးပြုလုပ်သောအစိတ်အပိုင်းများ |
| --- | --- |
| | |

**(ခ)**။ ထိုအစိတ်အပိုင်းနှစ်ခုမှာ တစ်ခုနှင့်တစ်ခုမည်ကဲ့သို့ အပြန်အလှန်တုံ့ပြန်အကျိုးပြုကြသနည်း။ ဥပမာသုံးခု ဖော်ပြပါ။

၁။

၂။

၃။

## လေ့ကျင့်ခန်း (၂)

မြေပုံ(က)နှင့်(ခ)ကိုလေ့လာ၍ မည်သည်တစ်ခုသည် အချိုးအကြီးခြင်းဖြစ်သည်ဟု သင်ယူဆသနည်း။ ရှင်းလင်းဖြေဆိုပါ။

က။



ခ။




# လေ့ကျင့်ခန်း (၃)

မေးခွန်းများကိုလိုရင်းတိုရှင်းဖြေဆိုပါ။

(၁)။ တောင်ကမ္ဘာခြမ်းမှ မြို့တော်သုံးခု၏အမည်များကိုဖော်ပြပါ။

(၂)။ မြောက်ကမ္ဘာခြမ်းမှ မြို့တော်သုံးခု၏အမည်များကိုဖော်ပြပါ။

(၃)။ မျဉ်းပြိုင်များသည် မည်သည်တို့နှင့်အပြိုင်သွယ်တန်းနေသနည်း။

(၄)။ မြေပုံအမျိုးအစားသုံးခုကိုစာရင်းပြုစုပါ။ ထိုမြေပုံများသည် မည်သည့်သတင်းအချက်အလက်များကိုဖော်ပြသနည်း။ ဥပမာ – သဘာဝပေါက်ပင်များပြမြေပုံ – မည်သည့်ဒေသတွင်မည်သည့်အပင်အမျိုးအစားပေါက်ရောက်သည်ကိုဖော်ပြသည်။

က)

ခ)

ဂ)

ဃ)

၅။ လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်တို့အကြားကွဲပြားခြားနားမှုများမှာမည်သည်တို့နည်း။

၆။ လူဖန်တီးတည်ဆောက်သောပတ်ဝန်းကျင်နှင့်လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်တို့အကြားကွဲပြားမှုများမှာမည်သည်တို့နည်း။

# လေ့ကျင့်ခန်း (၄)

ရာသီဥတုအမျိုးအစားတစ်ခုကိုရွေးချယ်၍ (ဥပမာ – သမပိုင်းရာသီဥတု)ထိုရာသီဥတုအကြောင်းကို ရှင်းလင်းဖော်ပြပါ။ ထိုရာသီဥတုအမျိုးအစားရှိရာဒေသများရှိပထဝီမြေမျက်နှာသွင်ပြင်ကိုဖော်ပြပါ။ ထိုနောက် ထိုရာသီဥတုနှင့်ပထဝီမြေမျက်နှာသွင်ပြင်တို့သည် အဆိုပါဒေသများရှိလူတို့များ၏ဘဝနေထိုင်ပုံကိုမည်ကဲ့သို့အကျိုးသက်ရောက်သည်ဟုသင်ထင်မြင်သည်ကိုရှင်းလင်းဖြေဆိုပါ။ ထိုအခြင်းအရာများကိုစာကြောင်းရေတစ်ဆယ်ခန့်ရေးသားပါ။

# လေ့ကျင့်ခန်း (၅)

အောက်ပါစိတ်ကူးမြေပုံတွင်ဖော်ပြထားသောရာသီဥတုအမျိုးအစားတစ်ခုစီအကြောင်းနှင့်စပ်လျဉ်း၍ သင်ဖြည့်စွက်နိုင်ငံသမျှအချက်အလက်များကိုဖြည့်စွက်ပါ။



# လေ့ကျင့်ခန်း (၆)



ပုံ (က)

ရုပ်ပုံများကိုကြည့်၍မေးခွန်းများကိုဖြေဆိုပါ။

၁။ မည်သည့်လုပတ်ဝန်းကျင်သည် ပို၍ပြုပြင်ပြောင်းလဲခဲ့ပြီနည်း။

၂။ ပုံ(က)တွင် လူများသည် သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရန်မည်ကဲ့သို့ပြောင်းလဲခဲ့ပြီနည်း။



ပုံ (ခ)

၃။ ပုံ(ခ)တွင်မှုမည်ကဲ့သို့ပြောင်းလဲခဲ့ပြီနည်း။

၄။ ပုံ(က)နှင့်(ခ)နှစ်ခုတွင်မြင်တွေ့ရသော သဘာဝပတ်ဝန်းကျင်တွင်လူဖန်တီးပြုလုပ်သော အစိတ်အပိုင်းများကို စာရင်းပြုစုပါ။

၅။ ပုံ(က)နှင့်(ခ)တို့ကိုလေ့လာ၍ ထိုပတ်ဝန်းကျင်တွင်မည်သည့်ရာသီဥတုမျိုးဖြစ်မည်ဟုသင်ယူဆသနည်း။ သင်၏အဖြေကိုရှင်းလင်းဖြေဆိုပါ။

# စာမေးပွဲ(၄) – စီပွားရေး
# လေ့ကျင့်ခန်း (၁)

စာပိုဒ်ကိုဖတ်ကြားပြီး ရောင်းလိုအားနှင့် ဝယ်လိုအားဥပဒေကို အသုံးပြု၍ ရှင်းလင်းဖြေဆိုပါ။

| |
|---|
| ဦးလွင်မှာ ထီးရောင်းသူတစ်ဦးဖြစ်သည်။ သူ့စီးပွားရေးမှာမိုးရာသီတွင်အလွန်ဝင်ငွေရှိသည်။ လူတိုင်းထီး ဝယ်ယူလိုကြ၍ သူ၏ထီးများအတွက် ဈေးကောင်းရရှိသည်။ သို့သော် ဆောင်းရာသီတွင် မည်သည့်ထီးမှ မရောင်းချရပေ။ ထီးကို တစ်စုံတစ်ယောက်မှ မလိုအပ်တော့ပေ။ ထိုကြောင့်ထီးအစား ကုတ်အင်္ကျီများ သာ ရောင်းချသည်။ |

## လေ့ကျင့်ခန်း (၂)

မေးခွန်းများကိုလိုရင်းတိုရှင်းဖြေဆိုပါ။

၁။ ကုန်စည်ဥပမာသုံးခုနှင့်ဝန်ဆောင်မှုဥပမာသုံးခုပေးပါ။

**ကုန်စည်များ –** **ဝန်ဆောင်မှုများ –**

၂။ သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်အများအားဖြင့်အသုံးပြုသောတိုက်ရိုက်ဖလှယ်သည့်ဥပမာပုံစံ သုံးမျိုးဖော်ပြပါ။

၃။ ငွေကြေးကိုသင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်မည်ကဲ့သို့အသုံးပြုပုံဥပမာသုံးခုဖော်ပြပါ။

၄။ မည်သည့်စီးပွားရေးစနစ်သည်သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက်ကောင်းမွန်မည်ဟုသင်ယူဆ သနည်း – ငွေကြေးစနစ်၊ တိုက်ရိုက်ဖလှယ်သည့်စနစ် သို့မဟုတ် ထိုစနစ်နှစ်ခုပေါင်းစပ်ထားသောစနစ်။ အကြောင်းပြချက်ဖြင့်ဖြေဆိုပါ။

## လေ့ကျင့်ခန်း (၃)

စာပိုဒ်ကိုဖတ်ကြား၍ ကုန်စည်၊ ဝန်ဆောင်မှုနှင့်ငွေကြေးတို့အပြန်အလှန်လှဲလှယ်မှုပြဇယားတစ်ခုရေး ဆွဲပါ။

| |
|---|
| တင်တင်သည် စက်ရုံတစ်ရုံတွင်အလုပ်လုပ်၍ တစ်ရက်လျှင်(၂၀၀၀)ကျပ်ရရှိသည်။ သူမရရှိသောထိုဝင်ငွေ ဖြင့် သူမမိသားစုအတွက်ဟင်းသီးဟင်းရွက်အချို့သို့မဟုတ်ငါးဝယ်ယူလေ့ရှိသည်။ တခါတရံတွင်အသား ဝယ်လေ့ရှိသည်။ သူမ၏သမီးကျောင်းဝတ်စုံအတွက်လည်းဝင်ငွေအချို့စုဆောင်းလေ့ရှိသည်။ |

# စာမေးပွဲ(၅) – နိုင်ငံရေး

# လေ့ကျင့်ခန်း (၁)

မေးခွန်းများကိုဖြေဆိုပါ။

၁။ မတူညီသောအစိုးရပုံစံ အနည်းဆုံးသုံးခုစာရင်းပြုစု၍ ပုံစံတစ်ခုစီအတွက် အနည်းဆုံး ဥပမာနိုင်ငံတစ်နိုင်ငံဖော်ပြပါ။

က)

ခ)

ဂ)

၂။ မည်သည်တို့ကိုသင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှခေါင်းဆောင်များလုပ်ဆောင်သနည်း။

၃။ အစိုးရတစ်ခုသည် ၎င်း၏အာဏာကိုရရှိနိုင်သောမတူညီသောနည်းလမ်းများမှာမည်သည်တို့နည်း။

၄။ နိုင်ငံရေးသည် မည်သည်ကိုလေ့လာခြင်းဖြစ်သနည်း။

၅။ အကယ်၍သင်လူအဖွဲ့အစည်းကိုလေ့လာလိုလျှင် မည်သည့်ခေါင်းစဉ်များပါဝင်သင့်သနည်း။ အနည်းဆုံးခေါင်းစဉ်ငါးခုခန့်ဖော်ပြပါ။ ဥပမာ – *မိသားစု*

၆။ ဘုရင်နှင့်သမ္မတ(သို့)ဝန်ကြီးချုပ်တို့အကြား ကွဲပြားမှုမှာအဘယ်နည်း။

၇။ သင့်လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်များမည်ကဲ့သို့သူတို့အာဏာကိုရရှိသနည်း။

# လေ့ကျင့်ခန်း (၂)

၁။ လက်ဝဲဘက်ရှိသရုပ်ဖော်ရေးသားချက်များကို လက်ယာဘက်ရှိလူ့အဖွဲ့အစည်းအမျိုးအစားများ နှင့်ယှဉ်တွဲပါ။

| | | |
|---|---|---|
| (က)။ | သဘာဝသယံဇာတများကို မျှဝေအသုံးပြု၍ အတူတကွ အမဲလိုက်သော အနည်းငယ်သော မိသားစု။ တခါတရံ အစား အသောက် ရှာဖွေရန် တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့လေ့ရှိသည်။ | အမျိုးသားနိုင်ငံ |
| (ခ)။ | တူညီသောဘာသာစကားနှင့် ယဉ်ကျေးမှုတို့ရှိသောလူမျိုးအုပ်စု။ နယ်မြေဒေသကြီးတစ်ခုတွင် ပျံ့နှံ့နေထိုင်၍ တူညီဘိုးဘေးဘီဘင်မှ ဆင်းသက်လာသည်။ | လူမျိုးငယ်စု |
| (ဂ)။ | များစွာသော ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများ၊ ကိုးကွယ်သည့်ဘာသာများရှိ၍ တိုင်းရင်းသားလူမျိုးစုများ နေထိုင်သောနိုင်ငံများ။<br>ထိုနိုင်ငံများတွင်ပြည်သူများကိုအစိုးရမှအုပ်ချုပ်သည်။ | တိုင်းရင်းသားလူမျိုးစု |

၂။ အထက်ပါလူ့အဖွဲ့အစည်းတစ်ခုစီအတွက်အနည်းဆုံးဥပမာတစ်ခုအဖြေပေးပါ။

လူမျိုးငယ်စု –

တိုင်းရင်းသားလူမျိုးစု –

အမျိုးသားနိုင်ငံ –

# စာမေးပွဲအဖြေများ

## စာမေးပွဲ(၁) – ဖွံ့ဖြိုးတိုးတက်မှု

### လေ့ကျင့်ခန်း (၁)

က။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၂။ **စီးပွားရေး** – သူမတို့ရွာအနီးတဝိုက်ရှိတောများကိုခုတ်လှဲသစ်ထုတ်လုပ်ရောင်းချခဲ့သည်။

၃။ **လူမှုရေး** – မြောက်မြားစွာသောလူများလောင်းကစားရုံသို့သွား၍ရောင်လောင်းကစားကြသည်။

၄။ **လူမှုရေး** – ကွန်မြူနစ်ခမာရူးများတိုက်ခိုက်ခြင်းရပ်စဲသွားခဲ့သည်။

ခ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၂။ **စီးပွားရေး –** ပြောင်းရွှေ့ခြင်းခံရသောလူများမှာ ယခင်ကကဲ့သို့မြစ်သို့မဟုတ်တောတောင်များမှ အစားအစာများမရရှိတော့သဖြင့် ပို၍ဆင်းရဲလာကြသည်။ နေ့စဉ်အလုပ်သမားအဖြစ်မြို့သို့သွား၍ အလုပ်လုပ်ကိုင်နေရသည်။

၃။ **လူမှုရေး –** သီးခြားကျေးလက်ဒေသတွင်မနေထိုင်ရတော့ဘဲ မြို့ကြီးများနှင့်ထိတွေ့လာရသည့်အတွက် သောက်စားခြင်း သို့မဟုတ် လောင်းကစားခြင်း သို့မဟုတ် ယဉ်ကျေးမှုများပုံစံအမျိုးမျိုး ပြောင်းလဲလာခြင်း စသည့်ပြဿနာများကို သူတို့၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းသို့ သယ်ဆောင်လာနိုင်သည်။

၄။ **လူမှုရေး –** သူတို့နှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသောယဉ်ကျေးမှုနှင့်ဘာသာစကားများမတူညီသူများနှင့် အလုပ်လုပ်ကိုင်ကြရသည်။

ဂ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

ဃ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

မေလင်းနှင့်အခြားအလုပ်သမားများမှာ ဖြေရှင်းရန်အလွန်ခက်ခဲသောစိုးရိမ်ရသောပြဿနာများနှင့်ရင်ဆိုင်နေရသည်။ ဤနေရာတွင် အကူအညီဖြစ်ကောင်းဖြစ်နိုင်သော အကြံဉာဏ်အချို့ကို ပေးထားသည်။မြို့ထဲမှဆေးခန်းတွင် လူနာထံသို့လာရောက်ကုသပေးသောအစီအစဉ်များရှိကောင်းရှိနိုင်သည်။ ထိုကြောင့်ဆရာဝန်များမှာလယ်ကွင်းသို့လာရောက်၍အလုပ်သမားများအားကုသပေးနိုင်လိမ့်မည်။ အလုပ်သမားများအတူတကွဆုံးဖြတ်ပြီး ၄င်းတို့ထဲမှာတစ်ယောက် (သို့) နှစ်ယောက်ကို ဆေးခန်းနှင့် အဆက်အသွယ်ပြုလုပ်ရန်စေလွှတ်ပြီး သူတို့ပြဿနာများကို ရှင်းပြရန်လိုအပ်သည်။ အကာအကွယ်ပေးသော အဝတ်အထည်များနှင့် မျက်နှာဖုံးများဝယ်ယူပေးရန်အတွက် သူတို့၏အလုပ်ရှင်အားတိုက်တွန်းရန် နည်းလမ်းတစ်ခု ကြံစည်စဉ်းစား၍ ရရှိကောင်းရရှိနိုင်သည်။

# လေ့ကျင့်ခန်း (၂)

**အဖြေများ –**

| ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ | ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ |
|---|---|
| စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ | တောင်ကမ္ဘာခြမ်း |
| မြောက်ကမ္ဘာခြမ်း | တတိယကမ္ဘာနိုင်ငံများ |
| အနောက်နိုင်ငံများ | ဆင်းရဲသောနိုင်ငံများ |

# လေ့ကျင့်ခန်း (၃)

**အဖြေများ –**

၁။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

၂။ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု

၃။ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု

၄။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

## လေ့ကျင့်ခန်း (၄)

အဖြေများ –

၁။ ခ

၂။ ခ

၃။ ဂ

၄။ ဂ

## လေ့ကျင့်ခန်း (၅)

(က)။ အာဖဂန်နစ်စတန်၊ မြန်မာ၊ တရုတ်၊ မလေးရှား၊ ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်

(ခ)။ အာဖဂန်နစ်စတန်

(ဂ)။ အာဖဂန်နစ်စတန်

(ဃ)။ အမေရိကန်

(င)။ ဟက်တာ (၃)ဟက်တာ

(စ)။ ၄

(ဆ)။ ဂျပန် – ၄င်း၏ဂျီဒီပီသည် ဩစတြေးလျနိုင်ငံ၏ဂျီဒီပီနီးပါးရှိသည်။ သို့ရာတွင် ဂျပန်နိုင်ငံ၏ဂေဟဗေဒဆိုင်ရာအချက်အလက်မှာ ဩစတြေးလျနိုင်ငံထက်များစွာနိမ့်ကျသည်။ (၄.၃)ဟက်တာသာလျှင်ဖြစ်၍ မလေးရှားနိုင်ငံထက်အနည်းငယ်ပို၍များသည်။

# စာမေးပွဲ(၂) သမိုင်း

## လေ့ကျင့်ခန်း (၁)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ သတင်းများ၊ တီဗွီ၊ မှတ်တမ်းများ၊ စာများ၊ ပေးစာများ၊ စွယ်စုံကျမ်းများ၊ မော်ကွန်းများ၊ အဆောက်အဦးဟောင်းများ၊ ဓါတ်ပုံများစသည်ဖြင့်။

၂။ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျူးဘာသာ၊ တရုတ်ပြက္ခဒိန်

၃။ **ခရစ်ယာန်ဘာသာ** – ယေရှုခရစ်တော်အားမွေးဖွားချိန်၊ **ဗုဒ္ဓဘာသာ** – ဗုဒ္ဓဘုရားအားဖွားမြင်ချိန်၊ **အစ္စလမ်ဘာသာ** – တမန်တော်မိုဟာမတ်မက်ကာမှာမတ်ဒီနာသို့သွားရောက်ချိန်၊ **တရုတ်ပြက္ခဒိန်** – ပြက္ခဒိန်ကိုစတင်တီထွင်သောခုနှစ်၊ **ဂျူးဘာသာပြက္ခဒိန် –** ကမ္ဘာမြေကြီးကိုစတင်ဖန်ဆင်းချိန်။

## လေ့ကျင့်ခန်း (၂)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

(က)။ (၁၉၄၇)ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်။ (၁၉၃၉)ခုနှစ်တွင် ဒုတိယကမ္ဘာစစ်စတင်ခဲ့သည်။
(ခ)။ လွန်ခဲ့သောနှစ်ပေါင်း(၂၀)ကပင် (HIV/AIDS)ခုခံအားကျဆင်းမှုရောဂါမှာ ကြီးမားသောကမ္ဘာ့ပြနာကြီးတစ်ခုဖြစ်လာခဲ့သည်။ (၂၀)ရာစု၏အစပိုင်းကာလတွင် လေယာဉ်ပျံကိုစတင်တီထွင်ခဲ့သည်။
(ဂ)။ မော်စီတုန်း၊ ဗိုလ်လက်ျာ

# လေ့ကျင့်ခန်း (၃)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

အောက်ပါအချက်အလက်အရင်းအမြစ်များကို သုံးသပ်ပါ။ ဤအချက်အလက်အရင်းအမြစ်များမှာ မည်မျှ ယုံကြည်စိတ်ချရမည်နည်း။ ဤသတင်းစာသည် ဝန်ကြီးချုပ်ဟောင်းကို ဆန့်ကျင်သောသတင်းများမကြာခဏရေးသားခဲ့ပါသလား။ ဤသတင်းစာတိုက်ကို ဝန်ကြီးချုပ်ဟောင်းအား ဆန့်ကျင်သူများကစီမံခန့်ခွဲပါသလား။ ဝန်ကြီးချုပ်ဟောင်း၏ဇနီးမှာ ရိုးသားမှုရှိပါသလား။ ဝန်ကြီးချုပ်ဟောင်းတာဝန်ထမ်းဆောင်ခဲ့စဉ်က သူ့မမှာငွေကြေးအမြောက်အများရှိခဲ့ပါသလား။

အခြားသောအရင်းအမြစ်များကိုလည်း လေ့လာသုံးသပ်ပါ။ ဒုတိယဝန်ကြီးချုပ်ဟောင်း၏ ဘဝအကြောင်းကို သိရှိသောသူတစ်ယောက်ကို လိုက်လံရှာဖွေပါ။ ဝန်ကြီးချုပ်ဟောင်းဘဏ္ဍာငွေများကိုခိုးယူခဲ့သည်ဟုအခြားသူများပြောဆိုကြပါသလား သို့မဟုတ် ထိုသတင်းစာတွင်သာရေးသားဖော်ပြခြင်းဖြစ်ပါသလား။ ဒုတိယဝန်ကြီးချုပ်ဟောင်းခိုးယူခဲ့သည်ဟု အခြားသူများပြောဆိုကြပါသလား။ ဤဒုတိယဝန်ကြီးချုပ်ဟောင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ရှာဖွေပါ။

# လေ့ကျင့်ခန်း (၄)

**အဖြေများ –**

**၁၉၈၃** – အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်းတွင်ဝင်ရောက်သည်။
**၁၉၈၅** – **၁၉၈၇** – တက္ကသိုလ်တွင်ပညာဆေးပူးလေ့လာခဲ့သည်။
**၁၉၈၈** – အိမ်ထောင်ကျခဲ့သည်။
**၁၉၈၇ (သို့) ၁၉၈၈ နောက်ပိုင်း** – သူမ၏ဒေသရှိအမျိုးသမီးများ၏အခြေအနေဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့်အတူလုပ်ကိုင်ခဲ့သည်။
**၁၉၈၈** – ကျေးလက်ပညာရေးစီမံကိန်းကိုစတင်ခဲ့သည်။
(လွန်ခဲ့သောသုံးနှစ် – ထိုခုနှစ်သည် ယခုမည်သည့်ခုနှစ်ဖြစ်သည်အပေါ်တွင်မူတည်သည်) – တတိယမြောက်ကလေးကိုမွေးဖွားခဲ့သည်။
(လွန်ခဲ့သောနှစ်နှစ် – ထိုခုနှစ်သည် ယခုမည်သည့်ခုနှစ်ဖြစ်သည်အပေါ်တွင်မူတည်သည်) – ကျေးရွာခေါင်းဆောင်ဖြစ်လာခဲ့သည်။

# စာမေးပွဲ(၃) – ပထဝီဝင်

# လေ့ကျင့်ခန်း (၁)

(က)။ ဖြစ်နိုင်ခြေရှိသောအဖြေများ –

**လူဖန်တီးပြုလုပ်သောအစိတ်အပိုင်းများ –** ကျောင်းများ၊ ဆိုင်များ၊ အိမ်များ၊ ရေစုပ်စက်၊ လမ်းများ၊ လူများ၊ ခြံစည်းရိုးများ၊ လျှပ်စစ်ဓါတ်အားပေးစက်မှမီးခိုးများ၊ တေးဂီတ၊ ဘာသာတရား၊ ပညာရေး၊

လျှပ်စစ်မီး၊ မိသားစုများ စသည်ဖြင့်။

**သဘာဝပတ်ဝန်းကျင်အစိတ်အပိုင်းများ** – လေ၊ စမ်းချောင်း၊ သစ်ပင်များ၊ ရေကန်၊ တောင်တန်း၊ တောပန်းများ၊ မြွေများ၊ ကျောက်ဆောင်များစသည်ဖြင့်။

**ခ။ ဖြစ်နိုင်ခြေရှိသောအဖြေများ** –

၁။ လူများသစ်ပင်များကိုခုတ်လှဲကြသည်။

၂။ လျှပ်စစ်ဓါတ်အားပေးစက်မှမီးခိုးများကြောင့်လေထုကိုညစ်ညမ်းစေသည်။

၃။ လူများမြစ်ထဲတွင်ငါးများနိုင်သည်။

# လေ့ကျင့်ခန်း (၂)

**ဖြစ်နိုင်ခြေရှိသောအဖြေများ** –

မြေပုံ(ခ)သည် စကေးအကြီးဖြင့် ရေးဆွဲထားသော မြေပုံဖြစ်သည်။ မြေပုံ(က)နှင့်(ခ)တို့၏စာရွက်ပေါ်မှ အရွယ်အစားသည် အနီးဆုံးတူညီသည်။ သို့သော်မြေပုံ(က)သည် ပို၍ကြီးမားသောဧရိယာ – အရှေ့တောင်အာရှ၏မြေပုံကိုဖော်ပြသည်။ မြေပုံ(ခ)သည် နိုင်ငံအချို့ကိုသာဖော်ပြသည်။

# လေ့ကျင့်ခန်း (၃)

**ဖြစ်နိုင်ခြေရှိသောအဖြေများ** –

၁။ ဘိုင်နာ(စ်)အစ်ရီး(**Buenos Aires**)၊ ကပ်(ဖ်)မြို့(**Cape Town**)၊ ဆီဒနီ(**Sydney**)

၂။ ပဲရစ်(**Paris**)၊ ရန်ကုန်၊ တိုကျို

၃။ မျဉ်းပြိုင်များသည် အခြားမျဉ်းပြိုင်များနှင့်အတူအပြိုင်သွယ်တန်းနေသည်။

၄။ သဘာဝပေါက်ပင်များပြမြေပုံ – မည်သည့်ဒေသများတွင်မည်သည့်အပင်များပေါက်ရောက်သည်ကိုဖော်ပြသည်။

နိုင်ငံရေးမြေပုံ – နိုင်ငံများ၏နယ်နိမိတ်ကိုဖော်ပြသည်။

သဘာဝမြေမျက်နှာသွင်ပြင်ပြမြေပုံ – တောင်တန်းများ၊ မြစ်များ၊ သမုဒ္ဒရာများ၊ တိုက်ကြီးများကဲ့သို့သဘာဝမြေမျက်နှာသွင်ပြင်ပုံသဏ္ဌာန်များကိုဖော်ပြသည်။

၅။ လူဖန်တီးသောပတ်ဝန်းကျင်တွင် လူနှင့်လူဖန်းတီးသောအရာဝတ္ထုများနှင့်လူတို့ကြောင့်ဖြစ်ပေါ်လာသောအရာဝတ္ထုအားလုံးပါဝင်သည်(၄င်းတွင် သဘာဝအစိတ်အပိုင်းတစ်ခုအဖြစ်လူများလည်းပါဝင်သည်)။

၆။ လူဖန်းတီးပြုလုပ်သောပတ်ဝန်းကျင်တွင် လမ်းများ၊ စက်များနှင့်အဆောက်အဦးများကဲ့သို့လူဖန်တီးသောအရာများပါဝင်သည်။ လူမှုပတ်ဝန်းကျင်သည် လူများသူတို့၏ဘဝမည်ကဲ့သို့စနစ်တကျစုစည်းဖွဲ့စည်းသည်ဆိုသည့်အကြောင်းဖြစ်သည်။ သို့ရာတွင်သင့်အနေဖြင့်ထိုလူမှုပတ်ဝန်းကျင်ဆိုသည်ကို မမြင်နိုင်သို့မဟုတ်မထိတွေ့နိုင်ပေ။ ၄င်းတွင် ယဉ်ကျေးမှု၊ ပညာရေး၊ ဘာသာရေး၊ မိသားစု၊ မိတ်ဆွေများစသည်ဖြင့်ပါဝင်သည်။

# လေ့ကျင့်ခန်း (၄)

ကျောင်းသူ၊ ကျောင်းသားများသူတို့လေ့လာခဲ့သော ရာသီဥတုများ – အပူပိုင်းဒေသရာသီဥတု၊ ခြောက်သွေ့ရာသီဥတု၊ မျှတသောရာသီဥတု၊ သမပိုင်းရာသီဥတု၊ ဝင်ရိုးစွန်းရာသီဥတုနှင့် ဒေါင်လိုက်ရာသီဥတုများထဲမှ ရာသီဥတုအမျိုးအစားတစ်ခုကို ရွေးချယ်ပါ။ သူတို့၏အဖြေများတွင် အချက်အလက်သုံးမျိုးသုံးစားပါဝင်သင့်သည် – အပူချိန်၊ မိုးရေချိန်နှင့် စိုထိုင်းဆကဲ့သို့သော ရာသီဥတု ၏အင်္ဂါရပ်များကိုရေးသားဖော်ပြရမည်။ သဘာဝပေါက်ပင်အမျိုးအစားများနှင့် တောင်ကုန်းတောင်တန်းထူထပ်သောဒေသဖြစ်သည်(သို့)ပြန့်ပြူးသော မြက်ခင်းပြင်ကြီးများတည်ရှိသည် စသည်ဖြင့် သဘာဝမြေမျက်

နာသွင်ပြင်ကိုရှင်းလင်းဖော်ပြရမည်။ ၄င်းနောက် ထိုဒေသတွင်နေထိုင်သောလူတို့၏နေပုံထိုင်ပုံများကို ထိုရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်တို့က မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိသည်ဆိုသည်ကို ရှင်းလင်းဖြေဆိုရမည်။ ဤနောက်ဆုံးအပိုင်းတွင် တကယ့်ဥပမာများ (နှင့်/သို့မဟုတ်) သဘာဝကျသောမှန်းဆချက်များကိုအသုံးပြုနိုင်သည်။

## လေ့ကျင့်ခန်း (၅)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**



## လေ့ကျင့်ခန်း (၆)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ ရုပ်ပုံ(ခ)

၂။ ၄င်းနေရာရှိရာသီဥတုနှင့်သင့်လျော်သောပေါ့ပါးသော အဝတ်အစားများကိုဝတ်ဆင်ကြသည်။ အိမ်များဆောက်လုပ်ရန်ဒေသတွင်းသဘာဝသယံဇာတများအားသုံးစွဲသည်။

၃။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ပြောင်းလဲရန်ထက် သူတို့၏လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပတ်ဝန်းကျင်ကိုသူတို့များစွာပြောင်းလဲလိုက်ပြီးဖြစ်သည်။ လမ်းများ၊ အဆောက်အဦးများနှင့် မြောက်များစွာသောကားများကို တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ဤအရာများကိုတည်ဆောက်ရန် မြောက်များစွာသောအပင်များကို ခုတ်လှဲခဲ့သည်။ သို့ရာတွင်ချမ်းအေးသောရာသီဥတုတွင်နေထိုင်သည့်အတွက် အနွေးထည်များကိုဝတ်ဆင်ကြရသည်။ ၄င်းအပြင်ဆောင်းရာသီမှကာကွယ်ရန် ခိုင်ခန့်သောအိမ်များနှင့် အဆောက်အဦးများကိုလည်း ဆောက်လုပ်ကြရသည်။

၄။ (က) – လူများ၊ အိမ်၊ ပလက်စတစ်ပြား

( ခ) – လူများ၊ လမ်းများ၊ ကားများ၊ အဆောက်အအုံကြီးများ၊ လူသွားစင်္ကြံများ၊ မီးပွင့်များ၊ ဈေးဆိုင်များ၊ လမ်းဘေးဆိုင်းဘုတ်များစသည်ဖြင့်။

၅။ (က) – လူများမှာပေါ့ပါးသောအဝတ်အစားများကိုဝတ်ဆင်ထားကြသည့်အတွက် ပူပြင်းခြောက်သွေ့သောရာသီဥတုဖြစ်ဟန်တူသည်။

( ခ) – လူများမှာအနွေးထည်များကိုဝတ်ဆင်ထားကြသည့်အတွက် အေးမြသောရာသီဥတုဖြစ်ဟန်တူသည်။

# စာမေးပွဲ(၄) – စီးပွားရေး

## လေ့ကျင့်ခန်း (၁)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

မိုးရာသီတွင် ထီးဝယ်လိုအားများမှာမြင့်မားသည့်အတွက် ဈေးနှုန်းမြင့်တက်လေ့ရှိသည်။ ဆောင်းရာသီတွင် ထီးဝယ်လိုအားမှာနိမ့်ကျသွားသည်။ ရောင်းလိုအားများ၍ ဝယ်လိုအားနိမ့်ကျသည့်အချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိသည်။ သို့သော် ဆောင်းရာသီတွင် ကုတ်အင်္ကျီဝယ်လိုအားများလာသည့်အတွက် ဈေးနှုန်းလည်း မြင့်တက်လာသည်။

## လေ့ကျင့်ခန်း (၂)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ **ကုန်စည်** – စာအုပ်၊ သဘော်သီး၊ မော်တော်ဆိုင်ကယ်

**ဝန်ဆောင်မှု** – တစ်စုံတစ်ယောက်က သင့်အားဆံပင်ညှပ်ပေးသည်၊ ဆရာ/ဆရာမတစ်ယောက်က သင့်အား စာသင်ကြားပေးသည်၊ တစ်ယောက်ယောက်က သင့်အား ညနေစာချက်ပြုပ်ပေးသည်။

၂။ တစ်စုံတစ်ယောက်က ဝက်သားအချို့ကိုပျားရည်တစ်ပုလင်းနှင့် လဲလှယ်ခဲ့သည်။

သင်သည် တစ်စုံတစ်ဦးအား အင်္ဂလိပ်စာကူညီရှင်းပြပေး၍ ထိုသူမှ သင်၏စက်ဘီးကို ပြုပြင်ပေးသည်။

သင့်မိသားစုက ကျေးရွာစာသင်ကျောင်းမှဆရာ/ဆရာမအား သူတို့ခြံဝင်းအတွင်းရှိ လွတ်နေသာ အိမ်တွင်နေခွင့်ပေး၍ ထိုဆရာ/ဆရာမမှ သင်ထံမှကျောင်းလခမတောင်းခံပေ။

၃။ ဈေးမှဟင်းသီးဟင်းရွက်ဝယ်ယူခြင်း၊ ဗီဒီယိုကြည့်ရှုခပေးခြင်း၊ ဆရာဝန်အားဆေးကုသခပေးခြင်း။

၄။ ကျောင်းသူ၊ ကျောင်းသားများမည်သည့်စနစ်ကိုနှစ်သက်၍ အဘယ်ကြောင့် ထိုစနစ်ကိုနှစ်သက်သည် ကိုရှင်းလင်းပါ။ သူတို့ရွေးချယ်သောစနစ်၏ အကျိုးကျေးဇူးနှင့် အခြားစနစ်နှစ်ခု၏ ဆိုးကျိုးအားနည်းချက်များကိုရှင်းလင်းပြောဆိုသင့်သည်။

## လေ့ကျင့်ခန်း (၃)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

ယခုရုပ်ပုံနှင့်အလားသဏ္ဌာန်တူသော ရုပ်ပုံများမှာကျောင်းသားသုံးစာအုပ်(စာမျက်နှာ ၅၈)တွင်ပါရှိ သည်။

# စားမေးပွဲ (၅) – နိုင်ငံရေး

## လေ့ကျင့်ခန်း (၁)

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၁။ က) ရုရှား – ရွေးကောက်တင်မြောက်ခံအစိုးရ (သမ္မတစနစ် – သမ္မတကို ပြည်သူလူထုမှ မဲပေးတင်မြောက်သည်။)

ခ) ဆွီဒင် – ရွေးကောက်တင်မြောက်ခံအစိုးရနှင့်အတူစည်းမျဉ်းခံဘုရင်စနစ်

ဂ) ဆူဒန် – စစ်အစိုးရ

၂။ အဖြေမှာပတ်ဝန်းကျင်အသိုင်းအဝိုင်းပေါ်တွင်မူတည်သည်။

၃။ ရွေးကောက်တင်မြောက်ခံရ၍အာဏာရရှိလာနိုင်သည်။စစ်အင်အားကိုအသုံးပြု၍အာဏာကိုသိမ်းပိုက်နိုင်သည်။ ဘုရင်တစ်ပါးသည် သူ၏ဆွေစဉ်မျိုးဆက်ထံမှ အာဏာကို အမွေဆက်ခံရရှိနိုင်သည်။

၄။ နိုင်ငံရေးသည်အာဏာကိုလေ့လာခြင်းဖြစ်သည် – မည်သူတွင်အာဏာရှိ၍ ထိုအာဏာကိုမည်ကဲ့သို့အသုံးပြုသည်။ အာဏာအရေးပါသောအစိတ်အပိုင်းတစ်ခုမှာ အစိုးရများနှင့်ထိုအစိုးရများအုပ်ချုပ်သောပြည်သူတို့ဖြစ်သည်။

၅။ သမိုင်း၊ ပထဝီ၊ ပြည်သူ၊ အသိုင်းအဝိုင်း၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဘာသာစကား စသည်ဖြင့်။

၆။ ဘုရင်/ဘုရင်မသည် သူ/သူမ၏အာဏာကိုအမွေဆက်ခံရရှိသည်။ သမ္မတတစ်ယောက်သို့မဟုတ်ဝန်ကြီးချုပ်တစ်ယောက်ကို ပြည်သူလူထုမှလည်းကောင်း၊ အခြားအစိုးရအဖွဲ့ဝင်များမှသော်လည်းကောင်း၊ သို့မဟုတ် ရွေးကောက်ပွဲအနိုင်ရရှိသောပါတီမှ ခန့်ထားသော်လည်းကောင်း အာဏာရရှိသည်။

၇။ အဖြေမှာကျောင်းသူ၊ ကျောင်းသားများ မည်သည့်ခေါင်းဆောင်အကြောင်းကို ရေးသားသည်အပေါ်တွင် မူတည်သည်။

၈။ ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းတွင် အရက်သောက်သုံးခြင်းသည်ဥပဒေကိုဆန့်ကျင်ခြင်းဖြစ်သည်။ ဤဥပဒေကိုဘာသာခေါင်းဆောင်များမှချမှတ်ခဲ့သည်။ ဤလူ့အသိုင်းအဝိုင်းထဲမှလူများမှာ ထိုဘာသာအစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း အဆိုပါဥပဒေချမှတ်ရာတွင် ပါဝင်ရန်အခွင့်အရေးမရှိခဲ့ပေ။

## လေ့ကျင့်ခန်း (၂)

**အဖြေများ –**

၁။ က) လူမျိုးငယ်စု

ခ) တိုင်းရင်းလူမျိုးစု

ဂ) အမျိုးသားနိုင်ငံ

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

၂။ **လူမျိုးငယ်စု** – တောင်အာဖရိကမှခွင်လူမျိုးများ

**တိုင်းရင်းသားလူမျိုးစု** – မွှင်တိုင်းရင်းသားများ

**အမျိုးသားနိုင်ငံ** – တရုတ်နိုင်ငံ